Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# တစ်လအတွင်း မြန်မာ့သတင်း [၂၀၁၀ ခုနှစ်၊ ဇူလိုင်လ]

## ဇူလိုင်လ (၁) ရက်

- မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်နေသည့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် နောက်ဆက်တွဲသတင်း များ ဖော်ပြနေသည့် ပြည်တွင်းဂျာနယ်များအပေါ် စာပေစိစစ်ရေးက ပိုမိုကန့်သတ်မှုများ ပြုလုပ်လာကြောင်း အပတ်စဉ်ထုတ်ပြည်တွင်းဂျာနယ် အယ်ဒီတာတဦးက ပြောသည်။ (NEJ 010710)
- ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေဆိပ်အခွန်အဖြစ် ဖြတ်သန်းခ (၅၀၀) ကျပ် ကောက်ခံ နေသည်ကို ဇူလိုင် (၁) ရက်နေ့မှစ၍ (၃,၀၀၀) ကျပ် တိုးမြှင့်ကောက်ခံသွားတော့မည်ဟု လေကြောင်းပို့ဆောင်ရေးကော်မတီမှဆိုသည်။ (NEJ 010710)
- မလေးရှားနိုင်ငံတွင် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးတဦးအား ခြံအလုပ်သမား မြန်မာတဦးနှင့် အပေါင်းအဖော်တို့က ဖမ်းဆီးပြန်ပေးဆွဲခဲ့သဖြင့် မလေးရှားရင်းဂစ် (၂၈,၀၀၀) ဖြင့် ပြန်လည်ရွေးယူခဲ့ရကြောင်း ဇူလိုင်လ ၁ ရက်နေ့ထုတ် The Star သတင်းစာတွင် ဖော်ပြထားသည်။ (NEJ 010710)
- စစ်ကိုင်းတိုင်း ကလေးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရွေးကောက်ပွဲ ရန်ပုံငွေဟုဆိုကာ ငွေများ ကောက်ခံခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (USDA) အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်ရရှိရေး ဝန်ဆောင်မှုများ စတင်ပြုလုပ်နေကြောင်း ဒေသခံများကဆိုသည်။ (Irrawaddy 010710)
- နှစ်ပေါင်းများစွာအတွင်း အမြင့်ဆုံးစံချိန်တင်သွားသော ပြည်တွင်းရွှေဈေးကျဆင်းစေရေးအတွက် စစ်အစိုးရက ရွှေကုန်သည်များကို ဖိအားပေးလျက်ရှိကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ ကုန်သည်တစ်ဦးကအတည်ပြုပြောသည်။ (Irrawaddy 010710)
- သျှမ်းပြည်မြောက်ပိုင်း၊ နမ့်ခမ်းမြို့တွင် မူးယစ်ရဲအပါအဝင် နအဖအရာရှိများ လာဘ်စားမှုကြောင့် မူးယစ် ဆေးဝါးလက်လီလက်ကား ရောင်းဝယ်သူများအား အရေးယူခြင်းမရှိပဲ မူးယစ်ဆေးဝါးများ လှိုင်လှိုင် ဖြန့်ဖြူးလျက်ရှိကြောင်း နမ့်ခမ်းမြို့ခံ တစ်ဦးက ပြောသည်။ (S.H.A.N 010710)
- မေလနောင်းပိုင်းက တရားဝင်နိုင်ငံရေးပါတီဖြစ်လာသည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် PNO ပါတီ ဇွန်လလယ်ပိုင်းကစ၍ မဲဆွယ်စည်းရုံးရေးဆင်းစဉ် အမိန့်အာဏာသုံးသဖြင့် ဒေသခံလူထု မကျေမနပ်ဖြစ်နေကြကြောင်း တာချီလိတ်ရောက်ပအိုဝ်း လူငယ်တစ်ဦးက ပြောသည်။ (S.H.A.N 010710)
- ကချင်ပြည်နယ် မြစ်ဆုံရေကာတာ စီမံကိန်းအနီးတဝိုက်ပန်းကျင်တွင် ရွှေတူးဖော်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီးနောက် မူးယစ်ဆေးဝါးသုံးစွဲမှု များလာသောကြောင့် ဆေးထိုးအပ်များ အရောင်းသွက် နေသည့် ဒေသခံဈေးဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦးက ပြောသည်။ (KNG 010710)
- ကချင်ပြည်နယ် စည်းလုံးညီညွတ်ရေး ဒီမိုကရေစီပါတီ (UDPKS) သည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံတွင် ပါတီမှတ်ပုံတင်ရန်အတွက် နေပြည်တော်သို့ ဇွန်လ ၁ ရက်နေ့တွင် ရောက်ရှိမည် ဖြစ်သည်ဟု UDPKS နှင့်နီးစပ်သည့် အဝိုင်းအဝိုင်းမှ ဆိုသည်။ (KNG 010710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပဲခူးတိုင်း ပေါမြို့နယ် ညောင်ပင်ကိုင်းကျေးရွာမှ လယ်သမား (၄၀၀) နီးပါးသည် အစိုးရမှချပေးသည့် စိုက်ပျိုးရေးစရိတ်ချေးငွေများကို ပေါမြို့တွင်လာထုတ်သည့်အချိန် ကျေးရွာဥက္ကဌ ဦးအေးလွင်က ဘဏ်ရေးကစောင့်ကာ ငွေလာထုတ်သည့် လယ်သမားများထံမှ ငွေများဖြတ်ယူနေသည်ဟု ညောင်ကိုင်းရွာသားဦးအေးကိုက ပြောသည်။ (DVB 010710)
- ရန်ကုန်မြို့တွင် HIV/AIDS ရောဂါသည်များကို ကူညီစောင့်ရှောက်ပေးနေသော နိုင်ငံခြား NGO တစ်ဖွဲ့မှ ဝန်ထမ်းအများအပြားသည် သက်ဆိုင်ရာနိုင်ငံခြား တာဝန်ရှိသူတစ်ဦး၏ မောက်မာစွာဆက်ဆံမှုကြောင့် တာဝန်မှနုတ်ထွက်ခဲ့ကြရသည်ဟု အမည်မဖော်လိုသူ ဝန်ထမ်းတစ်ဦးက ပြောသည်။ (Narinjara 010710)
- ရခိုင်ပြည်နယ်တွင် မိုးဦးကာလ လယ်ထွန်ချိန်၌ ကျွဲ၊ နွားများ ခွာနာ-လျှာနာ ရောဂါဖြစ်ပွားနေသဖြင့် လယ်ယာထွန်ယက်ရာတွင် ရခိုင်တောင်သူလယ်သမားများ အခက်ကြုံတွေ့နေကြရသည်ဟု မြောက်ဦးမြို့နယ်မှ လယ်သမားတစ်ဦးက ပြောသည်။ (Narinjara 010710)
- စစ်ကိုင်းတိုင်း၊ ခန္တီးထောင်တွင် ထောင်ဒဏ် ၁၀၆ နှစ် ကျခံနေရသည့် အသက် ၇၄ နှစ်ရှိ ရှမ်းပြည် မြောက်ပိုင်း တပ်မတော် (SSA-S) နာယကက ဗိုလ်ချုပ်ဆေထင်သည် မျက်စိရောဂါ ဝေဒနာအပါအဝင် သွေးချို၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်း၊ ဆီးကြိတ်၊ သွေးတိုးရောဂါစသည့်ဝေဒနာများ ခံစားနေရသောကြောင့် ဆေးကုသခွင့်ရရှိရေးအတွက်တောင်းဆို၍ မရကြောင်း သမီးဖြစ်သူ နန်းခမ်းပေါင်းက ပြောသည်။ (DVB 010710)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒု-ဥက္ကဌ ဦးတင်ဦး၊ ဦးဝင်းတင်နှင့် လူငယ်တချို့က ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့် ကိုကိုကြီးတို့မိသားစုများကို သွားရောက်တွေ့ဆုံပြီး အပြန်တွင် အာဏာပိုင်များက မိသားစုနေအိမ်များကို လာရောက်မေးမြန်းခဲ့သည်။ (DVB 010710)
- ပဲခူးတိုင်း ဒိုက်ဦးမြို့မဈေး တာဝန်ရှိသူများက ဈေးဆိုင်ခန်းတိုင်း ကော်မီးသတ်ဘူး အတင်းရောင်းချ သည့်အပြင် အပြင်ဈေးထက်မြင့်လွန်းသဖြင့် ဈေးသည်များမကျေမနပ်ဖြစ်နေသကဲ့သို့ အထက်အာဏာ ပိုင်များမှ ဝင်ရောက်ဖြေရှင်းပေးရန်လိုလားနေကြသည်။ (DVB 010710)
- နအဖစစ်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ခံ စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနက ပြည်တွင်းထုတ်ဂျာနယ်များတွင် နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုသတင်း၊ အင်တာဗျူးနှင့်ဆောင်းပါးများကို စိစစ်ဖြတ်တောက်မှုများ ပိုမိုဆိုးရွား လာသည့်အပေါ် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက အာဏာပိုင်များမှ လျှော့ပေါ့ပေးရန် တောင်းဆိုလိုက်ကြောင်း ပါတီအထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက ပြောသည်။ (DVB 010710)
- စာရေးဆရာ ဘန်းနဒစ်ရောဂျာ (Benedict Rogers) ရေးသားထားသည့် Than Shwe: Unmasking Burma's Tyrant "သန်းရွှေ-မြန်မာပြည်အာဏာရှင်၏ ဇာတိရုပ်ကိုဖော်ပြခြင်း" စာအုပ်မိတ်ဆက်ပွဲအား ပထမအကြိမ် ထုတ်ဝေသည့်အနေဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ နိုင်ငံခြားသတင်းထောက်များတွင် ဇူလိုင်လ ၁ ရက်နေ့ကကျင်းပခဲ့သည်။ (DVB 010710)
- စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်သို့ ခရီးထွက်လျှက်ရှိသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့်နှင့် စစ်ကိုင်းတိုင်းစည်းအဖွဲ့ဝင် မုံရွာအောင်ရှင်တို့သည် မြစ်ကြီးနားမြို့သို့ရောက်ရှိနေကာ အဖွဲ့ချုပ်အဖွဲ့ဝင်များအား ပါတီ၏လက်ရှိရပ်တည်ချက်နှင့်ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းချပြခဲ့သည်။ (DVB 010710)
- အမေရိကန်အစိုးရမှ ချမှတ်ထားသည့် မြန်မာနိုင်ငံအတွက် ပစ္စည်းများအမေရိကန်ပြည်ထောင်စုသို့ တင်သွင်းခွင့် ပိတ်ပင်ထားမြစ်မှုသက်တမ်းကို နောက်ထပ်တစ်နှစ်ဆက်လက်တိုးမြှင့်ရန်အတွက် အထက်လွှတ်တော် ဘဏ္ဍာရေးကော်မတီတွင် ဇွန်လ ၃၀ ရက်နေ့က မဲခွဲရာတွင် ထောက်ခံမဲ ၂၂ မဲနှင့် ကန့်ကွက်မဲရရှိခဲ့သဖြင့် မြန်မာစစ်အစိုးရအား စီးပွားရေးပိတ်ဆို့မှုသက်တမ်း နှစ်ထပ်မံတိုးမြှင့်ရေးအား အတည်ပြုလိုက်သည်။ (RFA 010710)
- လွန်ခဲ့သည့်မေလအတွင်း ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဆန္ဒပြခဲ့သည့်ရှမ်းနီ အင်္ကျီအဖွဲ့အားနှိမ်နင်းရာတွင် ရွှေ့ပြောင်းအလုပ်သမားများ ဖမ်းဆီးရမိသည့်အထဲမှ အသက် ၂၇ နှစ်အရွယ်ရှိ မောင်နခွန်အား ကာဖျူးချိုးဖောက်မှု ဖြင့် ထိုင်းတရားရုံးက ထောင်ဒဏ် ၁ နှစ်နှင့် ၄ လ ချမှတ်လိုက်သည်။ (RFA 010710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးလှရွှေသည် ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများတွင် အသုံးပြု မည့်တံဆိပ်တုံးတစ်ခုကို ကျပ်ငွေ ၅၀၀၀ စီဖြင့် ရောင်းချနေကြောင်း အမည်မဖေါ်လိုသူ ကျေးရွာကော်မရှင် ဥက္ကဋ္ဌ တစ်ဦးကပြောသည်။ (Narinjara 010710)

ဇူလိုင်လ (၂) ရက်

- ရွှေ့ပြောင်းအလုပ်သမားများ မိုးတွင်းကာလတွင် သွားလာမှုလွယ်ကူစေရန် မြန်မာနိုင်ငံတောင်ဘက်ခြမ်း ကော့သောင်းမြို့ရှိ ယာယီပတ်စပို့စ် ထုတ်ပေးရေးရုံးကို ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ဇူလိုင်လ ၁ ရက်နေ့က ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ (NEJ 020710)
- လိုင်စင်မဲ့ကားများဖမ်းဆီးသည့် စစ်ဆင်ရေးကြောင့် မြဝတီ-ဘားအံ ပြေးဆွဲနေသည့် လိုင်စင်မဲ့ ခရီးသည် တင်ကားများ ရှောင်တိမ်းနေရပြီး ကားပြေးဆွဲမှုရပ်တန့်ကာ ခရီးသွားများကားခအဆမတန် ပေးနေရသည်ဟု ဘားအံမြို့မှ ကုန်သည်တစ်ဦးကပြောသည်။ (NEJ 020710)
- ယခုနှစ်တွင် ရွေးကောက်ပွဲဝင်ပြိုင်မည့် အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီ၏ အမှတ်တံဆိပ် ခမောက်ပုံသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ အမှတ်တံဆိပ်သင်္ကေတ ဖြစ်နေသည့်အတွက် ရွေးကောက်ပွဲကော်မရှင်သို့ လာမည့်ရက်ပိုင်းအတွင်း ကန့်ကွက်ရန်ရှိကြောင်း NLD က ပြောကြား သည်။ (NEJ 020710)
- ပန်းချီဆရာ ၁၀ ဦးဖြင့် ဖွဲ့စည်းထားသော Rhyzome Art အဖွဲ့၏ ပထမဆုံးအကြိမ် ပန်းချီပြပွဲကို ဇွန် ၂၈ မှ ဇူလိုင် ၃ ရက်နေ့အထိ ရန်ကုန် ပန်းဆိုးတန်းလောကနတ် ပန်းချီပြခန်းတွင် ပြသထားရာ အာဏာပိုင်များက ပန်းချီကား ၃ ကားကို ဖြုတ်ပယ်ခိုင်းခဲ့ကြောင်း ပန်းချီဆူးသစ်နီက ပြောပြသည်။ (Irrawaddy 020710)
- မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် စိုက်ပျိုးရေးသမားအဖြစ် အလုပ်လုပ်နေသူ အေးမင်းဝင်းက အသက် ၂၀ ကျော်အရွယ်ရှိ မြန်မာ အမျိုးသမီးတဦးကို မြန်မာအချင်းချင်း ပြန်ပေးဆွဲကာ မလေးရှား ရင်းဂစ် ၁၀၀,၀၀၀ (မြန်မာကျပ်ငွေ သိန်း ၃၀၀ ခန့်) ဖြင့် ပြန်ရွေးရန် တောင်းဆိုခဲ့သည်ဟု အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ (မလေးရှား) ဌာနခွဲမှ ဥက္ကဋ္ဌ ကိုကျော်ကျော်က ပြောသည်။ (Irrawaddy 020710)
- ရန်ကုန်မြို့ Myanmar Convention Center (MCC) တွင် မြန်မာ့ ကျောက်မျက်ရတနာပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကျင်းပလျက်ရှိရာ ကျောက်စိမ်း တွဲပေါင်း ၂၁၀၀ ခန့် ရောင်းချခဲ့ရကြောင်း မြန်မာ့ကျောက်မျက် ရတနာလုပ်ငန်းနှင့် နီးစပ်သူတဦးက ပြောသည်။ (Irrawaddy 020710)
- စစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်ဖြန့်ချိခြင်းနှင့် ရှင်းလင်းပွဲတရပ်ကို ဇူလိုင်လ (၁) ရက်နေ့ ညဦးပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နိုင်ငံခြားသတင်းထောက်များ ကလပ် (FCCT) တွင် ပြုလုပ်သည်။ (Irrawaddy 020710)
- မြန်မာနိုင်ငံ စာပေစိစစ်နှင့် မှတ်ပုံတင်ဌာနက အပတ်စဉ်ဂျာနယ်များတွင် နိုင်ငံရေးပါတီသတင်းများကို တင်းကျပ်နေသဖြင့် ကျင်းပမည့် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရေးကို ပြန်လည်သုံးသပ်မည်ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေး ပါတီကဆိုသည်။ (Irrawaddy 020710)
- ဖိလစ်ပိုင်နိုင်ငံ၊ မာကတ်တီမြို့အခြေစိုက် အာရှလစ်ဘရယ်နှင့် ဒီမိုကရက်တစ်များကောင်စီ (Council of Asian Liberals and Democrats - CALD) က ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင် တသီးပုဂ္ဂလအဖွဲ့ဝင်အဖြစ် တင်မြှောက်လိုက်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) မှ နိုင်ငံခြားရေးတာဝန်ခံ ဦးညို အုန်းမြင့်က ပြောသည်။ (Irrawaddy 020710)
- ရွေးကောက်ပွဲဝင်ရောက်ရန် ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ပြီးဖြစ်သည့် ပါတီများမှ ဗဟိုကော် မတီဝင်များ၏ ကိုယ်ရေးအချက်အလက်များကိုကော်မရှင်က ဇွန်လကုန်ပိုင်းမှစတင်ကာ ထပ်မံတောင်းခံနေကြောင်း မတူကွဲပြားခြင်း နှင့်ငြိမ်းချမ်းရေးပါတီ PDP အထွေထွေအတွင်းရေးမှူး ကိုနေမျိုးဝေကပြောသည်။ (Mizzima 020710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်မှုဖြင့် အင်းစိန်ထောင်တွင် ထောင်အချုပ်ကျခံနေရသည့် အရှင်ဥက္ကံသ (အရှင်အဇ္ဈ) ခေါ် ဦးဇင်းဇော်လတ်သည် ထောင်တွင်း၌ ကျောက်ကပ်ရောဂါ ခံစားနေရကြောင်း မိသားစုဝင်တစ်ဦးက ပြောသည်။ (IMNA 020710)

## ဇူလိုင်လ (၃) ရက်

- ရန်ကုန်တိုင်း တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မြို့နယ် စည်းရုံးရေးအဖွဲ့ဝင် ကိုဇော် မင်းထွန်းနှင့် မစန္ဒာတို့ ဖနီးမောင်နမနစ်ဦးသည် အစာအိမ်ရောဂါနှင့် အသည်းရောဂါ၊ နလုံးရောဂါတို့ ခံစားနေရ၍ ဆေးကုသခွင့် တောင်းထားသော်လည်း ယနေ့ချိန်အထိ ခွင့်မပြုသေးကြောင်း မိသားစုဝင် များက ပြောသည်။ (Irrawaddy 030710)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒု-ဥက္ကဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်တို့ ဦးဆောင်သော အဖွဲ့သည် ဇူလိုင်လ ၃ ရက်နေ့က နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များဖြစ်ကြ သော နိုင်ငံကျော် လူရွှင်တော် ကိုဇာဂနာနှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုပြုံးချို့တို့၏ မိသားစုဝင်များကို သွားရောက်အားပေးစကား ပြောခဲ့ကြသည်။ (DVB 030710)
- ပိုလန်နိုင်ငံတွင် ကျင်းပနေသည့် ကမ္ဘာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်း ညီလာခံကို မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများ ကိုယ်စား ဒေါက်တာခင်ဇော်ဝင်းကို တက်ရောက်ခွင့်ပေးခဲ့သည့်အပေါ် ဒီမိုကရေစီအရေး ကြိုးပမ်းနေသည့် ပြည်တွင်း ခေါင်းဆောင်များက စာရေးပေးပို့ကန့်ကွက်လိုက်သည်။ (RFA 030710)

## ဇူလိုင်လ (၄) ရက်

- နအဖစစ်အစိုးရထဲမှ ကြီး ၅ ကြီးအဖွဲ့ဝင် ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည့် အတွင်းရေးမှူး ၁ ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် အဖွဲ့သည် တရုတ်နိုင်ငံသို့ ဇူလိုင်လ (၃) ရက်နေ့က ထွက်ခွာသွားကြောင်း ဇူလိုင်လ ၄ နေ့ ထုတ် စစ်အစိုးရသတင်းစာတွင် ဖော်ပြထားသည်။ (DVB 040710)
- ၂၀၁၀ ရွေးကောက်ပွဲကို ကန့်ကွက်သည့် မှုတ်ဆေးကမ်ပိမ်းနှင့်ပတ်သက်၍ ဖမ်းဆီးခံရသည့် မွန်ရဟန်း ပျိုအသျှင် ဥက္ကံသ (ခေါ်) ဦးဇင်းဇော်လတ်သည် ကျောက်ကပ်ရောဂါခံစားနေရသဖြင့် ဇွန်လ ၃၀ ရက်နေ့က ဆေးရုံတင်ခဲ့ ကြောင်း ဦးဇင်း၏ အကျိုးဆောင်ရှေ့နေ ဒေါ်ခင်ဌေးကြွယ်က ပြောသည်။ (DVB 040710)
- ယာဉ်တိုက်ခံရသူတစ်ဦးကို လိုက်လံကူညီရင်း ပုဒ်မ ၃၅၃၊ ဂတ္တရား နှောင့်ယှက်မှုဖြင့် လွှန်ခဲ့သည့် မေလ ၇ ရက်နေ့က ထောင်ဒဏ် (၁) နှစ်ခွဲချမှတ်ခံရသည့် တွံတေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင် မစန္ဒသည် နလုံး ရောဂါ ပြင်းပြင်းထန်ထန်ခံစားနေရကြောင်း သမီးဖြစ်သူ မသိမ့်သိမ့်သူက ပြောသည်။ (DVB 040710)

## ဇူလိုင်လ (၅) ရက်

- ထိုင်းနိုင်ငံ တာ့ခ်ခရိုင်အတွင်း မဲဆောက်ရှိအလုပ်ရုံစက်ရုံများမှ တရားဝင်အလုပ်သမားများကို ဘန်ကောက်နှင့်အခြား မြို့များက လာရောက်ခေါ်ဆောင်ကာ အလုပ်သမားပြတ်လပ်မှု ဖြစ်ပေါ်နေသဖြင့် ကူညီဖြေရှင်းပေးရန် ခရိုင်အာ တွင်းရှိ စက်မှုလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များမှ ဇွန်လ ၄ ရက်နေ့က တောင်းဆိုလိုက်သည်။ (NEJ 050710)
- သဘာဝဘေးဒဏ် ခံနေရသည့် ရခိုင်ပြည်သူများ ရွေးကောက်ပွဲကို စိတ်မဝင်စားသဖြင့် ရခိုင်ပါတီများ ရခိုင်ပြည်နယ် တွင် စည်းရုံးရေးအတွက် အခက်အခဲရှိကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (NEJ 050710)
- ၂၀၁၀ ရွေးကောက်ပွဲ ဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် ပတ်သက်၍ အင်းစိန်ထောင်၌ ထိန်းသိမ်းခံထားရသူ မွန်ရဟန်းပျို အရှင်ဥက္ကံသ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်း ၎င်း၏ညီမဖြစ်သူက ပြောသည်။ (NEJ 050710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ယခုဇူလိုင်လတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသော ဇူလိုင် (၁၉) ရက်နေ့ကို ဂုဏ်ပြုသည့် ဗိုလ်ချုပ်အကြောင်း ဆောင်းပါးများကို သတင်းဂျာနယ်များက သတင်းစာရေး ဆရာကြီးများထံ တောင်းခံကာ အထူးဂဏ္ဍအနေဖြင့် ထည့်သည်ကို စာပေစိစစ်ရေးက လုံးဝဖြုတ်ပစ် သည်များရှိနေ၍ ပြည်တွင်းသတင်း မီဒီယာသမားများစိတ်ပျက်ကြသည်။ (NEJ 050710)
- လက်နက်ကိုင် ကရင်အဖွဲ့ ၂ ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး KNU နှင့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တို့အကြား အပစ်အခတ်ရပ်စဲကြရန်အတွက် ဇွန်လနောက်ဆုံးအပတ်တွင် နှစ်ဘက်အောက်ခြေတပ်များအကြား ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ (VOA 050710)

## ဇူလိုင်လ (၆) ရက်

- ပြည်သူ့ခေတ် သတင်းဂျာနယ် စတင်ဖြန့်ချိသည့်အခမ်းအနားကို ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်းရှိ M3 စားသောက်ဆိုင်၌ နေ့လယ်ပိုင်းတွင် ပြုလုပ်သည်။ (NEJ 060710)
- ကချင်ပြည်နယ် မြစ်ကြီးနားတနိုင်း မော်တော်ကားလမ်းပေါ်ရှိ ရှဒူးဖွပ်ကျေးရွာအနီးတံတားတွင် တံတားစောင့်စစ်တပ်က ကုန်ကားများကို ပိတ်ပင်တားဆီးကာ တပ်ပိုင်ယာဉ်ကိုငှားရမ်းအသုံးပြုစေကာ ငွေရှာနေကြောင်း မြစ်ကြီးနားမြို့ခံကားသမားတစ်ဦးက ပြောသည်။ (NEJ 060710)
- ကျောင်းကားခများ (၂) ဆမြှင့်တက်နေသဖြင့် စစ်တွေမြို့ နည်းပညာတက္ကသိုလ်ကျောင်းသား (၃၀၀) ကျော်သည် ဇူလိုင် လ (၅) ရက်နေ့က ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးသို့ ချီတက်ဆန္ဒပြခဲ့ကြကြောင်း ချီတက်ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူကျောင်းသားတစ်ဦးက ပြောသည်။ (NEJ/ Irrawaddy/ RFA 060710)
- မြန်မာစစ်အစိုးရ အာဏာပိုင်များသည် အမေရိကန်ပြည်ထောင်စုမှ ရှယ်ဗရွန်ကုမ္ပဏီ၊ ပြင်သစ်မှတိုတယ်ကုမ္ပဏီတို့ထံ မှရရှိသည့် သဘာဝဓာတ်ငွေ့ ရောင်းချငွေများကို နျူကလီးယားလက်နက် ထုတ်လုပ်ရေးအတွက် အသုံးပြုနေသည် ဟု အမေရိကန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကြီး Earth Rights International (ERI) က ပြောကြားသည်။ (NEJ 060710)
- ဈေးကြီးများ မီးလောင်ကျွမ်းခဲ့ပြီး နောက်တွင် ဈေးဆိုင်ခန်းများ၌ ကိုယ်ပိုင်မီတာ တပ်ဆင်ခြင်းကို အာဏာပိုင်များက ခွင့်မပြုတော့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် နီးစပ်သူ တဦးက ပြောသည်။ (Irrawaddy 060710)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဒေါ်မေဝင်းမြင့်နှင့် ရှေ့နေ ဒေါ်ခင်ဌေးကြွယ် တို့သည် အမျိုးသားဒီမိုကရေစီအင်အားစု (NDF) က ၎င်းပါတီအမှတ်တံဆိပ်အတွက် အသုံးပြုသည့် ခမောက်ပုံအမှတ်တံဆိပ်သည် ပြည်သူများအတွက် ထင်ယောင်ထင်မှားဖြစ်စေနိုင်သော ကြောင့် နေပြည်တော်ရွေးကောက်ပွဲကော်မရှင်ထံ တရားဝင်ကန့်ကွက်စာကို ဇူလိုင်လ (၅) ရက်နေ့က တင်သွင်းလိုက်သည်။ (Irrawaddy 060710)
- မန္တလေးမြို့ ၂၆ လမ်းနှင့် ၈၁ လမ်း ထောင့်ရှိ တောင်ဇလပ် ဟိုတယ်ကို အေးရှားဂရင်းဘဏ်ခွဲ အသစ်ဖွင့်ရန်အတွက် နအဖစစ်အစိုးရနှင့် အလွန်နီးစပ်သော စီးပွားရေးလုပ်ငန်းရှင် ဦးတေဇ၏ ထူးကုမ္ပဏီက ဝယ်ယူလိုက်ကြောင်းထူး ကုမ္ပဏီနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 060710)
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရန် သဘောတူထားသည့် ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) (SSA – N) ဥက္ကဋ္ဌ ဗိုလ်ချုပ် လွယ်မောင်းတပ်ဖွဲ့ဝင်အချို့သည် ဇွန်လ (၅) နေ့က ဒု-ဗိုလ်ချုပ်ကြီးရွက်ဆစ် ဦးဆောင်သည့်ရှမ်းပြည် တပ်မတော်(တောင်ပိုင်း) (SSA - S) သို့ လာရောက်ပူးပေါင်းခဲ့ကြောင်း SSA – S မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလောင်ဆိုင်းက ပြောသည်။ (Irrawaddy 060710)
- မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ PDP သည် မြောက်ဥက္ကလာပ မြို့နယ်တွင် ပါတီရုံးခွဲဖွင့်ပွဲနှင့် ပါတီ ဝင်အသစ်များ စည်းရုံးခြင်း အခမ်းအနားကို လွန်ခဲ့သည့်ရက်ပိုင်းက လုပ်ဆောင်ရာ နယ်မြေခံ ရဲအထူး သတင်းတပ်ဖွဲ့ (SB) နှင့် စစ်ဖက်ရေးရာလုံခြုံရေး (စရဖ) အဖွဲ့ဝင်များအပြင် လုံထိန်းကားများပါ ရောက်ရှိ လာသဖြင့် ပါတီဝင်ဖြစ်ရန်စည်းရုံး

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ထားသူများ ရောင်ပြေးကုန်သည်ဟု PDP အထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက ပြောသည်။ (Irrawaddy 060710)

- အန္တရာယ်ရှိအဆောက်အအုံများ ဖျက်ဆီးကာ ပြန်လည်တည်ဆောက်ခြင်းနှင့် ကမ်းနားလမ်းဖောက် လုပ်မှုစီမံကိန်းများကြောင့် ရန်ကုန်မြို့တွင်း တိုက်ခန်းအငှားဈေးများ နှစ်ဆခန့်မြင့်တက်သွားကြောင်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်း လုပ်ကိုင်နေသူ တစ်ဦးကပြောသည်။ (Irrawaddy 060710)
- တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA မှ တပ်မဟာ ၉၉၉ ဗျူဟာမှူး ဗိုလ်မှူးကြီး စောချစ်သူက ကရင်အချင်းချင်း တိုက်ခိုက်ခြင်းများ မပြုလုပ်တော့ဟုပြောဆိုမှုသည် စစ်ရေးလှည့်ကွက် သာဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU က တုံ့ပြန်ပြောဆိုလိုက်သည်။ (Mizzima 060710)
- နိုင်ငံရေးအကျဉ်းသား ၆၀၇ ဦး၏ မိသားစုများအား ထောက်ပံ့ရန်အတွက် ကျပ်ငွေ ၂၅ သိန်းခွဲခန့်ကို အတိုက်အခံပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုက တိုင်း/ပြည်နယ် အဖွဲ့ဝင်များထံ ဇွန်လ (၅) ရက်နေ့က လွှဲပြောင်းပေးအပ်လိုက်သည်။ (Mizzima 060710)
- စစ်အစိုးရကျင်းပမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီများထဲမှ မြို (ခေါ်) ခမီအမျိုးသား ညီညွတ်ရေးပါတီနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့က ပါတီဝင်အင်အားစာရင်း တင်ပြထားပြီဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာလိုက်သည်။ (DVB 060710)
- နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကချင်ပြည်နယ် တိုးတက်ရေးပါတီ (KSPP) ကို နိုင်ငံရေးပါတီ တည်ထောင်ခွင့်ချမပေးသေးသည့်အပေါ် KSPP ခေါင်းဆောင်များက မြစ်ကြီးနားမြို့တွင် ဇူလိုင်လ ၃ ရက်နေ့က ပြည်သူလူထုအား ရှင်းလင်းချပြခဲ့သည်။ (DVB 060710)
- ရန်ကုန်တိုင်း သာကေတမြို့နယ်က စက်မှုဇုန်ဘူတာနှင့် ကွေ့မဘူတာကြား ရထားလမ်းနားတွင် သဘာဝ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကာဓာတ်ငွေ့များ ယိုစိမ့်နေသဖြင့် အနီးအနားရှိ ပြည်သူများက မီးဘေးအန္တရာယ် စိုးရိမ်နေကြသည်။ (DVB 060710)
- မွန်ပြည်သစ်ပါတီသည် လွန်ခဲ့သည့် ဧပြီလက ပိတ်ထားခဲ့သည့် မြို့ပေါ်ရုံးများ အကုန်လုံးနီးပါးကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း မွန်ပြည်သစ်ပါတီ NMSP ဗဟိုအလုပ်အမှုဆောင် နိုင်ဟံသာဘွန်ခိုက်ကပြောသည်။ (DVB 060710)
- မကွေးတိုင်း တောင်တွင်းကြီးမြို့က မြန်မာနိုင်ငံအမျိုးသား အလုပ်သမားသမဂ္ဂအဖွဲ့ဝင်အချို့၏ နေအိမ်သို့ လေ့ကျင့်ရေး တပ်-၇ မှ တပ်ကြပ်ကြီးတစ်ဦးက လာရောက်ခြိမ်းခြောက်၍ အဖွဲ့မှနုတ်ထွက်ရန် ဖိအားပေးနေသည်ဟု အဖွဲ့ခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးပါလေးက ပြောသည်။ (DVB 060710)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒု-ဥက္ကဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်တို့ ဦးဆောင်သောအဖွဲ့သည် ဇူလိုင်လ (၆) ရက်နေ့က နိုင်ငံရေးအကျဉ်းသားများဖြစ်ကြသော ကိုမင်းဇင်ယျ၊ ကိုသက်ဇော်၊ ကိုသော်ဇင်ထွန်းနှင့် ကိုညဏ်လင်းတို့၏ မိသားစုနေအိမ်များသို့ သွားရောက်အားပေး စကားပြောခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းအချို့ပေးအပ်ခဲ့သည်။ (DVB 060710)
- မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ လူ့အခွင့်အရေးပညာပေးဌာန မြန်မာနိုင်ငံ (HREIB) က ဦးစီးရေးသားပြုစု၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP၊ မြန်မာနိုင်ငံရွှေ့နေများကောင်စီနှင့် တိုင်းရင်းသားအဖွဲ့များအပါအဝင် လူ့အခွင့်အရေးအဖွဲ့ ၁၃ ဖွဲ့က လက် မှတ်ရေးထိုးပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ ဇူလိုင်လ (၅) ရက်နေ့က တင်သွင်းလိုက် သည်။ (RFA 060710)
- အမျိုးသားဒီမိုကရေစီအင်အားစု (NDF) က ခမောက်တံဆိပ် သုံးစွဲမှုကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်ဌေးကြွယ်နှင့် ဒေါက်တာမေဝင်းမြင့်တို့သည် နေပြည်တော် ရွေးကောက်ပွဲကော်မရှင်ထံ ကန့်ကွက်စာသွားတင်ခဲ့ပြီးအပြန်တွင် အာဏာပိုင်များ အနှောင့်အယှက်များ ပြုလုပ်ခဲ့သည်။ (RFA 060710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်မြို့ သင်္ကြန်ကာလတွင်းက ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ စွပ်စွဲဖမ်းဆီးခံထားရသည့် အင်ဂျင်နီယာ ကိုဖြိုးဝေအောင်ကို မကြာသေးခင် ရက်ပိုင်းကပဲ ဗုံးဖောက်ခွဲမှု၊ လူသတ်မှုအပါအဝင် ပုဒ်မ ၄ ခုဖြင့် တရားစွဲဆို လိုက်ကြောင်း ကိုဖြိုးဝေအောင်အမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေဦးကျော်ဟိုးက ပြောသည်။ (VOA 060710)
- လွန်ခဲ့သည့် သီတင်းပတ်က ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်အတွင်း ဖြတ်သန်းသွားသည့် ကြွက်အုပ်များသည် ပဲခူးတိုင်း ဘုရားကြီးမြို့အနီးထိ ပျံ့နှံ့ရောက်ရှိလာကာ စပါးပျိုးခင်းများကို စားသောက်ဖျက်ဆီးနေသည်ဟု ဒေသခံများကပြောသည်။ (VOA 060710)
- ပြင်သစ်နိုင်ငံ မာဆေးဆိပ်ကမ်းမြို့က Universite de Province တက္ကသိုလ်တွင် မြန်မာ့အရေးနှင့် ပတ်သက်၍နိုင်ငံတကာညီလာခံတစ်ရပ် ကျင်းပနေရာ (Burma in the Era of Globalization) ဂလိုဘယ်လိုက်ဇင်းရှင်းကမ္ဘာလွှမ်းခြုံဆက်စပ်မှုဖြစ်ထွန်းသည့် ခေတ်အတွင်းက မြန်မာနိုင်ငံဆိုသည့် ခေါင်းစဉ်ဖြင့်ဆွေးနွေးနေကြသည်။ (BBC 070710)
- ရွေးကောက်ပွဲ ရန်ပုံငွေရရှိစေရန်အတွက် သျှမ်းပြည်အရှေ့ပိုင်း၊ မိုင်းတုန်မြို့တွင် လိုင်စင်မဲ့ဆိုင်ကယ်များ အတွက် နေပြည်တော် မှယာဉ်ထိန်းရဲများက အခွန်များစွာဒဏ်တပ်၍ လိုင်စင်လာရောက်ပြုလုပ်ပေးကြောင်း ဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 060710)
- သျှမ်းပြည်အရှေ့ပိုင်း၊ မိုင်းတုန်မြို့နယ်အတွင်းတွင် ၂၀၁၀ ရွေးကောက်ပွဲ မဲထည့်ပိုင်ခွင့်ရှိသူ ဌာနဆိုင်ရာ ဝန်ထမ်းများ စာရင်းအား မြို့နယ်မယက က ကောက်ယူနေကြောင်း ဒေသခံတစ်ဦး ကပြောသည်။ (S.H.A.N 060710)

ဇူလိုင်လ (၇) ရက်

- ကမ္ဘာတလွှားရှိ မြန်မာနိုင်ငံအပါအဝင် သဘောထားတင်းမာသော အစိုးရများသည် ဒီမိုကရေစီ ဖွံ့ဖြိုး တိုးတက်ရေးတွင် အဓိက ပါဝင်နေသော တက်ကြွလှုပ်ရှားသူများနှင့် အားပေးထောက်ခံသူများကို "တဖြည်းဖြည်းချင်း ချေမှုန်းဖျက်ဆီးနေခြင်း" ဖြစ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က ဝေဖန်လိုက်သည်။ (Irrawaddy 070710)
- မြဝတီခရိုင်အတွင်း ထိုင်းဘက်မှ လိုင်စင်မဲ့ကားနှင့် တရားမဝင်ကုန်ပစ္စည်း တင်သွင်းမှုများကို ထိန်းချုပ်နိုင်ရန် မြန်မာအာဏာပိုင်များက ရက်သတ္တ (၃) ပတ်ကြာ စစ်ဆေးရေးလုပ်ငန်းများ ပြုလုပ် ပြီးစီးသွားသဖြင့် မြန်မာကုန်သည်များက တရားမဝင် ထိုင်းကုန်များ ပြန်လည်တင်သွင်းလျက်ရှိသည်။ (NEJ 070710)
- ရန်ကုန်မြို့၊ ဘုရင့်နောင် ကုန်စည်ဒိုင်များသို့ နယ်ကုန်စည် ဝင်ရောက်မှု သိသိသာသာ ကျဆင်းလျက်ရှိပြီး ဈေးကွက်သည်း အေးစက်လျက်ရှိသည်ဟု ပွဲရုံလုပ်ငန်းရှင်တို့က ပြောသည်။ (NEJ 070710)
- ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသော မြန်မာနိုင်ငံသားများအား တင်ဆောင်လာသည့် မော်တော်ယာဉ်တစီး တိမ်းမှောက်မှု ဖြစ်ပွားသဖြင့် လူ (၉) ဦးဒဏ်ရာ အပြင်းအထန်ရရှိပြီး (၂၉) ဦးမှာ အနည်းငယ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ (NEJ/ DVB 070710)
- မြန်မာရွှေ့ပြောင်း အလုပ်သမားများအား ၎င်းတို့အတွက် မရှိမဖြစ်လိုအပ်သော အလုပ်လုပ်ကိုင်ခွင့် ဘတ်နှင့်ယာယီနိုင်ငံကူးလက်မှတ်ရအောင် ပြုလုပ်ပေးမည်၊ အလုပ်လုပ်ရမည်ဟုဆိုကာ ဘန်ကောက် မြို့အနီး ပထုံဌာနီခရိုင်အတွင်းရှိ နဝါနခွန်တွင် ဖွင့်လှစ်ခဲ့သော နိုင်ငံသားစိစစ်ရေးပြုမှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီကလိမ်ညာမှုများ ပြုလုပ်နေသည်။ (NEJ 070710)
- ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ)နှင့် စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှု ကော်မတီတို့က ဗကသ ဖြိုခွင်းခံရသည့် ၇ ဇူလိုင် အထိမ်းအမှတ် လှုပ်ရှားမှုများအဖြစ် ပြည်တွင်း၌ လက်ကမ်းစာစောင်များ၊ ပို့စကဒ်များနှင့် စာတိုက်မှတဆင့်ဖြန့်ဝေမှုများ ပြုလုပ်ကြကြောင်း မဲဆောက်အခြေစိုက် ဗကသရုံးမှ ကိုဇော်ထွန်းက ပြောသည်။ (Irrawaddy/ RFA 070710)
- ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၌ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် အာဏာပိုင်များက နိုင်ငံသား စိစစ်ရေးကတ်ပြုလုပ်ပေးနေသော်လည်း စရိတ်မတတ်နိုင်သူ ဒေသခံအများအပြားရှိနေကြောင်းကျေးရွာ ရယက လူကြီးတဦးက ပြောသည်။ (Irrawaddy 070710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဝတ်စားဆင်ယင်မှု အမြင်မတော်သော ဓာတ်ပုံများပါရှိသောကြောင့်ဟုဆိုကာ အပတ်စဉ်ထုတ်ပြည်တွင်း ဂျာနယ်ဖြစ်သည့် Asian Fame Media Group မှ ထုတ်ဝေသည့် ပေါ်ပြူလာဂျာနယ်နှင့် ရုပ်ရှင်နှင့် ဗီဒီယိုဒါရိုက်တာ စင်ရော်မောင်မောင်ထုတ်ဝေသည့် Envoy ဂျာနယ်တို့ကို စာပေစိစစ်ရေးက ထုတ်ဝေခွင့်တပတ်စီပိတ်ပင်လိုက်သည်ဟု မီဒီယာသတင်းရပ်ကွက်မှဆိုသည်။ (Irrawaddy 070710)
- စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ အထင်ကရ ဘုန်းကြီးကျောင်းများကို မီးတင်ရှို့ရန် ကြံစည်သည်ဟု သံသယဖြင့်ကလေးနှစ်ဦးနှင့် စစ်တပ်ပြေးတဦးကို ဖမ်းဆီးထားကြောင်း မုံရွာအခြေစိုက် မုံရွာခရိုင် ရဲဝန်ထမ်းများက ပြောသည်။ (Mizzima 070710)
- မြို့တော်ပေါင်း ရန်ကုန်၏ စည်ပင်သာယာ နယ်နမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်လုံးတွင် ယနေ့မှ စတင်၍ လမ်းဘေးဈေးသည်များ ရောင်းချခွင့်မပြုရန် စည်ပင်သာယာက ပိတ်ပင်လိုက်သည်။ (Mizzima 070710)
- ရန်ကုန်တိုင်းရှိ ဈေးဆိုင်များ၊ စားသောက်ဆိုင်များနှင့် အသေးစား စက်မှုလုပ်ငန်းများ အားလုံး ၂ နှစ် စာကြိုတင်အခွန်ပေးဆောင်မှသာ လုပ်ငန်းလိုင်စင်သက်တမ်းတိုးပေးမည်ဟု မြို့တော်စည်ပင်နှင့် အခွန်ဦးစီးဌာနက ညွှန်ကြားထားသည်။ (Mizzima 070710)
- ဇူလိုင်လ ၅ ရက်နေ့က ဆန္ဒပြမှုဖြစ်ပွားခဲ့သည့် စစ်တွေနည်းပညာတက္ကသိုလ်ကို နည်းပညာဝန်ကြီး ဦးသောင်းက ဇွန်လ ၇ ရက်နေ့တွင် စစ်တွေနည်းပညာတက္ကသိုလ်မှ ပါမောက္ခနှင့် ဆရာ၊ ဆရာများကို လာရောက်တွေ့ဆုံစစ်ဆေးမေးမြန်းခဲ့သည်။ (DVB 070710)
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ရွေးကောက်ပွဲကျင်းပမည်ဆိုပါက ပြည်သူ့လွှတ်တော် ခေါ်ယူရေးဆိုင်ရာ အခန်းကဏ္ဍသည် လစ်ဟာချက်များရှိနေသည့်အပေါ် ပြန်လည်စိစစ်သုံးသပ်ပေးပါရန် ပြည်ထောင်စုဒီမိုကရေစီပါတီက တောင်းဆိုလိုက်ကြောင်း ပါတီဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းက ပြောသည်။ (DVB 070710)
- ဆရာဝန်ဘွဲ့ရ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်စသည့်နာမည်ကျော်ကြားနေသူများကို အနုပညာလုပ်ငန်းများ လုပ်နေသည့်ကာလအတွင်း သက်ဆိုင်ရာအာဏာပိုင်များက ဆေးကုသခွင့်လိုင်စင် (ဆ-မ) ထုတ်မပေးကြောင်း ဆရာဝန်ဘွဲ့ရအနုပညာရှင်များက ပြောသည်။ (DVB 070710)
- ယခုနှစ်အတွင်း နအဖစစ်အစိုးရ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲကို မဲမပေးပဲ သပိတ်မှောက်ကြပါရန် ပြည်တွင်းပြည်ပရှိ ဒီမိုကရေစီအင်အားစုများက ၄၈ နှစ်မြောက် ကျောင်းသားသမဂ္ဂ အဆောက်အအုံ ဖြိုခွင်းခံခဲ့သည့်နေ့တွင် ပြည်သူလူထုအား ပန်ကြားတောင်းဆိုလိုက်သည်။ (DVB 070710)
- မန္တလေးတိုင်း သပိတ်ကျဉ်းမြို့နယ်အတွင်းရှိ တွင်းငယ်ကျေးရွာမှ ဦးဘိုဖြူ၊ ဦးချစ်ထွေး၊ ဒေါ်မိုးအေးနှင့် ဦးကျွန်းသောင်ညီအစ်ကိုပိုင်သည့် မြေဧက ၃၀ ကျော်ကို စစ်တပ်စခန်းတည်ဆောက်ရေးအတွက် တာဝန်ယူထားသည့် ဗိုလ်မှူးကြီးဇော်ထွန်းက ကိုယ်ကျိုးအတွက် စီးပွားရေးလုပ်ရန် သိမ်းယူထားကြောင်း ဒေသခံတစ်ဦးကပြောသည်။(DVB 070710)
- ပဲခူးတိုင်း ဒိုက်ဦးမြို့နေ မောင်စိန်တိုးအား ဇွန်လ ၂၅ ရက်နေ့က အလုပ်သွား၍အပြန်တွင် ကလေးစစ်သားအဖြစ်စုဆောင်းခံလိုက်ရသဖြင့် အမဖြစ်သူမဖြူဖွေးကပဲခူးမြို့ရှိ လမ်းပြကြယ်အဖွဲ့အား တိုင်ကြားထားသည်။ (RFA 070710)
- ဇူလိုင်လ (၆) ရက်နေ့က ကျင်းပသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ စစ်ပွဲနှင့်ပဋိပက္ခများအတွင်း အရပ်သားများအပေါ် အကာအကွယ်ပေးမှုဆိုင်ရာ ဆွေးနွေးပွဲ၌ ဗြိတိန်အစိုးရက မြန်မာနိုင်ငံတွင်း တိုင်းရင်းသားလူနည်းစု အရပ်သားများအပေါ်တွင် စစ်တပ်က ပစ်မှတ်ထား တိုက်ခိုက်မှုများအား ဆွေးနွေးတင်ပြခဲ့သည်။ (VOA 070710)
- ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ၃ မိုင်ကျေးရွာတွင် သျှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ အဆောက်အဦး ဆောက်လုပ်ခွင့်ကို နေပြည်တော်ရှိ အာဏာပိုင်များထံ တင်ပြထားရာ ယခုဆောက်လုပ် ခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း သျှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အသိုင်းအဝိုင်းမှဆိုသည်။ (S.H.A.N 070710)
- သျှမ်းပြည်အတွင်း နိုင်ငံရေးပါတီ ၁၀ ခု ထက်မနည်းရှိသည့်အနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတစ်ပါတီတည်းသာ လွတ်လပ်စွာသွားလာစည်းရုံးဟောပြောမဲဆွယ်ခွင့်ရှိကြောင်း အမည်မဖော်လိုသည့် နိုင်ငံရေးပါတီအသိုင်းအဝိုင်းမှ ဆိုသည်။ (S.H.A.N 070710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြည်သူ့စစ်အသွင်ပြောင်းရေးလက်မခံသည့် အပစ်ရပ်သျှမ်းပြည်တပ်မတော် တပ်မဟာ ၁ ထိန်းချုပ် နယ်မြေအတွင်းရှိ အချို့ကျေးရွာများတွင် နအဖအာဏာပိုင်များ ပြည်သူ့စစ် အတင်းအဓမ္မထပ်မံကောက်ခိုင်း၍ လက်နက်များထပ်မံ တပ်ဆင်လျက်ရှိကြောင်း တန့်ယန်းမြို့ခံတစ်ဦးက ပြောသည်။ (S.H.A.N 070710)
- တရုတ်ပြည် ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇူလိုင် ၁၀ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကျင်းပမည့် အာဆီယံ နိုင်ငံများအား ဖိတ်ခေါ်သည့် ကျောက်မျက်ရတနာပြပွဲသို့ တရုတ်နယ်စပ်ရှိ မြန်မာကျောက်ကုန်သည်များအား တက်ရောက်ခွင့်ပြု ကြောင်း တရုတ်နယ်စပ် ရွှေလီရောက် မြန်မာကုန်သည်တစ်ဦးက ပြောသည်။ (S.H.A.N 070710)
- ဒုတိယနှစ်ဝက် ကျောင်းဖွင့်ချိန် ဖွန်လမှစ၍ မော်လမြိုင်တက္ကသိုလ်အတွင်းသို့ ကျောင်းသားကဒ် ချိတ်ဆွဲ ထားခြင်းမရှိ သူများအား ကျောင်းဝင်းအတွင်းသို့ ဝင်ခွင့်မပြုတော့ကြောင်း ကျောင်းသူကျောင်းသားများကပြောသည်။ (IMNA 070710)
- မွန်ပြည်နယ်၊ မုဒုံမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးပါတီက ပါတီဝင်အင်အား တိုးလာစေရန်အတွက် တစ်ရွာလျှင် ၄၀ ဦးမှ ၅၀ ဦးအထိ စုစည်းထားရန် ကျေးရွာဥက္ကဌများအား တိုက်တွန်းထားသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (IMNA 070710)
- လိုင်စင်မဲ့ကားများ ဖမ်းဆီးမည်ဟု သတင်းထွက်နေသော်လည်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ဘက်မှာ လိုင်စင်ပြေးဆွဲ နေသည့် လိုင်စင်မဲ့အဖွဲ့အစည်းကားများ ပြေးဆွဲနေလျှက်ရှိကြောင်း KPF (ဟောင်းတယော) အဖွဲ့ဝင်ထားသည့်ကား ပိုင်ရှင်တစ်ဦးက ပြောသည်။ (IMNA 070710)
- မွန်ပြည်နယ်တောင်ပိုင်း ရေးမြို့နယ်၊ လမိုင်းမြို့နယ်ခွဲအတွင်းရှိ ကျေးရွာများအတွင်း ရယကတို့မှ ရွေးကောက်ပဲတွင်မဲ ပေးနိုင်ရေးအတွက် အသက် (၁၈) နှစ်ပြည့်သူများစာရင်းကို ယခုရက်ပိုင်းအတွင်း လိုက်လံကောက်ခံနေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (IMNA 070710)
- မြန်မာနိုင်ငံ ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့နယ်ခွဲဖြစ်သည့် ရိခွါဒါရ်မြို့နယ် တီယိုကျေးရွာ အစိုးရမူ လွန်ကျောင်း ၌ ကျောင်းသုံးထိုင်ခုံများ မလုံလောက်သဖြင့် ကျောင်းသူကျောင်းသားများ အလှည့်ကျဖြင့် ကျောင်းတက်နေကြရသည် ဟု တီယိုကျေးရွာမှ ကျောင်းဆရာတဦးက ပြောသည်။ (Khonumthung 070710)
- မြန်မာစစ်စိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကချင်ပြည်နယ် ပူတာအိုခရိုင် သို့အလည်အပတ်ရောက်ရှိစဉ် ကချင်အမျိုးသားများအကြား ရန်လိုမုန်းတီးသတ်ဖြတ်ကြရန် သွေးထိုးခဲ့သည်။ (KNG 070710)
- ကရင်နီပြည် လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်တွင် ဂန်ထမ်းအလုပ် လျှောက်လိုသူများသည် ငွေကြေးပေးဆောင်၍ လျှောက်နေကြရသည်ဟု အလုပ်လျှောက်နေသူများက ပြောသည်။ (KT 070710)
- မိုးကြီးမြေပြို တံတားပျက်၍ ကားအသွားအလာ လုပ်၍မရဘဲ ဖြစ်နေသော ဘူးသီးတောင်-မောင်တောကားလမ်းအား ဆင်ဖြူတော်ကို သယ်ယူရန်အတွက် ယာယီသွားလာနိုင်အောင် ပြုလုပ်နေကြောင်း လုပ်ငန်းအခြေနေနှင့်ပတ်သတ်၍ အမည်မဖေါ်လိုသူ မောင်တောမြို့မှ အင်ဂျင်နီယာ တစ်ဦးကပြောသည်။ (Narinjara 070710)

## ဇူလိုင်လ (၈) ရက်

- နိုင်ငံရေးပါတီများ၏ စည်းရုံးရေးခရီးစဉ်များတွင် စစ်အစိုးရအာဏာပိုင်များက လိုက်လံစောင့်ကြပ်နေခြင်းကြောင့် ရွေးကောက်ပွဲအကြိုကာလတွင် နိုင်ငံရေးပါတီများမှ စည်းရုံးရေးမှူးများနှင့် ပြည်သူလူထုအကြား လွတ်လွတ်လပ်လပ် မဆွေးနွေးရဲပဲ ဖြစ်နေသည်ဟု ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ဥက္ကဋ္ဌ ဦးသုဝေက ပြောကြားသည်။ (NEJ 080710)
- ထိုင်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ပေးထားသည့် ယာယီ နိုင်ငံကူးလက်မှတ်များကို ဓာတ်ပုံအစားထိုးကာ ဘန်ကောက်သို့ ခိုးဝင်မည့်မြန်မာ (၈) ဦးအား ထိုင်းရဲကဖမ်းဆီးခဲ့ကာ မဲဆောက်တရားရုံးတွင် တရားစွဲဆိုထားသည်။ (NEJ/ Irrawaddy 080710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ပြေစာပေါက် လယ်မြေများအား သိမ်းယူကာ တဇေ (၁) သောင်းကျပ် သီးစားခကို ထန်းပင်ကုန်းကျေးရွာ ဉက္ကဋ္ဌမှ တဆင့် ငွေတောင်းခံနေမှုကြောင့် မိုးညှိုမြို့နယ်၊ ထန်းပင်ကုန်းအုပ်စု၊ အောက်ရွာလေးကျေးရွာ တောင်သူများနှင့် မိုးညှိုမြို့နယ် အာဏာပိုင်တို့၏ လတ်တလောအခြေအနေ တင်းမာလျှက်ရှိသည်ဟု ဒေသခံတောင်သူတို့ကပြောသည်။ (NEJ 080710)
- စစ်အစိုးရ ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီ (၃၆) ခုကို မှတ်ပုံတင်ခွင့်ပြုလိုက်ပြီးနောက် ရခိုင် ပြည်နယ်တွင် မြို (ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့ (ယခင် ၁၉၉၀ ရွေးကောက်ပွဲဝင် ပါတီဟောင်း)၊ ခမိအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ မြိုတိုင်းရင်းသားပါတီ၊ ကမန်အမျိုးသားတိုးတက်ရေးပါတီ၊ ရခိုင် တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစု၊ အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးဒီမိုကရက်တစ်ပါတီ (မွတ်စလင်ဘာသာဝင်များပါတီ) တို့ဖြစ်ပြီး အခြားပါတီများမှာ ကြံ့ဖွံ့ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် ခေတ်သစ်ပြည်သူ့ပါတီ စသည့်ပါတီ (၁၀) ပါတီမှ လှုပ်ရှားနေသည်။ (NEJ 080710)
- ယာယီနိုင်ငံကူးလက်မှတ် ရရှိထားသော မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် မေလ (၁၂) ရက်နေ့ အထိ (၈၀,၄၃၅) ဦးသာရှိပြီး လျှောက်ထားဆဲ အရေအတွက်မှာ (၇၅၂,၅၇၂) ဦးရှိကာ (၂၄၆,၉၇၈) ဦးသည် တရားမဝင် အလုပ်သမားများဘဝသို့ ကူးပြောင်းသွားခဲ့ပြီဖြစ်ကြောင်း ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ နိုင်ငံတကာအဖွဲ့ (IOM) က ထုတ်ပြန်ပြောဆိုသည်။ (NEJ 080710)
- ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ UMFMP သည် ဇွန်လ ၁၈ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်ရှိဈေး တခုတွင် ပါတီအတွက် ရန်ပုံငွေများအလှူခံခဲ့ရာ စည်ပင်သာယာ နည်းဥပဒေနှင့် တရားစွဲဆိုရန် ဇူလိုင်လ ၇ ရက်နေ့၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (အရှေ့ပိုင်းခရိုင်) အာဏာပိုင်များကဆင့်ခေါ်ထားကြောင်း ပါတီအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးအေးလွင်က ပြောသည်။(Irrawaddy/ Mizzima/ DVB 080710)
- စစ်အစိုးရ ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်ပေါက် လာမည့် အစိုးရသစ်လက်ထက်တွင် နိုင်ငံသားတိုင်းစစ်မှုထမ်းရမည့် ဉပဒေတစ်ရပ် ထွက်ပေါ်လာဖွယ်ရှိကြောင်း ရန်ကုန်ဥပဒေပညာရှင်အသိုင်းအဝန်းမှ ဆိုသည်။ (Irrawaddy 080710)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (USDA) ကို အခြေခံပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ (USDP) ကို ထူထောင်ထားခြင်း ဖြစ်သဖြင့် ရောထွေးမှုများမရှိစေရန် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများသီးခြားခွဲထားရန်အတွက် မြန်မာနိုင်ငံ စာရင်းစစ်ချုပ်ရုံးမှ စာရင်းပြုစုပေးနေ ကြောင်း စာရင်းစစ်ချုပ်ရုံးနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 080710)
- ပဲခူးတိုင်း သာယာဝတီခရိုင်၊ သုံးဆယ်မြို့ရှိ ဓမ္မသုခကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တ အရှင်ညာဏ၏ ကျောင်းတော်မှ သက်သက်လွတ် ထမင်းဟင်းကိုစားပြီး မေတ္တာရေကို သောက်သုံးလျှင် မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်း၊ ကျောက်ကပ်၊ နလုံး၊ ခါးကိုက်၊ ခါးနာစသည့် ရောဂါ၊ ဝေဒနာတို့ကို ပျောက်သည်ဟုဆိုကာ လာရောက်ဖူးမြော်သူ သီတင်းပတ်တစ်ပတ်လျှင် ၁၇၅၀၀ ခန့်ရှိသည်ဟု ဝေယျာဝစ္စ လုပ်ကိုင်နေသူများ ကပြောသည်။ (Mizzima 080710)
- စာပေစိစစ်ရေးအနေဖြင့် ဆင်ဆာဖြတ်ရာတွင်ပင် ခွဲခြားမှုများရှိနေကြောင်း လုံခြုံအောင် ဝတ်စားထား ခြင်းမရှိသော ဓာတ်ပုံတစ်ခုကြောင့် စာစောင်ထုတ်ဝေမှု တပတ်ရပ်နားခံမှု ဖြစ်ပွားခဲ့ပြီးနောက် ရုပ်ရှင် သရုပ်ဆောင် ဆုရွှန်းလဲ့ကတုံ့ပြန်ပြောဆိုလိုက်သည်။ (Mizzima 080710)
- ရခိုင်ပြည်နယ် မြို့တော်စစ်တွေတွင် နည်းပညာတက္ကသိုလ် ကြိုပို့ကားခ ၂ ဆ မြင့်တက်သဖြင့် ကျောင်း သားများ လမ်းလျှောက်ဆန္ဒပြမှု ဖြစ်ပွားခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ သိပ္ပံနှင့်နည်းပညာ ဝန်ကြီး ဦးသောင်းက ဇူလိုင်လ (၇) ရက်နေ့တွင် လာရောက်ဖြေရှင်းပေးခဲ့သည်။ (Mizzima 080710)
- နွေရာသီကာလတုန်းက သောက်ရေအခက်အခဲဖြစ်ခဲ့သည့် ပဲခူးတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသ ဘိုကလေးနှင့်လပွတ္တာတွင် အလှူရှင်များ၏ ရေတွင်း၊ ရေကန်တူးဖော်မှုနှင့် မိုးအနည်းငယ်ရရှိမှုကြောင့် အဆင်ပြေမှုများရှိနေကြောင်း ဒေသခံများနှင့် အလှူရှင်များက ပြောသည်။ (DVB 080710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပြီးသည့် ပြည်ထောင်စုဒီမိုကရေစီပါတီ၏ နယက ဂါရင့်သျှမ်းနိုင်ငံရေးခေါင်းဆောင် ဦးရွှေအုံး၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေ ကြောင်း မိသားစုဝင်များက ပြောသည်။ (DVB 080710)
- လူမှုရေးအမည်ခံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံရေးပါတီအသွင်ကိုပြောင်းကာ ရွေးကောက် ပွဲ ဝင်ရန်ပြင်ဆင်နေခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များဖြစ်ကြောင်း USDA ဒုတိယရုံးအဖွဲ့မှူး သုရမြင့်ဦးက ပြောသည်။ (RFA 080710)
- နေပြည်တော်မှာ ပုလိပ်ရောဂါကြောင့် သေဆုံးနေသည့်ကြွက်ကို တွေ့ရှိခဲ့သဖြင့် အစိုးရက သက်ဆိုင်ရာ ဌာနများကို သတိထားရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်ထားသည်ဟု ရိုက်တာသတင်းဌာနက ရေးသားဖော်ပြထားသည်။ (VOA 080710)
- မြန်မာနိုင်ငံတွင် အဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေးအတွက် စစ်အစိုးရ၏ ဆောင်ရွက်မှုများသည် တဖြည်းဖြည်း တိုးတက်မှုရှိလာပြီဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ILO ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စား လှယ် စတိဗ်မာရှယ် (Steve Marshall) က ပြောသည်။ (VOA 080710)
- ဇွန်လဆန်းပိုင်းကစ၍ သျှမ်းပြည်အနှံ့ မြို့နယ်ကော်မတီရုံးခွဲများ ဆက်တိုက်ဖွင့်လှစ်ခဲ့သည့် သျှမ်း တိုင်းရင်းသားများ ဒီမိုရက်တစ်ပါတီ SNDP အနေဖြင့် "ပါတီဝင်အရေအတွက်ပြည့်ဖို့က ကျနော်တို့အတွက် သိပ်စိတ်မပူရဘူး၊ လူထုရဲ့ စစ်မှန်တဲ့ နလုံးသားရဖို့ အရေးကြီးတယ်၊ အရေအတွက်ထက် အရည်အသွေးက ပိုအရေးကြီးတယ်လို့ကျနော်မြင် တယ်" ဟု ပါတီဝင်တဦးက ပြောသည်။
 (S.H.A.N 080710)
- မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်ရှိ လိုင်စင်မဲ့ တရုတ်မော်တော်ဆိုင်ကယ်များကို စစ်အစိုးရကဇူလိုင်လဆန်းမှ စ၍ ယာဉ်ပိုင်ရှင်များကို အတင်းလက်မှတ်ထိုးစေပြီး "ပြည်သူ့ဘဏ္ဍာအဖြစ်" သိမ်းယူနေသည်။ (KNG 080710)
- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ချင်းတိုးတက်ရေးပါတီ (စီပီပီ) က မြို့နယ်အဆင့် အလုပ်အမှုဆောင် ကော်မီတီများကို ဇွန်လ ၂၉ ရက်နေ့က ချင်းပြည်နယ် ဖလမ်းမြို့ CPP ရုံးတွင် အစည်း အဝေးတရပ် ကျင်းပပြုလုပ်ကာ ဖလမ်းမြို့နယ်အ လုပ်အမှုဆောင်ကော်မီတီဝင် ၁၁ ဦး၊ အီးစီ အဖွဲ့ဝင် ၁၇ ဦး၊ ကော်အော်ဒီနေတာ ၂ ဦးနှင့် နာယက ၂ ဦးတို့ကို ရွေးချယ်ဖွဲ့စည်းခဲ့သည်။ (Khonumthung 080710)
- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်ကြားရှိ ဟောင်သရောမြစ်အတွင်း ပြေးဆွဲနေကြ သည့် စက်လှေများသည် တရားမဝင်ဂိတ်များအား အဆမတန် အခွန်ပေးဆောင်ရသော ကြောင့် ယခုရက်ပိုင်းအတွင်း စက်လှေပြေးဆွဲမှု နည်းပါးလာသည်ဟု ဒေသခံများက ပြောသည်။ (KIC 080710)
- ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ကရင်ပြည်သူ့ပါတီ (KPP) က ယခုရက်ပိုင်း၌ ကယားပြည်နယ်အတွင်း စည်းရုံးရေးဆင်းရန် ပြုလုပ်နေချိန်တွင် ကရင်နီပြည်သူများက ၎င်းတို့၏စည်းရုံးမှုကို လက်မခံ ကြောင်း KPP နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (KIC 080710)

## ဇူလိုင်လ (၉) ရက်

- ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်းများမှတဆင့် ၂၀၁၀ ခုနှစ်အတွင်း တတိယနိုင်ငံသို့ အခြေချခွင့်ရသူ ဦးရေသည် ယမန်နှစ်ထက် များစွာလျော့နည်းခဲ့ကြောင်း ထိုင်း-မြန်မာနယ်စပ် ပူးပေါင်းကူညီရေးအဖွဲ့ (တီဘီဘီစီ) က ပြောကြားသည်။ (NEJ 090710)
- ရန်ကုန်မြို့ရှိ လမ်းဘေးဈေးသည်များကို နံနက် (၆) နာရီမှ (ည) ၆ နာရီအတွင်း လုံးဝရောင်းချခွင့်မရှိ ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အမိန့်ထုတ်ပြန်လိုက်သည်။ (NEJ 090710)
- ဇူလိုင်လ ၈ ရက်နေ့ကစတင်၍ မြန်မာဘက်အခြမ်းရှိလမ်းကို ကွန်ကရစ်လောင်းနေ၍ ဇူလိုင်လ ၉ ရက်နေ့နံနက်တွင် ဘုံဆိုင်မြေအတွင်းသို့ ဝင်ရောက်လောင်းချလာသည့်အတွက် ထိုင်းအာဏာပိုင်များက ကန့်ကွက်ခဲ့သောကြောင့်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



အများပြည်သူသွားလာရန် ဖွင့်လှစ်ထားပေးသောလမ်းကို မြန်မာအာဏာပိုင် တို့က ပိတ်လိုက်သဖြင့် ဘုရားသုံးဆူမြို့ အတွင်း သွားလာလည်ပတ်အရောင်းအ၀ယ်လုပ်နေသူများ ဒုက္ခရောက်နေကြသည်ဟု ထိုင်းအာဏာပိုင် သတင်းရပ်ကွက်နှင့်နီးစပ်သူတဦးက ပြောသည်။ (NEJ 090710)

- ပုဂံမြို့၊ ဗုဒ္ဓဓမ္မစင်တာ တည်ဆောက်ရေး လုပ်ငန်းခွင်၌ အလုပ်ကြမ်း ခိုင်းစေခြင်းခံနေရသည့် သာသ နာရေးရုံး ၀န်ထမ်း (၁၀) ဦးခန့်သည် ၎င်းတို့မူလရုံးဖြစ်သည့် ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေး၀န်ကြီးရုံးသို့ ဇူလိုင် ပထမပတ်တွင် ပြန်လည်တာ၀န်ထမ်းဆောင်ခွင့်ရပြီဟု သာသနာရေးရုံးမှ၀န်ထမ်းတဦးက ပြောသည်။ (NEJ 090710)
- ဇူလိုင်လ (၇) ရက်နှင့် (၈) ရက်နေ့က မြန်မာ့ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေး လှုပ်ရှားနေသည့် တပ်ပေါင်းစု (၁၀) စုမှ ကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ ၂၀၁၀ ရွေးကောက်ပွဲ တရားမမျှတမှုများ ကြားနာပွဲ ကျင်းပခဲ့ပြီးနောက် နအဖ ၂၀၁၀ ရွေးကောက်ပွဲအား ရှုတ်ချသွားရန် မလေးရှားလွှတ်တော်အမတ်များက မလေးရှားအာဏာရအစိုးရကို တိုက်တွန်းသွားမည်ဟု ဇူလိုင်လ (၈) ရက်နေ့ က ပြောကြားလိုက်သည်။ (NEJ 090710)
- ကမ္ဘာနှင့်အဝှန်း ကျော်ကြားခဲ့သော ၂၀၀၇ ခုနှစ် ရွှေ၀ါရောင်သံဃာ့တော်လှန်ရေးတွင် ပါ၀င်ခဲ့သည့် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ လယ်တီကျောင်းတိုက်၊ စိတ္တသုခကျောင်းတိုက်၊ ပေပင်ကျောင်းတိုက်နှင့် အရှေ့လေးထပ်ကျောင်းတိုက် တို့တွင် လုံခြုံရေးတပ်ဖွဲ့နှင့် ရဲကားများချထားသည်ဟု မုံရွာမြို့နယ် ရဲအရာရှိတဦးက ပြောသည်။ (NEJ 090710)
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် ပါတီမှတ်ပုံတင်ကြေး၊ လွှတ်တော် ကိုယ်စားလှယ်ကြေး၊ ပါတီစာစောင် ရေးသားထုတ်ဝေခွင့်ကြေးများ အပါအ၀င်နိုင်ငံအဝှမ်း စည်းရုံးရေး ခရီးစဉ် ကုန်ကျစရိတ်များပြားလွန်းခြင်း၊ တင်းကျပ်လွန်းသည့် လူထုစည်းရုံးရေး စည်းမျဉ်းစည်းကမ်းများ ကြောင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ အမျိုးသားဒီမိုကရေစီအင်အားစု (NDF)၊ ရခိုင်တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ရှမ်းတိုင်းရင်းသား ဒီမိုကရက်တစ်ပါတီတို့နှင့် ပြည်ထောင်စု ဒီမိုကရေစီပါတီ တို့က မဟာမိတ်အဖြစ် ပူးပေါင်းရန် ပြင်ဆင်နေသည်ဟု ပြည်ထောင်စု ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးဖြိုးမင်း သိန်းက ပြောသည်။ (NEJ/ Mizzima 090710)
- ဦးတေဇ၏သားအကြီး ပြည့်ဖြိုးတေဇက သူ့အပေါ်ဥရောပသမဂ္ဂ၏ ဒဏ်ခတ်ပိတ်ဆို့ထားမှုကို ဖယ်ရှား ပေးရန် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သော်လည်း ပယ်ချခံလိုက်ရသည်။ (Irrawaddy 090710)
- ၂၀၁၀ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ အဓိကပြိုင်ဘက်သည် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP)နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) ဖြစ်ကြောင်း ဦးသုဝေက ဇူလိုင်လ ၉ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (Irrawaddy 090710)
- ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်တွင် ကွန်တိန်နာယာဉ်ရပ်နားစခန်း တည်ဆောက်မည့်နေရာ၌ နေထိုင်သူများ ယခုနှစ်အတွင်းအပြီးသတ်ပြောင်းရွှေ့ ပေးရမည်ဆို၍ အခက်အခဲ ဖြစ်နေကြကြောင်း ဒေသခံများကပြောသည်။ (Irrawaddy 090710)
- မြ၀တီမြို့တွင်အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးသက်နိုင်ဝင်း ရောက်ရှိနေသဖြင့် မြန်မာ နိုင်ငံ မြ၀တီမြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ အဓိကဆက်သွယ်ထားသည့် ထိုင်းမြန်မာချစ်ကြည်ရေး တံတားဂိတ်ကို ဇူလိုင်လ ၉ ရက်နေ့နံနက်မှစ၍ မြန်မာဘက်က ပိတ်ထားလိုက်သည်။ (Mizzima 090710)
- ကလေးစစ်သားအရေးနှင့် အဓမ္မလုပ်အားပေး ကိစ္စရပ်များအတွက် ILO နှင့် ပူးတွဲလုပ်ကိုင်နေသည့် အလုပ်သမားများ သမဂ္ဂ အဖွဲ့ဝင်တဦးကို မကွေးတိုင်း တောင်တွင်းကြီး စစ်သားတဦးက သမဂ္ဂမှ နုတ်ထွက်ရန် မကြာသေးခင်က ဖိအားပေးခဲ့သည်။ (Mizzima 090710)
- ရန်ကုန်ရှိ အလယ်တန်းနှင့် အထက်တန်းကျောင်း ဆရာ၊ ဆရာမ ၄၀၀ ခန့်က ရွေးကောက်ပွဲတွင် မဲပေးနိုင်မည့်လူဦးရေစာရင်းကို ကြည့်မြင်တိုင်မြို့ အမှတ် ၃ အခြေခံပညာ ဦးစီးဌာနတွင် ပြုစုပေးနေ ရကြောင်း ကြည့်မြင်တိုင်မြို့နယ် အမှတ် ၃ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းဆရာမ တဦးက ပြောသည်။ (Mizzima 090710)
- စစ်အစိုးရရုံးစိုက်ရာ နေပြည်တော်ရှိ တပ်များအတွင်း ပလိပ်ရောဂါနှင့် သွေးလွန်တုတ်ကွေးကူးစက် ရောဂါဖြစ်ပွားနေကြောင်း အမည်မဖော်လိုသူ နေပြည်တော်စစ်ဆေးရုံ အရာရှိတဦးက ပြောသည်။ (Mizzima 090710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြစ်ကြီးနား-မန္တလေး ရထားလမ်းပေါ်၌ တည်ရှိသော ဟိုပင်မြို့အနီးမှ ခြေလျင်တပ်ရင်း ၃၈၉ တပ်ရင်းပိုင်ခဲယမ်းမီး ကျောက်ယမ်းတိုက်တခု ပေါက်ကွဲမှု ဇွန်လ ၃၀ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်ဟု ဟိုပင်မြို့ခံတဦးကပြောသည်။ (Mizzima 090710)
- လူနာများအပေါ် ဂရုစိုက်မှု နည်းပါးသည်ဟု သတင်းကြီးနေသဖြင့် ဆေးကုသခံယူလိုသူများ သွားရောက်မှုသိပ်မရှိ တော့ဘဲ သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံကြီး ခြောက်ကပ်လျှက်ရှိကြောင်း ဆေးရုံဂန်ထမ်းအသိုင်း အဝိုင်းကပြောသည်။ (S.H.A.N 090710)
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကျန်းမာပါစေ၊ အမြန်ဆုံးလွတ်မြောက်ပါစေနှင့် တွေ့ဆုံဆွေး နွေးမှု အမြန်ဆုံးဖြစ်ပေါ်ပါစေဟူသည့် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ရှိ ပင်စင်စားသမားများ က တစ်နေ့ကို ၆ နာရီ တရားထိုင် အဓိဋ္ဌာန်ဝင်နေကြသည်။ (DVB 090710)
- အကျဉ်းကျခံနေရသည့် ဂန္ဓာရဂတိ သတင်းဂျာနယ် ဘယ်ဒီတာဟောင်း ဦးညီညီထွန်းအား လွန်ခဲ့သည့် ၂၀၀၉ ခုနှစ် အောက်တိုဘာလက ရန်ကုန်တိုင်း ပြည်သူ့ရဲ၊ ထောက်လှမ်းရေးနှင့် နိုင်ငံရေးဌာနစိတ်က ဖောက်ခွဲရေးလုပ်သည်ဟု စွပ်စွဲချက်ဖြင့် ဖမ်းဆီးထိန်းသိမ်းထားစဉ် ၆ ရက်အတွင်း နှိပ်စက်ခံရမှုနှင့် ပတ်သက်၍ ပြည်ထဲရေးဂန်ကြီးဌာနအား တိုင်ကြားသော်လည်း ဘာထူးခြားမှုမှမရှိသဖြင့် ထပ်မံတိုင် ကြားရန် အမှုသည်က တောင်းဆိုထားကြောင်း ရှေ့နေကို ဖိုးဖြူက ပြောသည်။ (RFA 090710)
- မြန်မာနိုင်ငံတွင် ကျင်းပမည့်ရွေးကောက်ပွဲနှင့်ပတ်သက်၍ အီတလီနိုင်ငံအနေဖြင့် မျက်ခြေမပြတ် စောင့်ကြည့်နေ ကြောင်း ဇူလိုင်လ ၉ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဂင်များနှင့်လာ ရောက်တွေ့ဆုံခဲ့သည့် အီတလီဒုတိယသံအမတ်ကြီး မိစ်အင်ဒီဂိုနာကပြောကြားလိုက်သည်။ (RFA 090710)
- ရခိုင်ပြည်နယ် စစ်တွေနည်းပညာကောလိပ်အပါအဝင် စစ်တွေတက္ကသိုလ်တွင် ကျောင်းသားကျောင်းသူများ နေထိုင် ရန်အတွက် အဆောင်များကို အစိုးရမှ စနစ်တကျ စီစဉ်ပေးမှုမရှိသဖြင့် ယခုကဲ့သို့ ဆူပူဆန္ဒပြမှုများ ပေါ်ပေါက်ရ ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူစစ်တွေကောလိပ် ကျောင်းသားဟောင်းတစ်ဦးကပြောသည်။ (Narinjara 090710)

## ဇူလိုင်လ (၁၀) ရက်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဟောင်းများဖြစ်သည့် ဦးခင်မောင်ဆွေနှင့် ဒေါက်တာသန်းငြိမ်း ဦးဆောင်သော အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ကို စစ်အစိုးရ ပြည်ထောင် စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီအဖြစ် ဇူလိုင်လ ၉ ရက်နေ့က မှတ်ပုံတင်ခွင့်ပြုလိုက်သည်။ (RFA 100710)
- ချင်းပြည်နယ် ဟားခါးမြို့ပေါ်တွင် ချင်းဘာသာဖြင့် ပထမဆုံး ထုတ်ဝေသည့် သတင်းဂျာနယ်ဖြစ်သော the Chin Journal ယခုရက်ပိုင်းအတွင်း ရောင်းအားကောင်းနေ၍ ဟားခါးမြို့ခံပြည်သူလူထုများ အထူးစိတ်ဂင်စားနေကြသည်။ (Khonumthumg 100710)
- တီးတိန်မြို့ အခြေစိုက် ခရလ ၂၇၄ တပ်ရင်းလက်အောက်ခံ Bukphir ကျေးရွာတွင် ယာယီစခန်းချထား သည့် ဗိုလ် ကြီးသီဟ ဦးဆောင်သော မြန်မာစစ်တပ်က နွားကုန်သည်များထံမှ နွားတကောင်လျှင် တသိန်းကျပ်နှုန်းဖြင့်ငွေ ကောက်ခံနေသည်။ (Khonumthumg 100710)
- မြန်မာနိုင်ငံအနောက်ဘက် ချင်းပြည်နယ် ဟားခါးမြို့ပေါ်၌ လွန်ခဲ့သည့်ဇွန်လကုန်ပိုင်း ကတည်းက စတင်ဖြစ်ပွားခဲ့ သည့် ဂမ်းလျှောဂမ်းပျက်ရောဂါကြောင့် လူနာရှင်များပိုမို တိုးလာနေရာအတွင်း လူနာအဖြစ်ကုသခံနေရသူ ၈၀ နီးပါးရှိသွားပြီသည်ဟု ဟားခါးမြို့ပေါ်ရှိကိုယ်ပိုင်ဆေးခန်းဖွင့်လှစ်သူ ဆရာမ တဦးက ပြောသည်။ (Khonumthumg 100710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လောင်စာဆီဈေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲများကြောင့် အဖမ်းခံရဲ့ရပြီး နယ်ဝေးထောင်များသို့ အပို့ခံ ထားရသည့် ကိုမင်းကိုနိုင် အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန် ခရိုင်ကျောင်းသားလူငယ်များအစည်း အရုံးက တောင်းဆိုလိုက်သည်။ (DVB 100710)
- နအဖမှ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအား လက်မခံကြောင်း နိုင်ငံတကာကို ရှင်းလင်းပွဲများ လိုက်လံလုပ်ဆောင် သွားမည်ဟု တိုင်းရင်းသားအဖွဲ့အစည်း (၈) ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသော အမျိုး သားဒီမိုကရေစီတပ်ပေါင်းစု NDF က ပြောဆိုလိုက်သည်။ (DVB 100710)
- ထိုင်း-မြန်မာနယ်စပ် မြန်မာဘက်ခြမ်း ဘုရားသုံးဆူဘက်မှသယ်ဆောင်လာသည့် ယာဘစိတ်ကြွ ဆေးပြားအလုံးရေ (၁) သောင်းကျော်ကို ထိုင်းနိုင်ငံစံခလဘူရီမြို့တွင် ဇူလိုင်လ ၉ ရက်နေ့က ထိုင်းအာဏာပိုင်များကဖမ်းဆီးရမိခဲ့ သည်။ (DVB 100710)
- သျှမ်းပြည်နယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့သို့ တစ်နှစ်ကျော်အတွင်း ပြောင်းရွှေ့နေထိုင်သူဦးရေ အလွန်များပြား လာသောကြောင့် ယခင်ကထက်မြေကွက်ဈေး အဆမတန်ထိုးတက်သွားကြောင်း မြို့ခံတစ်ဦးကပြောသည်။ (S.H.A.N 100710)
- သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဦးသောင်း ဇူလိုင်လ ၇ ရက်နေ့က စစ်တွေနည်းပညာ ကောလိပ်သို့ ရောက်ရှိလာပြီး ကျောင်းကားခကို တကြောင်းကို ကျပ် ၂၀၀ စီဖြင့် ကျောင်းသားများမှ ပေးဆောင်ရန်သတ်မှတ်ပေးခဲ့သော်လည်း ကျောင်းသားများအတွက် အခက်အခဲဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း စစ်တွေနည်းပညာကောလိပ်မှ ကျောင်း သားများက ပြောသည်။ (Narinjara 100710)
- ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ဖြစ်ပေါ်ခဲ့သော ရေဘေးအတွက် ရန်ကုန် နေ ရခိုင်ပြည်ဖွား မူဆလင်စီးပွားရေးသမားများက သိန်းရာချီပြီးအကူအညီပေးခဲ့သည်ဟု ရခိုင်စီးပွားရေးသမားတစ်ဦး က ပြောသည်။ (Narinjara 100710)
- နအဖ စစ်အုပ်စုဦးစီးကျင်းပသည့် ၂၀၁၀ ရွေးကောက်ပွဲတွင် မပါဝင်ကြရန် မူစယ်၊ နမ့်ခမ်းမြို့နယ် အတွင်းစာများ လျှို့ဝှက်ဖြန့်ဝေလျက်ရှိကြောင်း မူစယ်မြောက်ရပ်ကွက်နေ စိုင်းနွံမောင်းက ပြောသည်။ (S.H.A.N 100710)

## ဇူလိုင်လ (၁၁) ရက်

- မန္တလေးမြို့ ထီးပေါင်းကားစာကြည့်တိုက်အဖွဲ့ မြရည်နန္ဒာဈေး မိသားစုများစုပေါင်းဖွဲ့စည်းထားသည့် လူမှုရေးအသင်းမှ မိဘမဲ့ဖြစ်စေ၊ မိဘရှိဖြစ်စေ တောင်းရမ်းစားသောက်နေရသည့် ကလေးများ၏ ပညာရေး၊ လူမှုရေးဘဝမြှင့်တင် ပေးရန် ရည်ရွယ်၍ ကလေးသူငယ်များကို ခေါ်ယူစောင့်ရှောက်ပေးနေသည်။ (RFA 110710)
- မိုးရာသီတွင် တောင်ပြိုလမ်းပိတ်မှုများကို ရှင်းလင်းရန်အတွက် စစ်ကိုင်းတိုင်း ခန္တီးခရိုင်အာဏာပိုင်များက ဒေသခံများ ကိုတစ်အိမ်တစ်ယောက် မလိုက်မနေရ လုပ်အားပေးခိုင်းစေနေသည်။ (RFA 110710)
- ထိုင်းနှင့်မြန်မာနှစ်နိုင်ငံကြား မပြေမလည်ဆက်ဆံမှုများရှိခဲ့ရာက ကုန်သွယ်မှုများနှင့် ကူးလူးဆက်ဆံမှု များသည့်နယ် စပ်ဂိတ်များ ပိတ်နေသည့်နေရာတွင် ဇူလိုင်လ ၁၁ ရက်နေ့က မဲဆောက်-မြဝတီ အဝင်အထွက်များကို မြန်မာဘက်က ပိတ်လိုက်သဖြင့် ကုန်သည်များဒုက္ခရောက်နေကြသည်။ (VOA 110710)

## ဇူလိုင်လ (၁၂) ရက်

- ခမောက်ပုံကို ပါတီတံဆိပ်အသုံးပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်သည့်ကြားမှ ရွေးကောက်ပွဲကော်မရှင် က အမျိုးသား ဒီမိုကရေစီအင်အားစု (အန်ဒီအက်ဖ်)ပါတီကို နိုင်ငံရေးမှတ်ပုံတင်ခွင့်ပြုလိုက်သည့်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် (အန်အယ်လ်ဒီ)က လက်မခံနိုင်ကြောင်း ရှုတ်ချလိုက်သည်။ (NEJ 120610)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မကွေးတိုင်း၊ အောင်လံမြို့နယ်တွင် စစ်အစိုးရက သိမ်းယူခဲ့သော လယ်ယာမြေများကို တောင်သူလယ် သမားများအား ပြန်လည်လုပ်ကိုင်ရန် ခွင့်ပြုခဲ့သော်လည်း ဒေသခံအာဏာပိုင်များက လယ်ယာမြေ တချို့ကို ကြားဖြတ်သိမ်းယူထားကာ စီးပွားရေးသမားများထံ အငှားချထားကြောင်း လယ်မြေအသိမ်း ခံထားရသူတဦးဖြစ်သည့် ကိုသန်းစိုးကပြောသည်။ (Irrawaddy 120610)
- ဗိုလ်အောင်ကျော်ဆိပ်ကမ်းနှင့် ဆိပ်ကမ်းဂန်ဆောင်မှုများကို မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်က ဇူလိုင် လ ၁ ရက်မှ စတင်၍ အပြီးအပိုင် လွှဲပြောင်းယူလိုက်ပြီးဖြစ်ကြောင်း မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ အုပ်ချုပ်ရေးဆိုင်ရာ မန်နေဂျာတစ်ဦးက ပြောသည်။ (Irrawaddy 120610)
- ခိုးကူးခွေများကြောင့် ဈေးကွက်ယိမ်းယိုင်နေရာ ပြန်လည်ဦးမော့စေရေးအတွက် မြန်မာ VCD ဇာတ်လမ်း ခွေများကို ဈေးနှုန်းလျှော့ချရောင်းရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ညွှန်ကြားထားကြောင်း မြန်မာ့ ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Irrawaddy 120610)
- ယခုလဆန်းက ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်မှ မြောက်ဥက္ကလာပမြို့နယ်ဈေးတစ်ခုတွင် အလှူခံခဲ့မှုကြောင့် မည်သည့်အလှူခံမှုဝင်ရောက်အလှူခံခွင့် မပြုတော့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တားမြစ်လိုက်သည်။ (Mizzima 120710)
- ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (SNDP)သည် ရှမ်းပြည်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းနှင့် ကချင်ပြည်နယ်ရှိ ရှမ်းတိုင်းရင်းသားများနေထိုင်သည့် မြို့နယ်တချို့တွင် စည်းရုံးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီးဖြစ်ကြောင်း ပါတီခေါင်းဆောင်ဦးစိုင်းအိုက်ပေါင်းက ပြောသည်။ (DVB 120710)
- တရုတ်နိုင်ငံတွင် ရောင်းစားခံရရာမှ ပြန်လွတ်လာသည့် သျှမ်းအမျိုးသမီးများက ၎င်းတို့နှင့်အတူ ရောင်းစားခံရပြီး တရုတ်အမျိုးသားများနှင့် အလိုမတူပဲ ထိမ်းမြားနေရသည့် သျှမ်းတိုင်းရင်းသူများ ပြန်လည်လွတ်မြောက်လာရန်အတွက် ရန်ကုန်အခြေစိုက် ILO ရုံးသို့ တိုင်ကြားလိုက်သည်။ (DVB 120710)
- ရန်ကုန် သင်္ကြန်ပုံးပေါက်ကွဲမှုဖြင့် စွပ်စွဲဖမ်းခံနေရသည့် ကိုဖြိုးဝေအောင်သည် ဖမ်းဆီးခံထားရခြင်း ၃ လ ပြည့်နီးပါး အချိန်အထိ အင်းစိန်ထောင် တိုက်တစ်ခုထဲတွင် နေ့စဉ် ၂၃ နာရီလုံးလုံးတိုက်ပိတ်ခံနေရသဖြင့် ၎င်း၏ကျန်းမာရေးအတွက် အခြားအကျဉ်းသားများကဲ့သို့ လမ်းလျှောက်ခွင့်ပေးပါရန် ကိုဖြိုးဝေအောင်၏ ညီဖြစ်သူ ဒေါက်တာ ထက်ဝေအောင်က သက်ဆိုင်ရာအာဏာပိုင်များထံ စာတင်တောင်းဆိုလိုက်သည်။ (DVB 120710)
- ရန်ကုန်အခြေစိုက် ဗြိတိသျှသံရုံးပထမအတွင်းဝန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်များနှင့်ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနေအိမ်တွင် ဇူလိုင်လ ၁၂ ရက်နေ့က လာရောက်တွေ့ဆုံခဲ့ပြီး လက်ရှိ NLD ၏ ရပ်တည်ချက်နှင့် ရွေ့လုပ်ငန်းစဉ်များအကြောင်း မေးမြန်းဆွေးနွေးခဲ့ကြောင်း ပါတီပြောခွင့်ရ ပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ (DVB 120710)
- လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်က ပျောက်ဆုံးခဲ့သည့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်မှ ကလေးစစ်သား မောင်ကျော်သက်အောင်က ၎င်းအားပြန်ခေါ်ရန်အတွက် မိဘကိုအကြောင်းကြားလာသဖြင့် သားပြန်ရရေးအတွက် မိဘများက ကြိုးစားနေကြသည်။ (DVB/ RFA 120710)
- ဓာတုဗေဒဆေးများတင်ဆောင်ထားသည့် စက်ပူသင်္ဘောတစ်စင်းသည် မလေးရှားရေပိုင်နက် တောင် တရုတ်ပင်လယ်ပြင်တွင် ဇူလိုင်လ ၁၂ ရက်နေ့က မီးလောင်ကျွမ်းခဲ့ရာ မြန်မာသင်္ဘောသား (၂) ဦး ဒဏ်ရာရရှိပြီး (၁) ဦးသေဆုံးခဲ့ကြောင်း မလေးရှားမှလာသော AFP သတင်းအရသိရသည်။ (DVB 120710)
- ကချင်ပြည်နယ် ဖန်းမော်အခြေစိုက် အမှတ် ၂၃၇ ခြေမြန်တပ်ရင်းတွင် စစ်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည့် မန္တလေးတိုင်း ဂမ်းတွင်းမြို့နယ် သဲတောကျေးရွာမှ မောင်စန်းလင်းကိုသည် မကြာသေး ခင်ရက်ပိုင်းက ထိုင်း-မြန်မာ မဲဆောက်မြို့သို့ရောက်ရှိလာပြီး အမျိုးသမီးနှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ SAW က စောင့်ရှောက်ထားသည်။ (RFA 120710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရောဂဝတီတိုင်း ဘိုကလေးမြို့တွင် အဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေးနှင့်ပတ်သက်သော အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည့် ရန်ကုန် ILO ရုံးချုပ် ဝန်ထမ်း (၂) ဦးကို အာဏာပိုင် များက ဖမ်းဆီးစစ်ဆေးပြီး ရန်ကုန်သို့ ပြန်လည်ပို့ဆောင်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ (RFA 120710)
- တရုတ်နိုင်ငံမှ လျှပ်စစ်မီးဝယ်ယူသုံးစွဲခဲ့သော သျှမ်းပြည်(မြောက်ပိုင်း)မူစယ်မြို့တွင် ယခုနှစ်ဧပြီလဆန်း ပိုင်းမှစ၍ ရွှေလီရေအားလျှပ်စစ်ဓါတ်အားဖြင့် အစားထိုးလိုက်သည့်တိုင်အောင် လျှပ်စစ်မီတာခမှာ ယခင်တရုတ်လျှပ်စစ်မီး အတိုင်းပေးဆောင်နေရဆဲဖြစ်ကြောင်း ဒေသခံများကပြောသည်။ (S.H.A.N 120710)

## ဇူလိုင်လ (၁၃) ရက်

- မြန်မာနိုင်ငံတွင် ကူးစက်မှုအများဆုံးရောဂါတခုဖြစ်သည့် ဘီပိုး(ခေါ်)အသည်းရောင်အသားဝါ(ဘီ)ရောဂါ ဖြစ်ပွားသူများသည် ကာကွယ်ဆေးအတွက် ကုန်ကျစရိတ်မြင့်မားသော ပြင်ပဆေးခန်းများကိုသာအား ထားနေကြရသည်ဟု ရန်ကုန်မြို့မှ အသည်းအထူးကု ဆရာဝန်တစ်ဦးက ပြောသည်။ (NEJ 130710)
- ရန်ကုန်တိုင်း ကော့မှူးမြို့နယ်တွင် လေဆင်နာမောင်းဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသူများအား ကယ်ဆယ်ရေး စခန်း သီးသန့်ဖွင့်မပေးသည့်အတွက် လတ်တလော၌ နေစရာအခက်အခဲဖြစ်နေကြောင်း မြန်မာနိုင်ငံကြက်ခြေနီ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ (NEJ 130710)
- ရွှေ့ပြောင်းအလုပ်သမားများ လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာ အနာတရဖြစ်မှုများကို လျော့ကြေးပေး အပ်ရန်အတွက် ထိုင်းအလုပ်သမားသမဂ္ဂများ၊ လူ့အခွင့်အရေးအဖွဲ့များစုပေါင်းထားသည့် အဖွဲ့ (၁၄)ဖွဲ့က ဦးဆောင်ကာ ထိုင်းအလုပ်သမားဝန်ကြီးထံသို့ ဇူလိုင်လ ၁၂ ရက်နေ့က တောင်းဆိုလွှာ တစောင် တင်သွင်းလိုက်သည်။ (NEJ 130710)
- ကချင်ပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီများသည် မဲဆွယ်စည်းရုံးရေးဆင်းမှုမျိုး မတွေ့ရသေးပဲ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP တစ်ပါတီသာ ပြိုင်ဘက်မရှိ မဲဆွယ်စည်းရုံးမှုများလုပ်နေကာ ဒေသခံအာဏာပိုင်များ ကိုယ်တိုင်ကူညီပံ့ပိုးနေသည်ဟု မိုးကောင်းဒေသခံ တစ်ဦး က ပြောသည်။ (NEJ 130710)
- မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးယူထားသော ကရင်ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) မှ အသက် (၃၇)နှစ်ရှိ တပ်စုမှူးစောသန်းအောင်ကို အမည်မသိလူသတ်သမားများ၏ ရိုက်နှက်မှုကြောင့် သေဆုံးသွားကြောင်း ဘုရားသုံးဆူမြို့ခံများက ပြောသည်။ (NEJ 130710)
- ထိုင်း-မြန်မာနယ်စပ် မယ်လဒုက္ခသည် စခန်းတွင်ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွား သူ ၅၀၀ ခန့်ရှိပြီး သေဆုံးသူ ၅ ဦးအထိရှိလာကြောင်း မယ်လဒုက္ခသည်စခန်းဆေးရုံမှ ကျန်းမာရေး တာဝန်ခံ စောနေဆဲက ပြောသည်။ (Irrawaddy 130710)
- ဒေါက်တာတူးဂျာသည် ကချင်လွတ်မြောက်ရေးအဖွဲ့နှင့် ဆက်စပ်လျှက်ရှိသဖြင့် ဒေါက်တာတူးဂျာ ဦးဆောင်သော ကချင်ပြည်နယ်တိုးတက်ရေးပါတီ KSPP ကို ပါတီထောင်ခွင့် ပြုမည်မဟုတ်ကြောင်း အမှတ် ၁ စက်မှုဝန်ကြီး ဦးအောင်သောင်းက ကချင်ခေါင်းဆောင်များကို ဇူလိုင်လ ၁၂ ရက်နေ့က ပြောကြားလိုက်သည်။ (Mizzima 130710)
- ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့သည့်အခါ အမှုအကြောင်းကလွဲ၍ နိုင်ငံရေးအကြောင်းမပြောရသည်ဟု တားမြစ်မှုသည် တရားဥပဒေနှင့်မကိုက်ညီသဖြင့် ၎င်းတားမြစ်မှုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်စာတင်ရန် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်ဟု ရှေ့နေဦးဉာဏ်ဝင်းက ပြောသည်။ (DVB 130710)
- ရွေးကောက်ပွဲတွင် မွန်ပြည်နယ်ကို ဗဟိုပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီက ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် တန်းတူရေးကိစ္စရပ်များကို အဓိကပန်းတိုင်အဖြစ်ထားရှိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဒေါက်တာမင်းနွယ်စိုးက ပြောသည်။ (DVB 130710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင်ဟောင်းအချို့မှ ထူထောင်ထားသည့် အမျိုးသား ဒီမိုကရေစီအင်အားစု NDF ကို နအဖစစ်အစိုးရက လက်ခံခွင့်ပြုသော်လည်း ရွေးကောက်ပွဲသည် လွတ်လပ်၍တရား မျှလိမ့်မည်မဟုတ်ကြောင်းနှင့် တရားဝင်ရလဒ်နှင့်ဝေးနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရ ပုဂ္ဂိုလ် Mr. Phillip Crowley က ဇူလိုင်လ ၁၂ ရက်နေ့က ပြောကြား လိုက်သည်။ (RFA/ DVB 130710)
- ထောင်ဒဏ် ၆၅ နှစ်ကျခံနေရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမြအေးသည် ထောင် တွင်းဆေးကုသမှု အလုံအလောက်မရရှိခြင်းကြောင့် နလုံးရောဂါအခြေအနေ ဆက်လက်ဆိုးရွားနေဆဲပဲ ဖြစ်ကြောင်း ကိုမြအေး၏မိသားစု ဝင်များနှင့်သွားရောက်တွေ့ဆုံးခဲ့သည့် NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဦးဝင်းတင်က ပြောသည်။ (RFA 130710)
- လားရှိုးမြို့အခြေစိုက် 'ဝ' ဒီမိုကရက်တစ်ပါတီသည် လွှတ်တော်အဆင့်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင် နိုင်ရန် အဖွဲ့ဝင်အရေအတွက်ရရှိရေးကို စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ပါတီလှုပ်ရှားအတွက် လိုအပ်သည့် ဘဏ္ဍာငွေ ကြေးဆိုင်ရာလည်ပတ်နိုင်ရန် ပါတီပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သွားရန် စီစဉ်နေကြောင်း ပါတီဥက္ကဋ္ဌ ဦးခွန် ထွန်းလူ ကပြောသည်။ **Myanmar Times အတွဲအမှတ် (၂၄ ၊ အမှတ် ၄၇၄)**
- "ရွေးကောက်ပွဲတွင် ကျွန်တော်တို့နိုင်ရင် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုမယ့် ဈေးကွက် စီးပွားရေးစနစ် ကျင့်သုံးမည်ဖြစ်ကြောင်းနှင့် စီးပွားရေးတိုးတက်မှုကို အလွှာပေါင်းစုံက ခံစားရအောင်၊ ဝင်ငွေနဲ့ ချမ်းသာကြွယ်မှုကို အားလုံးခံစားခွင့်ရရှိရေးကို လုပ်ဆောင်သွားမည်"ဟု ဦးဟန်ရွှေက ပြောသည်။ **Myanmar Times အတွဲအမှတ် (၂၄ ၊ အမှတ် ၄၇၄)**
- ရောဂတီတိုင်း ဘိုကလေးမြို့တွင် အဓမ္မလုပ်အားပေးခိုင်းစေမှု ပပျောက်ရေးပညာပေး လက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့မှုဖြင့် မကြာခင်ရက်ပိုင်းက ဖမ်းဆီးစစ်ဆေးခံရသူ (၂) ဦးသည် ရန်ကုန် ILO ဝန်ထမ်းများ မဟုတ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ILO ရုံး ဆက်သွယ်ရေးအရာရှိ Steve Marshall မှ ဇူလိုင်လ ၁၃ ရက်နေ့က ပြောကြားလိုက်သည်။ (RFA 130710)
- နေအိမ်အကျယ်ချုပ်ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က "မြန်မာ စစ်အစိုးရကို တရားစွဲရန်ဆောင်ရွက်နေခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေး ရေးလမ်းကြောင်းကို ပိတ် ထားသည့်သဘောမဟုတ်ကြောင်း" ဇူလိုင်လ ၁၃ ရက်နေ့က သူမ၏ရှေ့နေ ဦးကြည်ဝင်းနှင့်ဦးဉာဏ်ဝင်းတို့နှင့် တွေ့ဆုံ ခဲ့စဉ် ပြောကြားလိုက်သည်။ (VOA 130710)
- နအဖကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့ (ကစထ)မှူး ဒုဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၏ ဇူလိုင်လ ၈ ရက်နေ့ သျှမ်းပြည် (မြောက်ပိုင်း)နမ့်ခမ်းမြို့ ခရီးစဉ်အတွင်း နမ့်ခမ်းဆေးရုံသို့ ဝင်ရောက် စစ်ဆေးခဲ့ရာ ရက်ပိုင်းအ တွင်း ဆေးရုံအုပ် ဒေါက်တာဒေါ်ခင်ဝင်းကြည် ပြောင်းရွှေ့ရန်အမိန့်ကျလာ ကြောင်းဆေးရုံနှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 130710)
- သျှမ်းပြည်တောင်ပိုင်း ပင်လုံမြို့တွင် စစ်အာဏာပိုင်များက ကြက်ဆူချုံများရှင်းလင်းခိုင်း၍ လက်ဖက်ပင်များ အစား ထိုးစိုက်ပျိုးခိုင်းကြောင်း ပင်လုံမြို့ခံတစ်ဦးက ပြောသည်။ (S.H.A.N 130710)
- မွန်နိုင်ငံရေးပါတီသစ်တစ်ခုဖြစ်သည့် မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီသည် ဇူလိုင်လ(၁၁)ရက်နေ့က မော်လမြိုင် မြို့မြိုင်သာယာရပ်ကွက်အတွင်းရှိ ပါတီဌာနချုပ်ရုံးသစ်တွင် အစည်းအဝေးကျင်းပခဲ့ပြီး ဗဟိုအလုပ်အမှုဆောင်သစ်များ ကို ရွေးချယ်တင်မြှောက်ခဲ့သည်ဟု ပါတီ၏ဥက္ကဋ္ဌဖြစ်သူ နိုင်ငွေသိမ်းခေါ် နိုင်ဂျနမွန်ကပြောသည်။ (Kaowao 130710)
- တရားမဝင် လိုင်စင်မဲ့ဆိုင်ကယ်များကို လွန်ခဲ့သည့်အပတ် ဇူလိုင်လ ၁ရက်နေ့က စတင်ဖမ်းဆီးမည်ဟု တစ်နိုင်ငံလုံး ကြေညာထားခဲ့ပြီးနောက် လိုင်စင်ရှိပြီးသား မော်တော်ဆိုင်ကယ်များကိုလည်း ဖမ်းဆီးကာ ဒဏ်ငွေဆောင်ခိုင်းခြင်း များရှိသည်ဟု ကော့ကရိတ်မြို့တွင်း ဆိုင်ကယ်တက္ကစီသမားများက ပြောဆိုနေ ကြသည်။ (KIC 130710)
- မြန်မာရေပိုင်နက်အတွင်း ခိုးဝင်ပြီးငါးဖမ်းသည့် ထိုင်းငါးဖမ်းစက်လှေတစ်စီးအား မြန်မာအာဏာပိုင်တို့က ဖမ်းဆီးလိုက် သည်။ (NMG 130710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရှမ်းပြည်တောင်ပိုင်း မောက်မယ်မြို့နယ်အတွင်းတွင် ရှမ်းပြည်တပ်မတော်-တောင်ပိုင်း(SSA-S)နှင့် အပစ်ရပ်အဖွဲ့ ပအိုဝ်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး ထိခိုက်ကျဆုံးမှုရှိခဲ့သည့် ပအိုဝ်းတပ်ဖွဲ့က အနီးဝန်းကျင်ရှိကျေးရွာသားများအား ညှင်းပမ်းရိုက်နှက်မှုများ ပြုလုပ်သည်။ (NMG 130710)

## ဇူလိုင်လ (၁၄) ရက်

- အသက် (၁၈) နှစ်ပြည့်ပြီးသူတိုင်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP အဖွဲ့ဝင်အဖြစ် အတင်းအဓမ္မဝင်ခိုင်းကာ ပါတီဝင်ရန် တစ်ဦးလျှင် ဝင်ကြေး (၁,၀၀၀) ကျပ်ပါ ပေးသွင်းရကြောင်း ရန်ကုန်မြို့ခံများကပြောသည်။ (NEJ 140710)
- နှစ်ရှည်ထောင်ဒဏ် ကျခံနေရသည့် စွယ်စုံအနုပညာရှင် ကိုဇာဂနာ၏ဖခင် စာရေးဆရာကြီးနန်းညွန့်ဆွေ (၈၇) နှစ်သည် ဇူလိုင်လ ၁၄ ရက်နေ့ ညနေ (၅) နာရီတွင် ရန်ကင်းရှိ တိုက် (၂၁၆) အခန်း (၆) နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့ကာ ဇူလိုင်လ ၁၅ ရက်နေ့ (၁၁) နာရီတွင် အသုဘချမည် ဖြစ်ကြောင်း အိမ်နီးနားချင်းဖြစ်သည့် မသုန်သုန်က ပြောသည်။ (NEJ/ DVB/ RFA 140710)
- ယခုနှစ်အတွင်း ရွေးကောက်ပွဲလုပ်မည်ဖြစ်သောကြောင့် တက္ကသိုလ်စာမေးပွဲများ စောစစ်နိုင်ရန် သင်ခန်းစာများကို တက်သုတ်ရိုက်သင်ကြားနေရကြောင်း ဒဂုံတက္ကသိုလ်မှ သမိုင်းဘာသာရပ် နည်းပြ ဆရာမတဦးက ပြောသည်။ (NEJ 140710)
- ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်းရှိ တရုတ်လူမျိုးများအား ၂၀၁၀ ရွေးကောက်ပွဲတွင် မဲထည့် နိုင်ခွင့်ရရှိရန် ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရကတ်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ က မဲဆွယ်သည့်အနေဖြင့် ပြုလုပ်ပေးနေသည်။ (NEJ 140710)
- ကွန်ပျူတာတွင်းရှိ အချက်အလက်များ ပျက်စီးဆုံးရှုံးသည်အထိ တိုက်ခိုက်နေသည့် ဗိုင်းရပ်စ်အသစ်များ ယခုရက်ပိုင်းတွင် ဆက်တိုက်ပေါ်ထွက်လာသောကြောင့် အင်တာနက်သုံးစွဲနိုင်မှု ကန့်သတ်ထားသည့် ပြည်တွင်း၌ အဆိုပါဗိုင်းရပ်စ်ဖျက်ပေးသည့် Anti-Virus Software စီဒီများ ရောင်းအားသွက်လျက်ရှိကြောင်း ဗဟန်းမြို့နယ်ရှိ အင်တာနက် ဆိုင်ဝန်ထမ်းတဦးက ပြောသည်။ (NEJ 140710)
- ကရင်အမျိုးသားအစည်းအရုံး (KNU)ထံသို့ ပူးပေါင်းသွားသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုး သားတပ်မတော် (DKBA)မှ တပ်ဖွဲ့ဝင်များ လက်နက်ပြန်အပ်နံ့ရန် ဖိအားပေးသည့်အနေဖြင့် ကျန်ရစ်သော မိသားစုဝင်များကို DKBA က နှိပ်စက်ညှဉ်းပန်းမှုများပြုလုပ်ကြောင်း ကရင်လူငယ်အစည်း အရုံး (KYO) မှ တာဝန်ရှိသူတဦးကပြောသည်။ (Irrawaddy 140710)
- ရန်ကုန်မြို့တွင် တပတ်လျှင် ရာဇဝတ်မှုပေါင်း ၄၀၀ ကျော် ဖြစ်ပွားလျက်ရှိကြောင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ တရားဝင်ထုတ်ပြန်လိုက်ကြောင်း နိုင်ငံဖြတ်ကျော် မှုခင်းများဌာနမှ အရာရှိတဦးကပြော သည်။ (Irrawaddy 140710)
- ရန်ကုန်တိုင်း ကော့မှူးမြို့နယ်၌ လေဆင်နာမောင်းကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သော လေဘေးဒုက္ခသည်များက ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးရန် အာဏာပိုင်များကို တင်ပြသော်လည်း ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (တယက) လက်မခံဘဲ ပယ်ချလိုက်သည်။ (Mizzima 140710)
- လာမည့် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် ၆၃ ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနားကို နိုင်ငံရေးပါတီသစ်များ တက်ရောက်လိုပါက တက်ရောက်နိုင်ကြောင်း နအဖစစ်အစိုးရမှ ဇူလိုင်လ ၁၄ ရက်နေ့က ဖိတ်ကြားလိုက်သည်။ (DVB 140710)
- ကချင်ပြည်နယ်တိုးတက်ရေးပါတီ KSPP က ၎င်းတို့ပါတီအား ဘာကြောင့် ပါတီထူထောင်ခွင့်မပေးခြင်း ကို အကျိုးအကြောင်းသိရှိရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ သွားရောက်မေးမြန်းရန် ပါတီဥက္ကဋ္ဌ ဒေါက်တာတူးဂျာ၊ အတွင်းရေးမှူးနှင့် ပါတီစည်းရုံးရေးမှူးတို့သည် ဇူလိုလ်လ ၁၃ ရက်နေ့က နေပြည်တော်သို့ ထွက်ခွာသွားကြောင်း ပါတီတွဲဘက်အတွင်းရေးမှူး ဦးဇော်လတ်ကပြောသည်။ (DVB 140710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နာဂစ်မုန်တိုင်းဒဏ်ထိသည့် အိုကလေးမြို့နယ် စက်ဆန်းကျေးရွာ စာသင်ကျောင်းတစ်ကျောင်း ပြည် လည်ဆောက်လုပ်ရာတွင် တာဝန်ယူဆောက်လုပ်နေသည့် ကုမ္ပဏီက ငွေမရှင်းပဲ ထွက်ပြေးသွားသဖြင့် အလုပ်မသားများ ငွေကြေးနစ်နာနေကြရသည်။ (DVB 140710)
- ထိုင်းနိုင်ငံတွင် လာရောက်အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းအလုပ်သမားများ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရသည့်အခါ ထိုင်းအလုပ်သမားနည်းတူ လျော်ကြေးပေးရန်အတွက် တောင်းဆိုချက်ကို ထိုင်းအလုပ်သမားဝန်ကြီးက လက်ခံလိုက်ကာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးမည်ဟု ကတိပြုလိုက်ကြောင်း လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးရေးဖော်ဒေးရှင်း (HRDF)အဖွဲ့က ဦးစိန်ဌေးက ပြောသည်။ (DVB 140710)
- ထိုင်းစီးပွားရေးသမားများ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်အတွက် နအဖစစ်အစိုးရက ဖိတ် ခေါ်ခဲ့သကဲ့သို့ ထိုင်းစီးပွားရေးသမားများလည်း မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံရေးအတွက် လေ့လာပြင်ဆင်နေကြပြီးဖြစ်သည်။ (RFA 140710)
- နိုင်ငံရေးအကျဉ်းသား ဦးမြအေး၏သမီး၊ လက်ရှိဗြိတိန်နိုင်ငံရောက် မြန်မာ့အရေးလှုပ်ရှားသူ မဝေနှင့်ပွင်း သုန်သည် ဇူလိုင်လ ၁၃ ရက်နေ့က ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း လေဘာပါတီအမတ် David Miliband နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများအခြေအနေကို ဆွေးနွေးခဲ့ကြသည်ဟု မဝေနှင်းပွင်းသုန်က ပြောသည်။ (RFA 140710)
- အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာအသိုင်းအဝိုင်းက စီးပွားရေးပိတ်ဆို့အရေးယူခံထားရသည့် လွန်ခဲ့သောနှစ်အတွင်း မြန်မာနိုင်ငံတွင် နိုင်ငံခြားမှလာရောက်ရင်းနှီးမြှုပ်နှံမှုသည် ၃ ပုံ ၂ ပုံ ကျဆင်းခဲ့ ကြောင်း ဇူလိုင်လ ၁၄ ရက်နေ့က မြန်မာစစ်အစိုးရ၏ စီမံကိန်းနှင့်ဖွံ့ဖြိုးရေးဝန်ကြီးဌာနစာရင်းများတွင် ဖော်ပြထားသည်။ (RFA 140710)
- အမေရိကန်ပြည်ထောင်စု၏ ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံလွတ်မြောက်ရေးနှင့် ဒီမိုကရေစီအက်ဥပဒေကို သက်တမ်းတိုးရန်အတွက် အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်မှ ကန့်ကွက်သူမရှိ အတည်ပြုလိုက်ကြသည်။ (VOA 140710)
- မြန်မာနိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံနှင့် နျူကလီးယားဆိုင်ရာ ဆက်နွယ်ပတ်သက်မှုများ ရှိနေသည် ဆိုသည့် စွပ်စွဲချက်များနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံက စိုးရိမ်မကင်းဖြစ်နေသည့်အပြင် အမေရိကန် နှင့်မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေးလည်း စိုးရိမ်ပူပန်ရသည့် အခြေအနေရှိနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။ (VOA 140710)
- လူသားမျိုးနွယ်စုများအပေါ် စစ်ရာဇဝတ်မှုများကျူးလွန်နေသည့် မြန်မာစစ်အစိုးရကို အရေးယူနိုင်မယ့်နည်းလမ်းများကို ဆွေးနွေးတိုင်ပင်သည့် ဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင်လ ၁၃ ရက်နေ့က နယူးယောက် မြို့တွင်နိုင်ငံတကာရှေ့နေများအစည်းအရုံးနှင့် Open Society Institute အဖွဲ့တို့က ပူးပေါင်းပြုလုပ်ခဲ့ ကြသည်။ (VOA 140710)
- အလုပ်သမားအရေးလှုပ်ရှားသူများက အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်ပေးရန် လျှောက်လွှာတင်ထားမှုကို စစ်အစိုးရအာဏာပိုင်များဘက်က ပယ်ချခဲ့ခြင်းသည်သမဂ္ဂဖွဲ့စည်းခွင့် မှတ်ပုံတင်သည့်ရုံးမရှိသေးသည့် အခြေအနေဖြစ်နိုင်သည်ဟု ILO ဌာနေကိုယ်စားလှယ်က ပြောသည်။ (VOA 140710)
- နအဖစစ်အုပ်စု၏ အသွင်ပြောင်းရေးအစီအစဉ် လက်ခံခဲ့သည့် အပစ်ရပ်သျှမ်းပြည်တပ်မတော်အား 'သျှမ်းပြည်တပ်မတော်' ဆိုသည့်နာမည်နှင့်မလိုက်ဖက်ဟု National Democratic Alliance Army အမျိုးသားဒီမိုကရေစီသွေးစည်းညီညွတ်ရေးတပ်မတော် (ခေါ်) မိုင်းလားတပ်ဖွဲ့ခေါင်းဆောင် စဝ်စိုင်းလင်းက ဝေဖန်လိုက်သည်။ (S.H.A.N 140710)
- ကချင်ပြည်နယ် ဗန်းမော်မြို့ မြို့မရပ်ကွက်တွင် ဇူလိုင်လ ၁၂ ရက်နေ့ ည ၉ နာရီခန့်က မြန်မာစစ်တပ်မှ တပ်ကြပ်ကြီးထွန်းထွန်းဝင်းမှ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိ ဆိုင်ကယ်တစ်စီးအားခိုးယူနေစဉ် ဖမ်းမိပြီး ရဲစခန်းအပ်နှံခဲ့သော်လည်း ရဲက အရေးယူခြင်းမရှိပဲ ပြန်လွှတ်ပေးလိုက်သည်ဟု ဒေသခံတစ်ဦးကပြော သည်။ (S.H.A.N 140710)
- ကရင်ပြည်နယ် ဘုရားသုံးဆူဒေသအတွင်း စစ်ရေးလှုပ်ရှားနေသော ကမ်းရိုးတန်းစစ်ဌာနချုပ်မှ စစ်တပ်တို့က မွန်ပြည်သစ်ပါတီအရန်တပ်ဖွဲ့ဝင် (၃) ဦးကို ပေါ်တာအဖြစ် ဇူလိုင်လ ၁၂ ရက်နေ့က ဖမ်းဆီးခေါ်ဆောင်သွားသည်။ (IMNA 140710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- တောင်သူလယ်သမားများသည် ငွေကြေးကြပ်တည်းပြီး ဓာတ်မြေသြဇာ ဈေးနှုန်းကြီးမြင့်မှုကြောင့် စပါးခင်းထဲသို့ ဓာတ်မြေသြဇာ မထည့်နိုင်ဘဲဖြစ်နေကြသည်ဟု မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ရွာမှ လယ်သမားများကပြော သည်။ (IMNA 140710)
- ထိုင်းမြန်မာနယ်စပ် ဘုရားသုံးဆူမြို့နယ်တွင်လှုပ်ရှားနေသော ခမရ(၄၀၉)တပ်ရင်း လှုပ်ရှားစစ်ကြောင်း (၂)မှ ဇူလိုင် လ (၁၂) ရက်နေ့တွင် ဒေသခံရွာသား (၆) ဦးအား ပေါ်တာအဖြစ် ဖမ်းဆီးသွားသည်ဟု ဒေသခံများမှဆိုသည်။ (Kaowao 140710)
- ၂၀၁၀ ရွေးကောက်ပွဲ၌ ချင်းပြည်နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ချင်းတိုးတက်ရေးပါတီ(CPP)က ၄င်းတို့၏ ပထမဦးဆုံးအကြိမ် ညီလာခံကို ပါတီဗဟိုရုံးစိုက်ရာ ရန်ကုန်မြို့တွင် ဇူလိုင်လ ၂၁ ရက်နေ့၌ ခေါ်ယူကျင်းပမည်ဟု CPP ပါတီဝင်တစ်ဦးက ပြောသည်။ (Khonumthung 140710)
- အိန္ဒိယနိုင်ငံ ကလကတ္တားအကျဉ်းထောင်တွင် နစ်ရှည်ထောင် ချပ်နှောင်ခံထားရသော ကရင်နှင့် ရခိုင်တော်လှန်ရေး သမား အကျဉ်းသား ၃၄ဦးကို ကလကတ္တား တရားရုံးတခုက တစ်ဦးလျှင် ထောင်ဒဏ် ၁နစ်၊ ၃လနှင့် ဒဏ်ငွေ အိန္ဒိယ ရူပီ ၆,၀၀၀ဖြင့် ဇူလိုင်လ ၁၂ ရက်နေ့က စီရင်ချက်ချလိုက်ပြီဖြစ်သည်။ (KIC 140710)
- ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့ အမှတ် (၄) အထက်တန်းကျောင်းတွင် ကျူရှင်ချိန်သာ ကျောင်းသားများကို စာသင်ပြ ကောင်းသောကြောင့် ကျူရှင်မတက်နိုင်သော ကျောင်းသူ၊သားများအချို့ကျောင်း ပြောင်းကြရသည်။ (KT 140710)
- ယခုနှစ်အတွင်း မိုးခေါင်ရေရှားမှုကြောင့် ကရင်နီပြည်နယ် လွိုင်ကော်နှင့် ဒီမောဆိုမြို့နယ်တို့တွင် လယ်ယာများ လုပ်ကိုင်ရန် အခက်ကြုံနေရ၍ တောင်သူလယ်သမားအချို့တို့သည် အခြားသောအလုပ်အကိုင်များကို ရှာဖွေလုပ် ကိုင်ကြရသည်ဟု လွိုင်ကော်မြို့နယ်မှ လယ်သမားတဦးကပြောသည်။ (KT 140710)

## ဇူလိုင်လ (၁၅) ရက်

- ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ယူခဲ့ဖူးသူ တပ်မတော်ဗိုလ်ကြီးအဆင့် အရာရှိဟောင်းဖြစ်သူ ဦးဝင်းထိန်ကို စစ်အစိုးရက စစ်ကိုင်းတိုင်း၊ ကသာအကျဉ်းထောင်မှ ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် လွှတ်ပေး လိုက်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့ (မြန်မာနိုင်ငံ)မှ အတွင်းရေးမှူး ကိုတိတ်နိုင်က ပြောသည်။ (NEJ/ Irrawaddy/ RFA 150710)
- လာမည့်လမှစတင်ကာ မြန်မာနိုင်ငံတွင် လိုင်စင်မဲ့ကားများကို ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (ကညန) မှ တရားဝင်လိုင်စင်များ ထုတ်ပေးမည်ဖြစ်သောကြောင့် ထိုင်းနိုင်ငံ မဲဆောက်၌ လုပ်ငန်းရှင်များက မြန်မာနိုင်ငံသို့ တင်သွင်းရန် လိုင်စင်မဲ့ကားများ စုဆောင်းနေကြောင်း မြန်မာနိုင်ငံ မြဝတီဘက်မှ ကားကုန်သည်တဦးက ပြောသည်။ (NEJ 150710)
- သီးသန့် လူမျိုးစုနိုင်ငံရေးပါတီ တည်ထောင်ထားခြင်း လုံးဝမရှိသည့် ကယား (ကရင်နီ)ပြည်နယ်တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကသာ မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်နေကြောင်း အပစ်ရပ် ငြိမ်းချမ်းရေးအဖွဲ့မှ ခေါင်းဆောင်တဦးက ပြောသည်။ (NEJ 150710)
- မြန်မာ့ကမ်းလွန် သဘာဝဓာတ်ငွေ့လုပ်ကွက်များဖြစ်သော ရတနာနှင့်ရဲတံခွန် ကမ်းလွန်သဘာဝဓာတ် ငွေ့လုပ်ကွက် များမှ ထိုင်းနိုင်ငံသို့နေ့စဉ် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း (၁,၀၀၀) ကျော် တင်ပို့ရောင်း ချနေပြီး မြန်မာပြည်တွင်း အတွက် သဘာဝဓာတ်ငွေ့ ကုဗပေ သန်း (၁၁၀)သာ အသုံးပြုနေကြောင်း စစ်အစိုးရက ဇူလိုင်လ ၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။ (NEJ 150710)
- စစ်ကိုင်းတိုင်း မုံရွာမြို့ အမှတ်(၁) ရဲစခန်းတွင် ရဲက ရိုက်နှက်စစ်ဆေးရာမှ ဖောက်ထွင်းမှု သံသယဖြင့် ဖမ်းဆီးခံထား ရသူ ကိုရှမ်းကြီး ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းက သေဆုံးသွားကြောင်း မြို့ခံများက ပြောသည်။ (Irrawaddy 150710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထန်းတပင်ကျေးရွာနှင့် သမင်ခြံကျေးရွာတို့တွင် တိုက်ခတ်ခဲ့သောလေဆင်နှာမောင်းကြောင့် ပျက်စီးပြိုကျသွားသော အိမ်ရာများ ပြန်လည်တည်ဆောက်ရန် အခက်အခဲ များရှိနေကြောင်း ဒေသခံများက ပြောသည်။ (Irrawaddy 150710)
- အိန္ဒိယ-မြန်မာနယ်စပ် မီဇိုရမ်ပြည်နယ် အိုက်ဇောမြို့တွင် မူးယစ်ဆေးဝါးရောင်းဝယ်သူဟု စွပ်စွဲကာ မြန်မာနိုင်ငံသားတဦးကို မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့နှင့် ရဲက ပြီးခဲ့သည့်ရက်အပိုင်းအတွင်း ဖမ်းဆီးခဲ့ကြောင်း အိုက်ဇောမြို့ရှိ မူးယစ်ဆေးဝါးနှိမ်နင်းရေး Excise & Narcotic ဌာန (မီဇိုရမ်)မှ အရာရှိဖြစ်သူ Peter Zohmingthanga က ပြောသည်။ (Mizzima 150710)
- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တောင်ဘက်ခြမ်း (၂)မိုင်အကွာအဝေးရှိ တမိုင်ကုန်း ကျေးရွာအုပ်စုတွင် လှုပ်ရှားနေသော ဒီကေဘီအေတပ်ဖွဲ့များသည် ကေအဲန်ယူတပ်ဖွဲ့ဝင်များ ဝင်ထွက်သွားလာမှုကို ၎င်းတို့အားအသိမပေးဟုဆိုကာ တရွာလျှင် ကျပ်ငွေ ငါးသောင်းစီ ဒဏ်ငွေဆောင်ခိုင်းကြောင်းဒေသခံ များကပြောသည်။ (KIC 150710)
- မြန်မာနိုင်ငံတွင် စီးပွားရေးချို့တဲ့မှုနှင့် ပညာပေးမှုအားနည်းခြင်းကြောင့် HIV/AIDS လူနာများပိုမို များပြားလာသည့်အခြေအနေတွင် လူနားများအတွက် စောင့်ရှောက်အကူအညီပေးမှုများကို ယခင်ထက်ပို၍ တိုးချဲ့ဆောင်ရွက်နေကြောင်း မဖြူဖြူသင်းကပြောသည်။ (DVB 150710)
- ရန်ကုန်၊ သုဝဏ္ဏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD လူငယ် ကိုသန်းမြင့်အောင်ကို အနောက်ပိုင်းခရိုင် တရားရုံးတရားသူကြီးဒေါ်နန္ဒခင်က အီလက်ထရောနစ်ပုဒ်မ-၃၃ (က)ဖြင့် ဇူလိုင်လ ၁၅ ရက်နေ့က ထောင်ဒဏ် (၁၀) နှစ်ချမှတ်လိုက်သည်။ (DVB/ RFA 150710)
- ဇူလိုင်လ ၁၁ ရက်နေ့က တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) တပ်မဟာ ၉၉၉ အထူးတပ်ရင်းမှ တစ်စုတစ်စုသည် ကရင်အမျိုးသားအစည်းအရုံး KNU နှင့် ပူးပေါင်းခဲ့ပြီးနောက် မိသားစုဝင်များကို ဓားစာခံအဖြစ် DKBA က ဖမ်းဆီးထားသည်။ (DVB 150710)
- ယခုနှစ် နှစ်ဝက်အထိ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့နေသည့် ဆန်တန်ချိန်ပေါင်း ၂ သိန်း ၅ သောင်း ကျော်သာတင်ပို့နိုင်ခဲ့သဖြင့် ပြည်ပနိုင်ငံသို့ ဆန်တင်ပို့မှုနှုန်းသိသိသာသာကျဆင်းသွားကြောင်း နအဖ စစ်အစိုးရစာရင်းအင်းဌာနနှင့် ပုဂ္ဂလိက စာရင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။ (RFA 150710)
- ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ပါတီအဖွဲ့ ဝင်များက ပါတီမဲရရှိရေးအတွက် တအာင်း(ပလောင်)လူကြီးများ၏ နာမည်ကို အလွဲသုံးစားပြုပြီး ဇူလိုင် လ ၁၄ ရက်နေ့တွင် မိုင်းမော်ဘက်သို့မဲဆွယ် စည်းရုံးရေးဆင်းနေသည်ဟု စည်းရုံးခြင်းခံရသော ဒေသခံရွာသားတစ်ဦးက ပြောသည်။ (Palaungland 150710)
- ထိုင်းမြန်မာနယ်စပ် ကော့သောင်းမြို့တွင် အရောင်းအဝယ်ထိုင်းမှိုင်းနေသည်ဟု ဒေသခံကုန်သည်များ ကပြောသည်။ (NMG 150710)

## ဇူလိုင်လ (၁၆) ရက်

- ဇူလိုင် (၁၉) ရက်နေ့တွင် ကျရောက်မည့် (၆၃) နှစ်မြောက် အာဇာနည်နေ့အတွက် ရန်ကုန်မြို့တွင် လုံခြုံရေးများ ဇူလိုင်လ ၁၆ ရက်နေ့မှစတင် ချထားပြီးဖြစ်သည်။ (NEJ 160710)
- ကချင်ပြည်နယ် ဖားကန့်ကျောက်စိမ်းတွင်းဒေသတွင် ပြီးခဲ့သည့်လကုန်ပိုင်းမှစ၍ မိုးများ အဆက်မပြတ် ရွာသွန်းကာ ချောင်းရေလျှံတက်ခြင်းကြောင့် နေအိမ်အချို့နစ်မြုပ်သကဲ့သို့ လမ်းများလည်း ပျက်စီးနေသည်။ (NEJ 160710)
- ထိုင်း-မြန်မာနယ်စပ် ကော့သောင်းမြို့ရှိ ဈေးဆိုင်တို့တွင် အကောက်ခွန်မဲ့ပစ္စည်းများ ရောင်းချမှု ရှိမရှိ စစ်အစိုးရအာဏာပိုင်များက ဇူလိုင်လ ၁၆ ရက်နေ့နံနက်တွင် ရှောင်တခင်ဝင်ရောက် စစ်ဆေးဖမ်းဆီးခဲ့ကြောင်း ကော့သောင်းမြို့ခံ စီးပွားရေးလုပ်ငန်းရှင်က ပြောသည်။ (NEJ 160710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံအတွင်းရှိ ဖျော်ဖြေရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော မိန်းကလေးများကို ချစ်သူရည်းစားအဖြစ်ဟန်ဆောင်ချစ်ကြိုက်ပြီး လူကုန်ကူးမှုများရှိကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး (အထူးအဖွဲ့) အဖွဲ့ရုံး တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Irrawaddy 160710)
- လူမှုရေးအသင်းအမည်ခံထားသည့် USDA အသင်းကိုဖျက်သိမ်း၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အဖြစ်ဆက်လက် ရပ်တည်တော့မည်ဖြစ်ကြောင်း၊ အသင်းကို ဇူလိုင်လ ၆ ရက်နေ့မှစ၍ ဖျက်သိမ်းပြီး အသင်းပိုင်ပစ္စည်းများကို ပါတီသို့ အပြီးအပိုင်လွှဲပြောင်း ပေးသွားဖြစ် ကြောင်း USDA အသင်းမှုရုံးအဖွဲ့မှူးသူရ ဦးမြင့်ဦးကို ကိုးကား၍ ဘီဘီစီသတင်းဌာနက ဖော်ပြထားသည်။ (Irrawaddy 160710)
- နအဖစစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရွေးကောက်ပွဲအလွန်ကာလတွင်လည်း ၎င်း၏ အာဏာဆက်လက်တည်မြဲရေးအတွက် အစီအစဉ်များကို ရေးဆွဲထားကြောင်း စစ်ထောက်လှမ်းရေးဟောင်း ဦးအောင်လင်းထွဋ်က ထုတ်ဖော်ပြောဆိုလိုက်သည်။ (Irrawaddy 160710)
- ရှမ်းပြည်နယ် တောင်ကြီးထောင်တွင် ထောင်ဒဏ် ၆၅ နှစ် ကျနေသည့် ၈၈ မျိုးဆက် ကျောင်းသားခေါင်း ဆောင်ကိုမြအေး၏ နလုံးရောဂါအခြေအနေ ဆိုးရွားနေသဖြင့် ပြီတိန်တွင် ပညာသင်နေသည့် သမီးဖြစ်သူက စိုးရိမ်ကြောင်း ပြောသည်။ (Irrawaddy 160710)
- အိန္ဒိယနိုင်ငံ Orrisa ပြည်နယ် Kujang မြို့ရှိ ပထမတန်း ရာဇဝတ် တရားသူကြီးရုံးက မြန်မာငါးဖမ်း လုပ်သား ၇ ဦးကို နိုင်ငံခြားသားမှုဖြင့် ယခုလ ၁၂ ရက်နေ့တွင် တရားစွဲဆိုလိုက်သည်။ (Mizzima 160710)
- မြန်မာပြည်အလယ်ပိုင်း မန္တလေးမြို့တွင် ဇူလိုင်လ ၁၆ ရက်နေ့မွန်းလွဲ ၁ နာရီ ၅၅ မိနစ်ခန့်က စက္ကန့်ပိုင်း ခြား၍ မြေငလျင် ၂ ကြိမ် လှုပ်ခတ်သွားခဲ့သည်။ (Mizzima 160710)
- ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်အခြေစိုက် ခလရ တပ်ရင်း ၇၀ က တပ်ရင်းဌာနချုပ်နှင့်နီးသည့်ရွာများရှိ နေအိမ်အချို့ကို ဇူလိုင်လ ၁၈ ရက်နေ့တွင် နောက်ဆုံးထားဖယ်ပေးရန် ညွှန်ကြားလိုက်သဖြင့် မိသားစု (၄၀) စုခန့် နေထိုင်ရေး ဒုက္ခရောက်နေကြရသည်။ (DVB 160710)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဒု-ဥက္ကဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်တို့ ဦးဆောင်သောအဖွဲ့သည် ဇူလိုင်လ ၁၆ ရက်နေ့က နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် ၈၈ မျိုးဆက် ကျောင်းသားများ၏ မိသားစု ၁၀ ဦး၏ နေအိမ်များသို့ သွားရောက်အားပေးစကား ပြောကြားခဲ့ကြသည်။ (DVB 160710)
- ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် ၆၃ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်တွင် မပြုလုပ်နိုင်တော့ပဲ ဒု-ဥက္ကဌ ဦးတင်ဦးနေအိမ်၌ ပြုလုပ်မည်ဖြစ် ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးညာဏ်ဝင်းကပြောသည်။ (DVB 160710)
- ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် အာဇာနည်နေ့အခမ်းအနားကို တက်ရောက်ဂါရဝပြုရန် အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား စစ်အစိုးရက ဖိတ်ကြားထားခြင်းမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပြော ခွင့်ရပုဂ္ဂိုလ်ဦးညာဏ်ဝင်းက ပြောသည်။ (RFA 160710)
- ရွေးကောက်ပွဲကာလနီးလာချိန်တွင် နအဖစစ်အစိုးရပ်တပ်များက ကရင်အမျိုးသားအစည်းအရုံး KNU ထိန်းချုပ်နယ်မြေထဲတွင် တကျော့ပြန် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်လာကြောင်း KNU တာဝန်ရှိသူများကပြောသည်။ (RFA 160710)
- မြန်မာစစ်အစိုးရသည် စစ်မှန်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ရန်အတွက် အာသီသမရှိသဖြင့် မြန်မာနိုင်ငံတွင်စစ်တပ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD တို့အကြား တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်း ပေါ်ပေါက်လာရန်မ ရှိကြောင်း ဇူလိုင်လ ၁၅ ရက်နေ့က ကသာထောင်မှပြန်လည်လွှန်မြောက်လာခဲ့သော စစ်အရာရှိဟောင်း ဦးဝင်းထိန်းကပြောသည်။ (RFA 160710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံတွင် စစ်အစိုးရကျောထောက် နောက်ခံပေးထားသည့် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းက ရွေးကောက်ပွဲဝင်ရန် ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီအဖြစ် ရပ်တည်ရန်ပြင်ဆင်နေချိန်တွင် ၎င်းလုပ်ငန်းစဉ်များကို ပြည်သူများကို ရှင်းရှင်းလင်းလင်း အသိပေးသင့် မြန်မာနိုင်ငံက ရှေ့နေကြီး ဦးအောင်သိန်းက ပြောသည်။ (VOA 160710)
- သျှမ်းပြည်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ်တွင် ဂန်ကြီးချုပ်ဦးသိန်းစိန် ဦးဆောင်သောကြံ့ဖွတ်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး) ပါတီအတွက် လူထုစည်းရုံးရေးလုပ်ငန်းများကို ကြံ့ဖွတ်အသင်းက အဓိက လုပ်ဆောင်ပေးနေရကြောင်း နမ့်ခမ်းမြို့နယ် ကြံ့ဖွတ်အသင်းဝင်တစ်ဦးက သျှမ်းသံတော်ဆင့်သို့ ပြောသည်။ (S.H.A.N 160710)
- ယခုနှစ် မိုးရာသီကာလအတွင်း မိုးရွာသွန်းမှု နည်းပါးသည့်အတွက် ကရင်ပြည်နယ်၊ ဖာပွန်ခရိုင်ရှိ တောင်ယာစပါးများ ကြီးထွားမှုအားနည်းပြီး လယ်ယာစပါးများမှာ စိုက်ပျိုးနိုင်ခြင်းမရှိသေးကြောင်း ကိုပြောသည်။ (KIC 160710)
- ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (ကေအဲန်ဒီအို)မှ ကြီးမှူး၍ ၂၀၁၀ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့တွင် ကျရောက်သော ၆၃နှစ် မြောက် (ကေအဲန်ဒီအို)ဒေး အခမ်းအနားကို ထိုင်း-မြန်မာနယ်စပ်တနေရာတွင် ဇူလိုင်လ ၁၆ ရက်နေ့ ကျင်းပပြုလုပ်ခဲ့ကြသည်။ (KIC 160710)
- ကျောင်းသားများဆန္ဒပြပွဲ ပေါ်ပေါက်ပြီးနောက်ပိုင်း စစ်တွေမြို့ နည်းပညာကောလိပ်တွင် ယခုအခါ ကျောင်းကား ၁၅ စီးထိတိုးချဲ့ ပြေးဆွဲနေပြီဖြစ်ကြောင်း ကျောင်းသူတဦးကပြောသည်။ (Narinjara 160710)
- မြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ရရှိထားသည့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ မြို့နယ်ခွဲရုံးကို စစ်တွေတွင် ဇူလိုင်လ ၁၀ ရက်နေ့က ထပ်မံဖွင့်လှစ်ခဲ့သည်။ (Narinjara 160710)
- ကရင်နီပြည်နယ် ရှားတောမြို့ စုစည်းကျေးရွာမှ အရပ်သားပြည်သူများသည် စစ်အစိုးရ၏ တရားဝင် ခွင့်ပြုချက်မရရှိသည့်ကြားမှ မူရင်းကျေးရွာဟောင်းများသို့ တောင်ယာများ ပြန်လုပ်ကိုင်ကြသော်လည်း ယခုနှစ်အတွင်း မိုးရွာသွန်းခြင်းနည်းပါး၍ အခက်တွေ့နေရပြန်သည်ဟု ဒေသခံများကပြောသည်။ (KT 160710)
- နယ်စပ်မြို့ဖြစ်သည့် မြဝတီတွင် အလုပ်ရှာဖွေပေးမည့် ကုမ္ပဏီတခု၌ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်ကြမည့် မြန်မာနိုင်ငံသားများ အလုပ်မရပဲရာနှင့်ချီ၍ သောင်တင်နေကြရသည်။ (NMG 160710)

ဇူလိုင်လ (၁၇) ရက်

- ကသာထောင်မှ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာသည့် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရေးအရာရှိဖြစ်ခဲ့သူဦးဝင်းထိန်က ဘဝတူနိုင်ငံရေးအကျဉ်းသားများအား အကူအညီပေးရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ (Irrawaddy 170710)
- မြန်မာနိုင်ငံတဝန်းတွင် သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုနှုန်း ယမန်နှစ်ထက် မြင့်တက်လျက်ရှိပြီး ရောဂါဖြစ်ပွားသူများအတွက် ဆေးရုံများတွင် သွေးနှင့်လူနာတင်ခုတင်များ ပိုမိုလိုအပ်လျက်ရှိကြောင်း သွေးနှင့် ဆေးဝါးထောက်ပံ့မှုများပေးနေသော အဖွဲ့အစည်းတခုမှ တာဝန်ရှိသူတစ်ဦးက သူရောက်ရှိနေသော ဆေးရုံနှင့်ပတ်သက်၍ ပြောကြားသည်။ (Irrawaddy 170710)
- ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် ဇာဏာနည်နေ့ အထိမ်းအမှတ်အကြိုအဖြစ် မန္တလေးတိုင်း မိတ္ထီလာမြို့မှ နေရာ ၇ ခုတွင် သစ်ပင်စိုက်ပျိုးပွဲများကို မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြုလုပ် ခဲ့ကြသည်ဟု ဒေါ်မြင့်မြင့်အေးကပြောသည်။ (DVB 170710)
- ထောက်ဒဏ်တစ်သက်တကျွန်းကျခံနေရသည့် မွန်ပြင်သစ်ပါတီခေါင်းဆောင် နိုင်ယက္ခ (ခေါ်) မင်းနေဝင်းနှင့်မင်းမျိုးသွေးတို့၏ (၇) နှစ်ပြည့်အထိမ်းအမှတ်အတွက် ထိုင်း-မြန်မာနယ်စပ်ရောက် မွန်လူငယ်များက ဆွမ်းကပ်လှူပွဲ တစ်ရပ် ပြုလုပ်ခဲ့ကြသည်။ (DVB 170710)
- နာရေးကူညီမှုအသင်း ရန်ကုန်က ဖွင့်လှစ်ထားသည့် ဒဂုံမြို့သစ်မြောက်ပိုင်းက သုခကုသိုလ်ဖြစ် ဆေးခန်းတွင်လာရောက်ပြသသည့်လူနာများအတွက် နားနေဆောင်ကို ဇူလိုင်လ ၁၇ ရက်နေ့က ဖွင့်လှစ် လိုက်သည်။ (DVB 170710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာ့ဒီမိုကရေစီရေးကို အမြဲတမ်းရှေ့တန်းမှ အားပေးထောက်ခံလေ့ရှိသည့် ကယ်လီဖိုးနီးယားပြည် နယ်ဘာက လေမြို့မှ မြို့တော်ကောင်စီက မြန်မာစစ်အစိုးရ ကျင်းပရန်စီစဉ်နေသည့် ၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီ အင်အားစုများကို ချန်လှပ်ထားကာလွတ်လပ်၍တရားမျှတမှုမရှိခြင်းကြောင့် ရွေးကောက်ပွဲကိုလက်မခံကြောင်းပြော ကြားလိုက်သည်။ (VOA 170710)
- မြန်မာနိုင်ငံသား ၂ ဦးကို ယာဘားစိတ်ကြွဆေးပြား (၁၄၉၀) နှင့်အတူ တက်ကနက်အခြေစိုက် အမှတ် ၄၂ ဘီဒီအာရ် တပ်ရင်းမှ ဇူလိုင်လ ၁၅ ရက်နေ့က ဖမ်းဆီးရမိခဲ့သည်။ (Narinjara 170710)
- ရခိုင်ပြည်အမျိုးသားတော်လှန်ရေးတွင် တစိုက်မတ်မတ်ပါဝင်ခဲ့သူ ဒိုင်းနက်အမျိုးသားခေါင်းဆောင် တော်လှန်ရေး သမားကြီး ဦးစိန်လှမောင်သည် ဇူလိုင်လ ၄ ရက် တနင်္ဂနွေနေ့က လူကြီးရောဂါဖြင့် ဘင်္ဂလား-မြန်မာနယ်စပ်တ နေရာတွင် ကွယ်လွန်သွားခဲ့သည်။ (Narinjara 170710)
- ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မလိယန်ရပ်ကွက်တွင် လျှပ်စစ်မီးရရှိရေးအတွက် လျှောက်ထားရာ မီးပေးရေးတာဝန် ခံက ဒေသခံများမှ ကျသင့်သည်ထက်ပို၍ ငွေကြေးကောက်ခံနေကြောင်း ဒေသခံများ ပြောသည်။ (KNG 170710)

ဇူလိုင်လ (၁၈) ရက်

- ဇွန်လ ၂၂ ရက်နေ့က ရန်ကုန်တိုင်း ခရမ်းမြို့ အမှတ်(၃) ရပ်ကွက်မှ နေအိမ်အနုကြမ်းစီးမှု၊ လူသတ်မှု ဖြစ်ခဲ့ခြင်း (၁) ပြည့်တော့မည်ဖြစ်သော်လည်း တရားခံအား မဖမ်းမိသေးအပြင် မသက်ဆိုင်သူများကို ခေါ်ယူနှိပ်စက်နေသည်။ (DVB 180710)
- ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် ၆၃ နှစ်မြောက် အာဇာနည်နေ့ အကြိုအထိမ်းအမှတ် အခမ်းအနားအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က လှိုင်သာယာမြို့နယ်တွင် နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ (DVB 180710)
- နအဖ စာပေစိစစ်ရေးဌာနမှ အာဇာနည်နေ့ အထိမ်းအမှတ်အနေဖြင့် ဖော်ပြချက်များကို ပြည်တွင်းထုတ် ဂျာနယ်များ တွင် ကန့်သတ်ချက်များဖြင့်သာ ဖော်ပြခွင့်ပေးနေသည်ဟု ပြည်တွင်းသတင်းဂျာနယ် အယ်ဒီတာတစ်ဦးကပြောသည်။ (DVB 180710)
- အာဇာနည်နေ့ နီးကပ်လာသည်နှင့်အမျှ ရန်ကုန်မြို့ပေါ်တွင် လုံခြုံရေးအထူးတင်းကျပ်ထားကြောင်း မြို့ခံများကပြော သည်။ (DVB 180710)
- တအာင်း(ပလောင်)အမျိုးသားပါတီ(TNP) စည်းရုံးရေးမှူးများက ရှမ်းပြည်မြောက်ပိုင်း မန်တုံမြို့ မယက ဥက္ကဋ္ဌ ဦးကျော်ဇင်၏ ကန့်သတ်မိန့်ကြောင့် ဒေသခံပြည်သူများထံမှပါတီအဖွဲ့ဝင်များ ထောက်ခံမဲရရှိရန်အတွက် စည်းရုံးရေး ဆင်းရာတွင် အဟန့်အတားရှိနေသည်ဟု အမည်မဖော်လိုသူ စည်းရုံးရေးမှူးတစ်ဦး ကပြောသည်။ (Palaungland/ RFA 180710)
- မြန်မာနိုင်ငံတွင် ကျင်းပမည့်ရွေးကောက်ပွဲသည် အာဆီယံအဖွဲ့အပေါ် နိုင်ငံတကာ၏ ယုံကြည်မှုကို စမ်းသပ်မည်ဖြစ် ကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International က ဇူလိုင်လ ၁၈ ရက်နေ့တွင် ကြေညာချက် တစ်ရပ်ထုတ်ပြန်လိုက်သည်။ (RFA/ VOA 180710)
- မြန်မာပြည်သူများအနေဖြင့် နအဖစစ်အစိုးရကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် မဲဆန္ဒမပေးကြရန် မြန်မာနိုင်ငံလုံး ဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးက ဇူလိုင်လ ၁၈ ရက်နေ့တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်လိုက်သည်။ (RFA 180710)
- မြန်မာနိုင်ငံတွင် လာမည့် ၂၀၁၀ ရွေးကောက်ပွဲသည် မြန်မာပြည်သူများ၏ဆန္ဒကို ထင်ဟပ်မှုမရှိခြင်းကြောင့် ၎င်းရွေး ကောက်ပွဲကို ဗြိတိသျှအစိုးရအနေဖြင့် လက်ခံမည်မဟုတ်ကြောင်း ဗြိတိသျှနိုင်ငံခြားရေး ဝန်ကြီးဌာန အငယ်တန်း ဝန်ကြီး ဂျရယ်မီဘရောင်း (Jeremy Browne) က ပြောသည်။ (VOA 180710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံတွင် တပ်မတော်ကို တည်ထောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်း၏သမီးကို သူတည်ထောင်ခဲ့သော တပ်မတော်က ၁၄ နှစ်ကျော်ကြာအောင် ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ထုတ်ဝေသော ဘင်္ဂလီသတင်းစာတစောင်က ဖော်ပြသည်။ (Narinjara 180710)

ဇူလိုင်လ (၁၉)ရက်

- ထိုင်းနိုင်ငံအတွင်းမှ ဖမ်းဆီးပြန်ပို့ခံရသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ မြန်မာနိုင်ငံဘက်သို့ ရောက်ရှိသည့်အခါ တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) အဖွဲ့က လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်နေသဖြင့် အရေးယူစုံစမ်းပေးရန် အလုပ်သမားအရေး လုပ်ဆောင်နေသော အဖွဲ့အစည်း (၂၃) ဖွဲ့က ထိုင်းဝန်ကြီးချုပ် အဘီဆစ်ထံ ဇူလိုင်လ ၁၉ ရက်နေ့က စာရေးသားတောင်းဆိုလိုက်သည်။ (NEJ/ Irrawaddy/ RFA 190710)
- ဂနယ်မြေအတွင်း ဂင်ရောက်ကျူးကျော်မှုကြောင့် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ဝတပ်ဖွဲ့နှင့် မိတ္ထီလာအခြေစိုက် တပ်မ(၉၉) လက်အောက်ခံတပ်တို့သည် ဇူလိုင်လ (၁၇) ရက်က သျှမ်းပြည်မြောက်ပိုင်း ဟိုပန်မြို့နယ်၊ နန့်တစ်ဒေသအတွင်း၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ကာ ဂဘက်က ၁ ဦးကျဆုံးခဲ့ကြောင်း ဂတပ်ဖွဲ့နှင်နီးစပ်သူတစ်ဦးက ပြောသည်။ (NEJ/ Irrawaddy/ S.H.A.N 190710)
- နိုင်ငံပိုင်သတင်းစာများတွင် တရားဂင်ထုတ်ပြန်ကြေညာခြင်းမပြုဘဲ အဆိုပြုလွှာတင်ကာ အစိုးရမှရောင်းချမည့်အဆောက်အအုံနှင့် မြေကွက်စာရင်းများ ပြည်တွင်းလုပ်ငန်းရှင်များအတွင်း ပျံ့နှံ့လျက်ရှိ သည်ဟု အင်ပို့အိတ်စ်ပို့လုပ်နေသည့် လုပ်ငန်းရှင်တဦးက ပြောကြားသည်။ (NEJ 190710)
- သျှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူတို့ပိုင်ဆိုင်သည့် သစ်တောများကို သစ်တောဦးစီးဌာနက အကြောင်းပြချက်မပေးဘဲ တိုင်းတာမှုများ ပြုလုပ်နေသည့်အတွက် ပိုင်ဆိုင်မှုများ ဆုံးရှုံးမည်ကိုရွာသားများက စိုးရိမ်နေကြသည်။ (NEJ 190710)
- ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်ရှိ အာဇာနည်ဂူဗိမာန်၌ ဇူလိုင်လ ၁၉ ရက်နေ့က ကျရောက်သည့် (၆၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီတို့က မြန်မာစစ်အစိုးရ၏ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိခဲ့သော်လည်း အခမ်းအနားခွဲကာ ကန့်သတ်ချက်များဖြင့် တက်ရောက်ဂါရဝပြုခွင့်ရရှိခဲ့ကြောင်း နိုင်ငံရေးပါတီခေါင်းဆောင်တဦးက ပြောသည်။ (NEJ 190710)
- ဇူလိုင်လ ၁၉ ရက်နေ့၌ ကျရောက်သည့် (၆၃) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)က ပါတီဒု-ဥက္ကဋ္ဌ ဦးတင်ဦး၏ နေအိမ်တွင်ကျင်းပပြုလုပ်သည်။ (NEJ/ Irrawaddy 190710)
- ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ဇူလိုင် (၁၉) ရက်နေ့၌ ဝမ်းနည်းသည့်အထိမ်းအမှတ်ဖြင့် နိုင်ငံတော်အလံတဝက် လွှင့်ထူသည့်အစဉ်အလာကို အစိုးရရုံး၊ ဌာနများ၊ မယကရုံးများက လိုက်နာခြင်းမရှိတော့ကြောင်း ရန်ကုန်မြို့ခံများက ပြောသည်။ (NEJ 190710)
- ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ယနေ့ကျင်းပသော (၆၃) နှစ်မြောက် အာဇာနည်နေ့၌ ပြည်တွင်းသတင်းထောက်များ၊ နိုင်ငံခြားသတင်းထောက်များကို ကန့်သတ်မှုများ ပြုလုပ်ခဲ့ကြောင်း ပြည်တွင်းသတင်းဂျာနယ်တစ်ခုမှ သတင်းထောက်တဦးကပြောသည်။ (NEJ/ Irrawaddy 190710)
- ကချင်ပြည်နယ် တိုးတက်ရေးပါတီ (KSPP)သည် ပါတီတည်ထောင်ခွင့် မချပေးသေးသည့်ကိစ္စနှင့် ပတ်သက်၍ပါတီခေါင်းဆောင်များ ဇူလိုင်လ ၁၆ ရက်နေ့၌ သွားရောက်မေးမြန်းခဲ့ရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက ပါတီလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်ကြောင်း ပြောကြားခဲ့သည်ဟု KSPP ဥက္ကဋ္ဌ ဒေါက်တာမနန်တူးဂျာက ပြောသည်။ (Irrawaddy/ Mizzima 190710)
- ဘိုးဘွားစဉ်ဆက်လုပ်ကိုင်လာသော စိုက်ပျိုးမြေများ အဓမ္မသိမ်းပိုက်ယူမှုဖြင့် ယုဇနကုမ္ပဏီကို တရားစွဲ ရန် ဖားကန့်မြို့နယ်နေ တောင်သူများက ပြင်ဆင်နေကြသည်။ (Mizzima 190710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် (၆၃) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်း အနားကို နယ်အသီးသီးမှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင်များက စည်ကမ်းသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြသည်။ (DVB 190710)
- ရန်ကုန်မြို့ အာဇာနည်ဗိမာန်တွင် ဗိုလ်ချုပ်အောင်ဆန်း၏သားကြီး ဦးအောင်ဆန်းဦးနှင့် ဇနီးများအပါ အဝင်ကျန်းရစ်သူမိသားစုများ သွားရောက်ဂါရဝပြုခဲ့ကြကြောင်း ကိုယ်တိုင်တက်ရောက်ဂါရဝပြုခဲ့သူ မိုင်းမွန်စော်ဘွားကြီး စဝ်စံထွန်း၏သား စဝ်ကိုင်ဖကာ ပြောသည်။ (DVB 190710)
- မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မောက်လောက်ရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ရွှေသည် ချေးငွေထုတ်ပေးရန် ပြင်ဆင်စရိတ်ဆိုကာ ကြက်သွန်စိုက်တောင်သူများကို ငွေ ၂၅၀၀ ကျပ်စီ ကောက်ခံထားပြီး ၈ လကြာခဲ့ပြီဖြစ်သော်လည်း ချေးငွေမရသေးကြောင်း ဒေသခံတစ်ဦးကပြောသည်။ (DVB 190710)
- ကချင်ပြည်နယ်အတွင်း စစ်အစိုးရကျောထောက်နောက်ခံပြုထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP သည် ရွေးကောက်ပွဲတွင် မဲအပြတ်အသတ်အနိုင်ရရှိရေးအတွက် ရောဂါတိုင်း နာဂစ်မုန်တိုင်းသင့်ဒေသမှ ဗမာလူမျိုး (၁)သိန်းကို ကချင်ပြည်နယ် ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် စနစ်တကျပို့ဆောင်နေရာချထားရန် မဟာဗျူဟာချမှတ်လုပ်ဆောင်နေသည်။ (RFA 190710)
- ယခုကျင်းပနေသည့် အာဆီယံအရှေ့တောင်အာရှ နိုင်ငံများအသင်း နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဖန်ယာကင်း (Phan Gia Khiem) က လာမည့် မြန်မာနိုင်ငံရွေးကောက်ပွဲသည် လွတ်လပ်မျှတသော ရွေးကောက်ပွဲဖြစ်ရန်လိုအပ်ကြောင်း တိုက်တွန်း ပြောကြားလိုက်သည်။ (VOA 190710)
- မြန်မာစစ်အစိုးရအနေဖြင့် ၎င်းတို့ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း USDA ကို ဖျက်သိမ်းကာ မြန်မာစစ်တပ်ခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP နှင့် ပူးပေါင်းလိုက်ခြင်းသည် ရွေးကောက်ပွဲတွင် စစ်တပ်ကသာ ကြီးစိုးသွားမည်ကို ပြသနေကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ HRW က ဇူလိုင်လ ၁၈ ရက်နေ့က ကြေညာချက် တစောင် ထုတ်ပြန်ရှုတ်ချလိုက်သည်။ (VOA 190710)
- သျှမ်းပြည်(မြောက်ပိုင်း) ကြူကုတ် (ပန်ဆိုင်း)မြို့နယ် ဂမ်အင်ကျေးရွာတွင် လမ်းဖေါက်လုပ်ရေး စီမံကိန်းကြောင့် ဖယ်ရှားခံရမည့် နေအိမ်နှင့်လယ်မြေများအတွက် အာဏာပိုင်များက လျော်ကြေးပေးခြင်း မရှိကြောင်း ဒေသခံများကပြောသည်။ (S.H.A.N 190710)
- သျှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်ရှိကျေးလက်ဒေသများသို့ ကွန်ဟိန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ၏ စည်းရုံးရေးဆင်းစဉ်အတွင်း အခြားနိုင်ငံရေးပါတီများကို ရှုတ်ချကဲ့ရဲ့ပြောဆို စည်းရုံးမှုများပြုလုပ်ခဲ့ကြောင်း ကွန်ဟိန်းဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 190710)
- သျှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်လဝကရုံးက မှတ်ပုံတင်ပြုလုပ်ပေးခြင်းမရှိသဖြင့် ရွာသူရွာသားများ သွားလာရေး အခက်အခဲများနှင့် ကြုံတွေ့ရကြောင်း ဒေသခံများက ပြောသည်။ (S.H.A.N 190710)
- အမေရိကန်နှင့်ကနေဒါနိုင်ငံ ရောက်ရှိနေကြသည့် ချင်းအမျိုးသားများက ချင်းအမျိုးသားတပ်ဦး (CNF) အရေးနှင့် ပတ်သက်၍ ဇူလိုင်လ ၁၇ ရက်နေ့က အမေရိကန်နိုင်ငံ အင်ဒီယားနားပိုလစ်စ်တွင် အရေးပေါ် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ရာ CNF ၏ လက်ရှိနိုင်ငံရေး၊ စစ်ရေးအနေအထားများ၊ အမျိုးသားရေးတိုက်ပွဲ လှုပ်ရှားမှုအားနည်းချက်၊ အားသာချက်များ၊ အမြင်သဘောထားများကို လေးလေးနက်နက် ဆွေးနွေးဖလှယ်ခဲ့ကြသည်။ (Khonumthung 190710)
- ကျန်းမာရေးပေါ်လစီနှင့် ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်အခြေစိုက် ကျန်းမာရေးအဖွဲ့ကြီး ၃ ခုဖြစ်သည့် အမျိုးသားကျန်းမာရေးနှင့် ပညာပေးရေးကော်မတီ(NHEC)၊ မြန်မာနိုင်ငံဆေး ပညာရှင်များအဖွဲ့(BMA)နှင့် နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားများအဖွဲ့(BPHWT)တို့က သုံးရက်ကြာ ကျန်းမာရေးနှီးနှောဖလှယ်ပွဲ တခုကို ဇူလိုင်လ ၁၅မှ ၁၇ ရက်နေ့အထိ ထိုင်း-မြန်မာ နယ်စပ် တနေရာတွင် ပြုလုပ်ကျင်းပခဲ့သည်။ (KIC 190710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်ပြည်နယ်မြောက်ပိုင်း တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်တွင် လှုပ်ရှားနေသော နအဖစစ်တပ်များ သည် ဒေသခံရွာသားများကို အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်မှုများ ယခုရက်သတ္တပတ်အတွင်း ဆက် တိုက်လုပ်ဆောင်ခဲ့သည်ဟု မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ (Free Burma Ranger-FBR) က ပြောသည်။ (KIC 190710)
- ယခုခေတ်တွင် အင်တာနက်အသုံးဝင်မှု ပိုမိုတွင်ကျယ်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း လူကြီးလူငယ်များ သာမက အရွယ်မရောက်သေးသော အသက် ၁၀ နှစ် နှင့် ၁၅ နှစ်ကြား ကလေးငယ်များသည်လည်း အင်တာနက်ဆိုင်များတွင် ဂိမ်းကစားရာမှ အင်တာနက်ပေါ်ရှိ ဂီတ၊ ဗွီဒီယိုများအပြင် ထူးခြားဆန်းကျယ်သည့် အကြောင်းအရာများကို ရှာဖွေလေ့လာမှုပိုမိုများပြားလာသည်ဟု မြန်မာပြည် တွင်းအခြေစိုက် Eleven media group တွင် ဖော်ပြထားသည်။ (KIC 190710)
- တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) ကလိုထူးဘောဇျူဟာမှ တပ်ကြပ်ကြီး တစ်ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ကော့ကရိတ်မြို့နယ်၊ ဝေါ်လေဝွင်အခြေစိုက် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA) တပ်ရင်း (၂၀၁)ထံသို့ ဇူလိုင်လ ၁၈ ရက်နေ့က လာရောက် ပူးပေါင်းခဲ့ကြောင်း KNLA (၂၀၁) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောဘူးဖောက ပြောသည်။ (KIC 190710)
- ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ဦးတင်တင်ဝင်းဖော်နှင့်တပည့်တပ်သား ကျော်သိန်းတို့၏ ဦးဆောင်မှုဖြင့် ဇူလိုင် ၇ ရက်နေ့မှ ၁၂ ရက်နေ့အထိ နမ့်ခမ်းမြို့နယ်ရှိ အွယ်လောကျေးရွာအုပ်စုနှင့် ကောင်းပိုင်းကျေးရွာအုပ်စုအတွင်း ဒေသခံပြည်သူပိုင်ဖြစ်သည့် သစ်တော များကို တိုင်းတာမှုများ ပြုလုပ်သွားခဲ့သည်။ (Palaungland 190710)
- ပါတီတည်ထောင်ခွင့်ရရှိပြီးနောက် နှစ်ရက်အကြာမှစ၍ "စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (UDPKS)" သည် မြန်မာစစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် လူထုစည်းရုံးရေး လုပ်ငန်းများ စတင်ပြုလုပ်နေပြီဖြစ်သည်။ (KNG 190710)
- သစ်မှောင်ခိုဘုတ်တစီးဖြင့် အရက်နှင့်ဘီယာများတင်သွင်းလာသည့် မြန်မာနိုင်ငံသား ၁၀ ဦးထက်မနည်း ကို ဇူလိုင်လ ၁၉ ရက်နေ့နံနက်က တက်ကနက် ဆိပ်ကမ်းတွင် ဘင်္ဂလားရေတပ်က ဖမ်းဆီးလိုက်သည်။ (Narinjara 190710)

<u>ဇူလိုင်လ (၂၀) ရက်</u>

- စစ်အစိုးရ စာပေစိစစ်ရေးသည် ၎င်းတို့အရေးယူမည့် ဂျာနယ်များနှင့်ပတ်သက်ပြီး တစုံတရာထုတ် ပြန်ချက်ပြုလုပ်သွားတော့မည်မဟုတ်ဘဲ ကိုယ့်ဘာသာကိုယ် ရပ်နားကြောင်း စာတင်ပြရသည့်စနစ်ကို ပြောင်းလဲကျင့်သုံးနေကြောင်း စာစစ်ဖူးအမျိုးသမီးတဦးက ပြောသည်။ (NEJ 200710)
- စက်မှု(၁) ဝန်ကြီးဌာန၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းစက်ရုံ (ပြင်ထိန်း)၏ လုပ်ငန်းအရပ်ရပ်အား (နေပြည်တော်) စက်မှုညွှန်ကြားမှုဦးစီးဌာနမှ လွှဲပြောင်းရယူမည်ဟု သတင်းထွက်ပေါ်နေသဖြင့် ဝန်ထမ်းများ စိတ်သောကရောက် နေကြကြောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံ ဝန်ထမ်းတဦးကပြောသည်။ (NEJ 200710)
- မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းမအောင်မြင်ရသည့် အဓိကအကြောင်းအရင်းသည် အာဏာပိုင်တို့၏ လာဘ်စားမှုရှိနေခြင်းကြောင့်ဖြစ်ကြောင်း လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) အဖွဲ့များက ပြောသည်။ (NEJ 200710)
- ရန်ကုန်မြို့ ပြည်လမ်းမပေါ်ရှိ ယခင်စွမ်းအင်ဝန်ကြီးဌာန ရုံးချုပ်၏ အဆောက်အအုံနှင့် မြေနေရာကို အေးရှားဝေါလ်ကုမ္ပဏီက မကြာသေးမီက လွှဲပြောင်းရယူခဲ့ကြောင်း စစ်အစိုးရနှင့်နီးစပ်သူတဦးကပြောသည်။ (Irrawaddy 200710)
- ဒေါ်အောင်ဆန်းစုကြည် ရေးသားခဲ့သော "Freedom From Fear" စာအုပ်နှင့် ဦးဝင်းတင်၏ "ဘာလဲဟဲ့ လူ့ငရဲ" စာအုပ်တို့ကို လက်ဝယ်တွေ့ရှိမှုဖြင့် အသက် ၁၄ နှစ်အရွယ်ရှိ ရန်ကုန်မြို့တာမွေမြို့နယ်မှ ဦးစံသိန်း၏သား မောင်နေလင်းသည် အဆိုပါစာအုပ်များကို မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့သို့ ပါဆယ်ဖြင့်ပို့ရန်အသွားတွင် တောင်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဥက္ကလာပမြို့နယ်ရှိ ပါရမီရွှေမန်းသူကားဂိတ်၌ အဖမ်းခံလိုက်ရခဲ့ကြောင်း အမည်မဖော်လိုသူလူငယ်တဦးကပြော သည်။ (Irrawaddy 200710)

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)အား မဲပေးလျှင် ပျက်စီးနေသော လမ်းများ အပြည့်အဝ ကောင်း မွန်သွားရန် အခမဲ့ခင်းပေးမည်ဟု ရန်ကုန်မြို့နေ လူထုအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် (USDA) များက ပြောဆိုစည်းရုံးသော်လည်း လမ်းခင်းကုန်ကျစရိတ် တောင်းခံမှုများ ရှိနေကြောင်းရန်ကုန်မြို့ လသာမြို့နယ် တွင် နေထိုင်သူတဦးက ပြောသည်။ (Irrawaddy/ Mizzima 200710)
- ဘင်္ဂလားဒေ့ရှ်က ပထမဆုံးအကြိမ်အဖြစ် ရခိုင်ပြည်နယ်ရှိ ရေဘေးသင့်ဒေသများသို့ အာလူး ပိဿာချိန် ၉၂၀၀ ကျော်ကို ယခုလ ၁၄ ရက်နေ့မှ စတင်၍ တသုတ်ချင်း တင်ပို့ရောင်းချနေသည်။ (Mizzima/ Narinjara 200710)
- ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးတွင် အကြီးမားဆုံးဖြစ်သည့် မဲဆောက်-မြဝတီ နယ်စပ်တံတားကို စစ်အစိုးရဘက် က ပိတ်ထားမှု အဆုံးသတ်စေရေးအတွက် ဆွေးနွေးရန် ထိုင်းနိုင်ငံ ဒုတိယကုန်သွယ်ရေးဝန်ကြီး မြန်မာဘက်ခြမ်းသို့ မနက်ဖြန်တွင် သွားရောက်မည်ဟု MCOT ထိုင်း သတင်းဌာနတွင် ဖော်ပြထားသည်။ (Mizzima 200710)
- အလားအလာကောင်းသည့် ရေနံတွင်းကြီးတစ်ခုကို ရေဂျတီတိုင်း မအူပင်ဒေသတွင် တွေ့ရှိကြောင်း စစ်အစိုးရ မီဒီယာများက ဇူလိုက်လ ၂၀ ရက်နေ့တွင် ကြေညာလိုက်သည်။ (DVB 200710)
- ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အလုပ်လုပ်နေသည့် မြန်မာပြည်သား သျှမ်းတိုင်းရင်းသား (၃) ဦးက ယာဉ်မောင်းလိုင်စင် လုပ်ခွင့်မပေးသဖြင့် ချင်းမိုင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၊ ထိုင်းနိုင်ငံ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဦးစီးဌာန နှစ်ခုကို တရားရုံးတွင် တိုင်ကြားလိုက်သည်။ (DVB 200710)
- မြန်မာပြည်သူလူထုများ၏ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုအပါအဝင် အဓမ္မ လုပ်အားပေး ခိုင်းစေခြင်းခံ နေရမှုများအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က အပြည်ပြည်ဆိုင်ရာ အလုပ် သမားအဖွဲ့ချုပ် ILO နှင့်ပူး ပေါင်းဆောင်ရွက်ရန် ပြင်ဆင်နေသည်။ (RFA 200710)
- ဗီယက်နမ်နိုင်ငံတွင် ကျင်းပနေသည့် အာဆီယံအစည်းအဝေးအတွင်း အာဆီယံအတွင်းရေးမှူးချုပ် ဆူရင်းပစ်ဆူဝမ် (Surin Pitsuwan) က လာမည့်မြန်မာ့ရွေးကောက်ပွဲသည် အများလက်ခံယုံကြည်နိုင် ရန် လိုအပ်ကြောင်း ဇူလိုင်လ ၁၉ ရက်နေ့ညပိုင်း ပြုလုပ်သည့်ညစာစားပွဲ၌ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကို သတိပေးပြောကြားလိုက် သည်။ (VOA 200710)
- လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပပေးရန် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)က တောင်းဆိုနေသော်လည်း မြန်မာ့အတိုက်အခံ အင်အားစုများကတော့ စစ်အစိုးရကျင်းပ ပေးမည့် ရွေးကောက်ပွဲသည် လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်မယ်ဆိုသည့်အပေါ် သံသယရှိနေကြသည်။ (VOA 200710)
- ပြည်သူ့စစ် အသွင်ပြောင်းရေး လက်ခံထားသော်လည်း လက်တွေ့တွင် ပြည်သူ့စစ်မဖွဲ့နိုင်သေးသည့် အပစ်ရပ်သျှမ်း ပြည်တပ်မတော် (မြောက်ပိုင်း)အပေါ် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (ရမခ)တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က စိတ်ဆိုးဒေါသထွက်နေသည်ဟု လားရှိုးမြို့ခံ ဂန်ထမ်းတစ်ဦးက ဆိုသည်။ (S.H.A.N 200710)
- မွန်ပြည်နယ်၊ မုဒုံမြို့နယ် အထက်တန်းကျောင်းခွဲတစ်ခုရှိ အစိုးရစာသင်ကျောင်းတွင် ယူနီဆက်ဗလာ စာအုပ်ကြေးကို ကျောင်းသူ/သားများက ဝယ်ယူနေရသည်ဟု ကျောင်းသားမိဘများက ပြောသည်။ (IMNA 200710)
- ထိုင်းမြန်မာနယ်စပ် ဘုရားသုံးဆူမြို့နယ်ဂွင်တွင် လှုပ်ရှားနေသည့် ခမရ(၄၀၉)တပ်ရင်းလှုပ်ရှားစစ် ကြောင်း (၂)မှ မွန်ပြည်သစ်ပါတီ၏ အရန်တပ်သားများနှင့်ဒေသခံရွာသားတွေအပေါ် ပေါ်တာဖမ်းဆီးခဲ့သည့်ကိစ္စကို မွန်ပြည်သစ် ပါတီက ကန့်ကွက်ခဲ့အပြီး ဇူလိုင်လ(၁၆)တွင် ပါတီအရန်တပ်သားတွေကို ပြန်လွှတ်ပေးခဲ့သည်ဟု ပါတီအရာရှိငယ် တစ်ဦးက ပြောသည်။ (Kaowao 200710)
- နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဌ ဦးသိန်းစိန်က ၂၀၁၀ ခုနှစ် ပညာသင်နှစ် အတွင်း ဖွင့်လှစ်ခွင့်ပြုထားခဲ့သည့် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဆတ္တားကျေးရွာ အထက်တန်းကျောင်းခွဲကို ယခုထိ မဖွင့်လှစ်သေးကြောင်း ဆတ္တားရွာလူကြီးတစ်ဦးက ပြောသည်။ (Khonumthung 200710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတားကို (နေပြည်တော်)မှ တိုက်ရိုက်ညွှန်ကြားချက်အရ အကန့်အသတ်မရှိ ပိတ်လိုက်ခြင်းဖြစ်သည်ဟု မြဝတီခရိုင် အာဏာပိုင်များက ပြောကြားသည်။ (NEJ 200710)
- ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့ရှိ နှစ်နိုင်ငံဆက်သွယ်ရေး နယ်စပ်ဂိတ်များကို ယခုဇူလိုင် ၁၈ ရက်နေ့မှစ၍ ရက်သတ္တပတ်ကြာ ပိတ်ထားသဖြင့် မြဝတီမှ မဲဆောက်သို့ နေ့ချင်းပြန်သွားရောက် အလုပ်လုပ်နေသည့် နေ့စားအလုပ်သမားများနှင့် ဈေးသည်များ အခက်ကြုံရသည်ဟု မြို့ခံများက ပြောသည်။ (KIC 200710)
- နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့ (BPHWT) မှ ၃ လကြာ ကြီးမှူးဖွင့်လှစ်သည့် လုပ်သက်ရင့်ဆေးဝန်ထမ်းများ မွမ်းမံ(ဉာဏ်သစ်လောင်း)သင်တန်းဆင်းပွဲကို ဇူလိုင်လ ၂၀ ရက်နေ့ နံနက်တွင် ထိုင်း-မြန်မာနယ်စပ်တနေရာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သင်တန်းဖြစ်မြောက်ရေး ကော်မတီဝင်တဦးဖြစ်သူ စောဝင်းကျော်ကပြောသည်။ (KIC 200710)
- ၆၃ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရခိုင်ပြည်နယ်က မြို့တချို့တွင် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများနှင့် ပြည်သူများက အကျဉ်းချုံး ကျင်းပပြုလုပ်ခဲ့ကြသည်။ (Narinjara 200710)
- ရခိုင်ပြည်နယ် စစ်တွေတွင် အာဏာပိုင်များက လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများကို အချိန်မရွေးဖန်တီးနိုင်ကြောင်း အမည်မဖော်လိုသူ နိုင်ငံရေးသမားဟောင်းတဦးက ပြောသည်။ (Narinjara 200710)
- ဒေါက်တာတူဂျား ခေါင်းဆောင်သော ကချင်ပြည်နယ်တိုးတက်ရေးပါတီ (KSPP) အား ယခုလ ၁၆ ရက်နေ့၌ နေပြည်တော်ရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံခဲ့ရာ ယခုလကုန်ပိုင်းတွင် ပါတီမှတ်ပုံတင် ချပေးမည်ဖြစ်သည်ဟု နေပြည်တော်တွင်သွားရောက်ခဲ့သော ပါတီအရာရှိတစ်ဦး ပြောသည်။ (KNG 200710)

ဇူလိုင်လ (၂၁) ရက်

- သဘာဝတောရိုင်းတိရစ္ဆာန်များနှင့် သစ်တောပြုန်းတီးမှုများကို ထိန်းသိမ်းသွားရန် ရည်ရွယ်၍ သဘာဝသစ်တောနယ်မြေအနည်းဆုံး (၈) နေရာ တိုးချဲ့သတ်မှတ်သွားရန် စီစဉ်ထားကြောင်း သစ်တောရေးရာဝန်ကြီးဌာန စိမ်းလန်းစိုပြေရေးဌာနခွဲမှ တာဝန်ရှိသူတဦးက ပြောကြားသည်။ (NEJ 210710)
- ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးအောင်သိန်းလင်း၏ လမ်းဘေးဈေးသည်များဖယ်ရှားရေး စီမံချက် အောင်မြင်မှုမရှိကြောင်း စည်ပင်ဝန်ထမ်းများနှင့် ဈေးသည်များက ပြောသည်။ (NEJ 210710)
- နားလည်မှုလွဲမှားခြင်းကြောင့် မြန်မာဘက်က ပိတ်လိုက်သည့် မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် ထိုင်းကုန်သွယ်ရေး ဒု-ဝန်ကြီး ဦးဆောင်သည့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သောအဖွဲ့ (၁) ဖွဲ့သည် ဇူလိုင်လ ၂၃ ရက်နေ့တွင် နေပြည်တော်သို့ သွားရောက်မည်ဖြစ်သည်။ (NEJ/ RFA 210710)
- လွန်ခဲ့သည့်မေလက ဦးဇော်ဇော်၊ ဦးတေဇ၊ ဦးချစ်ခိုင်နှင့် ဦးနေအောင်တို့ကို ပုဂ္ဂလိကဘဏ်လုပ်ပိုင်ခွင့်များချထားပေးပြီးနောက်ပိုင်း လိုအပ်လာသည့် ဘဏ်ဝန်ထမ်းနေရာတို့တွင် နိုင်ငံပိုင်ဘဏ်ဝန်ထမ်းများကို အလုပ်မခန့်ရန် စစ်အစိုးရနှင့် လုပ်ငန်းရှင်များ သဘောတူထားမှုရှိခဲ့သဖြင့် ယခုတွင် နိုင်ငံပိုင်ဘဏ်ဝန်ထမ်းများ အလုပ်မထွက်ရေး အကြပ်ကိုင်နေသည်ဟု မြန်မာ့စီးပွားရေးဘဏ်အရာရှိတဦးက ပြောသည်။ (NEJ 210710)
- ဇွန်လ (၃၀) ရက်နေ့က ဖြစ်ပွားခဲ့သော ကချင်ပြည်နယ် ဟိုပင်မြို့အနောက်ဘက် (၄) မိုင်အကွာတွင် တည်ရှိသည့် ခလရ (၃၈၉) ၏ လက်နက်တိုက် ပေါက်ကွဲမှုနှင့်ပတ်သက်၍ တပ်အနီးရှိ ဒေသခံများအား မသင်္ကာမှုဖြင့် စစ်တပ်ကဖမ်းဆီးထားသည်။ (NEJ 210710)
- ရွေးကောက်ပွဲကို မည်သည့်နေ့ရက်တွင် ကျင်းပမည်ဆိုသည်ကို မသိရှိကြောင်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ပြောကြားလိုက်သည်။ (Irrawaddy 210710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်အစိုးရ၏ စီမံကိန်းတခု ဖြစ်သည့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ရွှေလီရေအားလျှပ်စစ်စီမံကိန်း အမှတ် (၁) မှ ဖြန့်ဝေပေးနေသော လျှပ်စစ်မီးသည် ဒေသခံများအတွက် အထောက်အကူ မဖြစ်ကြောင်းမူဆယ်မြို့ခံတစ်ဦးက ပြောသည်။ (Irrawaddy 210710)
- ရန်ကုန်မြို့ရွှေတိဂုံ စေတီတော်အရှေ့ဘက်မုခ်ရှိ ကျောင်းတိုက် တချို့တွင်သီတင်းသုံးနေကြသော ရဟန်းသံဃာတော်များကို ဇူလိုင်လ ၂၅ ရက်နေ့ နောက်ဆုံးထား၍ ကျောင်းတိုက်များမှ ဖယ်ရှားပေးရန် အာဏာပိုင်များက ညွှန်ကြားထားကြောင်း ဒေသခံတစ်ဦးကပြောသည်။ (Irrawaddy 210710)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) သည် ရွေးကောက်ပွဲအတွက် မဲဆွယ်ရန်စည်းရုံးရေးသီချင်းများကို နာမည်ကျော် အဆိုတော်များနှင့်သွင်းယူနေပြီး စစ်အစိုးရပိုင်ရုပ်သံမီဒီယာများမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မြို့နယ်အဆင့် USDP အတွင်းရေးမှူးတဦးက ပြောသည်။ (Irrawaddy 210710)
- ၂၀၁၀ ရွေးကောက်ပွဲနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ဆောင်းပါးကြောင့် ပြည်တွင်းအပတ်စဉ်ထုတ် The Voice Weekly ဂျာနယ်ကို စာပေစိစစ်ရေးက သီတင်း ၂ ပတ် ထုတ်ဝေခွင့် ပိတ်ပင်လိုက်သည်။ (Irrawaddy/ Mizzima 210710)
- စစ်အစိုးရဝန်ကြီးဌာန ၄ ခုအောက်မှဌာနခွဲများ ပူးပေါင်းဖွဲ့စည်းထားသော အထူးအဖွဲ့က လိုင်စင်မဲ့ကားများကို တန်ဖိုးသတ်မှတ် အခွန်ဆောင်စေကာ တနေရာတည်းတွင် အပြီးဆောင်ရွက်ပေးမည့်စနစ်ဖြင့် တရားဝင်လိုင်စင်များထုတ်ပေးရန် အကောင်အထည်ဖော်လျက်ရှိကြောင်း ရန်ကုန်ရှိအကောက်ခွန်ဦးစီးဌာနရုံးချုပ်မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။ (Irrawaddy 210710)
- မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်စိမ်း လက်လီလက္ကားဈေးဖြစ်သည့် ရန်ကုန်တိုင်း အလုံမြို့နယ်ရှိ သီရိမင်္ဂလာဈေးကို လာမည့်လတွင် အပြီးရွှေ့ပြောင်းရမည်ဟု စစ်အစိုးရပိုင် MRTV – 4 က ထုတ်လွှင့်ကြေညာခဲ့ပြီးနောက် နေရာသစ်တွင် အဆင်မပြေဖြစ်မည်ကို ဈေးသည်များ စိုးရိမ်နေကြသည်။ (Mizzima 210710)
- စစ်တပ်နှင့်ပတ်သက်သည့် ပါတီများကိုမဲထည့်ရန် ဒု-ပညာရေးဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ရန်ကုန်တိုင်း ကမာရွတ်မြို့ရှိ နိုင်ငံခြားဘာသာ အထူးပြုတက္ကသိုလ် UFLY တွင် ဇူလိုင်လ ၂၀ ရက်နေ့က ပြောဆိုလိုက်သည်။ (Mizzima/ DVB 210710)
- ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အိန္ဒိယခရီးစဉ်တွင် ၂၀၁၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ အိန္ဒိယအစိုးရက ရေငုံနှုတ်ပိတ်၍ စီးပွားရေးအကျိုးအမြတ်ကိုသာ အဓိကအလေးထားဖွယ်ရှိကြောင်း နယူးဒေလီရှိ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများကပြောဆိုကြသည်။ (Mizzima/ RFA 210710)
- မြန်မာစစ်အစိုးရမှ လာမည့်ရွေးကောက်ပွဲတွင် နိုင်ငံတကာစောင့်ကြည့်ရေးအဖွဲ့များကို အနီးကပ်စောင့်ကြည့်လေ့လာခွင့်မပေးပါက ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်မဟုတ်ကြောင်း ရွေးကောက်ပွဲများလွတ်လပ်မျှတရေးအာရှကွန်ရက် (အန်ဖရယ်)က ဝေဖန်ပြောဆိုလိုက်သည်။ (DVB 210710)
- ကရင်အမျိုးသားအစည်းအရုံး KNU ဗဟိုဌာနချုပ်၏ တာဝန်ပေးချက်အရ ရန်ကုန်မြို့ကိုသွားရင်း အဖမ်းခံရကာ သေဒဏ်ချမှတ်ခံခဲ့ရသည့် ဦးသန်းမြင့်ဆွေသည် ဇူလိုင်လ ၁၆ ရက်နေ့က ပြန်လည်လွတ်မြောက်လာခဲ့သည်။ (DVB 210710)
- လွန်ခဲ့သည့် ဖွန်လဆန်းပိုင်းက ဖွဲ့စည်းခဲ့သည့် အမျိုးသားအလုပ်သမားသမဂ္ဂကို ဖျက်သိမ်းလိုက်ကာ အလုပ်သမားလယ်သမားသမဂ္ဂ ပေါ်ပေါက်ရေးကြိုးပမ်းသူများအဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ကြောင်း အဖွဲ့၏ ဒု-တာဝန်ခံ ဦးတင်ရွှေကပြောသည်။ (DVB 210710)
- မြန်မာသင်္ဘောသား ၂၁ ဦးနှင့်အတူ နော်ဝေးလူမျိုးပိုင် UBT Ocean ရေနံတင်သင်္ဘောကို ဆိုမာလီပြန်ပေးဆွဲဓားပြများက ပြန်လွှတ်ပေးလိုက်ပြီဟု စင်္ကာပူအခြေစိုက် မြန်မာသင်္ဘောသားများ ပူးပေါင်းဆောင်ရွက်ရေး Ship Mangeent Associate ကုမ္ပဏီက ပြောသည်။ (DVB 210710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာနိုင်ငံက ဆိုင်ကလုံးနာဂစ် ကျရောက်ခဲ့သည့် ဒေသများတွင် အာဆီယံအဖွဲ့မှ ဆောင်ရွက်နေသော လူချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများကို ဇူလိုင်လ ၃၁ ရက်နေ့၌ အပြီးသတ်ရပ်နားရန် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက သဘောတူဆုံးဖြတ်လိုက်သည်။ (RFA 210710)
- လူ့အခွင့်အရေးလှုပ်ရှားမှုများ လုပ်ခဲ့သည့်အတွက် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခံထားရကာ ဖေးလံသည့် အကျဉ်းထောင်များကို ပို့ခံထားရသည့် နိုင်ငံရေးအကျဉ်းသားနှစ်ဦးဖြစ်သည့် မစုစုနွေးနှင့် ကိုဘိုဘိုဝင်းလှိုင်တို့သည် ကျန်းမာရေးချို့တဲ့နေကြပြီး ဆေးဝါးကုသမှုလည်းကောင်းမွန်စွာမရပဲ ဖြစ်နေသည်။ (RFA 210710)
- မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပတ်အွီချွန်း (Pak Ui Chun) သည် လာမည့် ဇူလိုင်လ ၂၉ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိ မြန်မာနိုင်ငံကို အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ဗဟိုသတင်းဌာနက ထုတ်ဖော်ရေးသားလိုက်သည်။ (RFA 210710)
- တပ်တွင်းရဲဘော်များက လစာနည်းသည့်ကြားထဲ ဘဏ်စုငွေကို မစုမနေရ ကျပ် ၅၀၀၀ ကို စားဝတ်နေရေးမပြေလည်သည့်အခါ စုငွေများပြန်တောင်းသော်လည်း အာဏာပိုင်များက ထုတ်မပေးသဖြင့် မွန်ပြည်နယ် မတ္တမမြို့အခြေစိုက် တပ်မ ၄၄ လက်အောက်ခံ ခမရ ၁၀၂ တွင် တပ်တွင်းမငြိမ်မသက်မှုများ ဖြစ်နေသည်။ (BBC 210710)
- သျှမ်းပြည်နယ်စပ်မြို့ဖြစ်သော တာချီလိတ်၌ အာဏာပိုင်များက ရပ်ကွက်အသီးသီးရှိ အိမ်အသစ်ဆောက်လုပ်ဆဲပြည်သူများအား ဒေသခံအာဏာပိုင်များက အခကြေးငွေအဆမတန်ပေးရသည့် ပုံစံ ၁၀၅ အိမ်မြေဂရမ်ပြုလုပ်ခိုင်းနေကြောင်း မြို့ခံတစ်ဦးကပြောသည်။ (S.H.A.N 210710)
- သျှမ်းပြည်အရှေ့ပိုင်း မိုင်းကုတ် (ခေါ်) မိုင်းခုတ်ထွက် ကျောက်မီးသွေးများ ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းဟိုင်းသို့ လမ်းသစ်ဖောက်သယ်ဆောင်မည့်စီမံကိန်းအား ကန့်ကွက်ရန်အတွက် မယ်ဖှါ့လုံတက္ကသိုလ်တွင် ဒေသခံလူထုသဘောထားအစည်းအဝေးတစ်ရပ်ပြုလုပ်ခဲ့ကြောင်း ဂျူလိုင် ၁၈ ရက်ထုတ် ချင်းဟိုင်းသတင်းစာ၌ ရေးသားထားသည်။ (S.H.A.N 210710)
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ စည်းရုံးရေးခရီးစဉ်တွင် မွန်ပြည်သူတို့၏ ထောက်ခံအားပေးမှုတစ်ထောင်ကျော်ကို အခက်အခဲများကြားမှ စည်းရုံးနိုင်ခဲ့ကြောင်း ပါတီ ဥက္ကဌ နိုင်ငွေသိမ်းက ပြောသည်။ (IMNA 210710)
- ချင်းပြည်နယ် ဟားခါးမြို့နယ် သီနမ်းကျေးရွာတွင် ယခုလ (၁၂)ရက်နေ့က မီးလောင်မှုဖြစ်ပွါးခဲ့ရာ ပျဉ်ထောင်အိမ်နှစ်လုံးပြာကျသွားခဲ့၍ ၎င်းမီးလောင်မှုအတွက် အာဏာပိုင်များက အိမ်ရှင်များအား မြို့နယ်တရားရုံးတွင်တရားစွဲထားသည်ဟု ဒေသခံတစ်ဦးကပြောသည်။ (Khonumthung 210710)
- ထိုင်းနှင့် ကရင်နီပြည် နယ်စပ်လမ်းကြောင်းတစ်ခုမှ ကောက်ခံရရှိသော အခွန်တော်များအား မြန်မာစစ်အစိုးရထံ မရောက်ရှိသဖြင့် အကန့်အသတ်မရှိ ပိတ်ထားမည်ဟု မယ်စူရင်းအခြေစိုက် ထိုင်းစစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက ပြောသည်။ (KT 210710)
- ကရင်နီပြည် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် scabies (ဂဲနာ-ယားနာ)ဟု ခေါ်သည့် အရေပြားရောဂါကို ဒေသခံရွာသား အတော်များများ ကူးစက်ခံနေရပြီး ၅ နှစ်အောက် ကလေးငယ်များအတွက် စိုးရိမ်ရသည်ဟု ထိုဒေသတွင် ဆေးဝါးများ ကုသပေးသော ဆေးမှူးလော်ရယ်က ပြောသည်။ (KT 210710)
- မြန်မာနိုင်ငံမှထွက်ပြေးလာကြသည့် မူဆလင်ဒုက္ခသည်များကို ညှော်ဝတ်ကျေပွန်စွာ ခိုလှုံခွင့်ပြုထားမှုအပေါ် ဂုဏ်ပြုသည့်အနေဖြင့် ကုလအေဂျင်စီများက အမေရိကန်ဒေါ်လာ (၃၃)သန်းကို ရင်းနှီးမှုတည်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ဆင်းရဲမွဲတေမှုပပျောက်ရေး စီမံကိန်းတစ်ခုကို ချီးမြှင့်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဒက္ကားအခြေစိုက် UNHCR မှ သတင်းထုတ်ပြန်လိုက်သည်။ (Narinjara 210710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဇူလိုင်လ (၂၂) ရက်

- ပြည်တွင်း တက္ကသိုလ်အသီးသီးတွင် ပါရဂူ၊ မဟာဘွဲ့ ကျမ်းပြုသင်တန်းသားများအနေဖြင့် သတ်မှတ်ထားသည့် အဆင့်မြင့် အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲအောင်မြင်မှ ဘွဲ့ချီးမြှင့်မည်ဖြစ်ကြောင်း မဟာ ဝိဇ္ဇာတန်းဘွဲ့အတွက် ကျမ်းပြုနေသူ ကျောင်းသားတဦးက ပြောသည်။ (NEJ 220710)
- အကြွေးဝယ်ထားသော ဓာတ်မြေသြဇာဖိုး မဆပ်နိုင်သဖြင့် မကွေးတိုင်း မြို့သစ်မြို့နယ်မှ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက) ဥက္ကဋ္ဌ (၆) ဦးအား ယုံကြည်အပ်နှံမှုကို အလွဲသုံးစားလုပ်မှုဖြင့် မြို့သစ်မယကမှ တရားစွဲဆိုလိုက်သည်။ (NEJ 220710)
- ရန်ကုန်-နေပြည်တော် ကားလမ်းဆောက်လုပ်ရေး လုပ်ငန်းခွင်ကြောင့် ယင်းလမ်းတလျှောက်ရှိ မကွေးတိုင်းအတွင်းမှ ဆည်များ စိုက်ပျိုးရေ မလွှတ်သည့်အတွက် စပါးခင်းများ ပျက်စီးနေသည်။ (NEJ 220710)
- လွန်ခဲ့သည့် ဇွန်လ (၃၀) ရက်နေ့တွင် ရန်ကုန်တိုင်း သံဃာ့မဟာနာယကအဖွဲ့မှ ရွှေတိဂုံစေတီတော် အရှေ့မုခ်အနီး ကျောင်းတိုက် (၃) တိုက်ရှိ သံဃာတော်များ ပြောင်းရွှေ့ရန်အမိန့်ထုတ်ထားသောကြောင့် သံဃာအပါး (၁၀၀) ကျော် သည် ဂါဆိုရန်အခက်တွေ့နေကြသည်။ (NEJ 220710)
- ဇူလိုင်လ ၂၀ ရက်နေ့က ထိုင်းနိုင်ငံ ရနောင်းမြို့မှ ထိုင်းဆိုင်ကယ်တက္ကစီသမားများဦးဆောင်၍ လူ ၁၀၀၀ ခန့်က မြန်မာရွှေ့ပြောင်း အလုပ်သမားများကို ဆိုင်ကယ်မောင်းလိုင်စင်များ ဆက်လက်ထုတ်ပေးခြင်းမပြုရန် သက်ဆိုင်ရာ အာဏာပိုင်များသို့ ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း The Nation သတင်းစာတွင် ဖော်ပြထားသည်။ (Irrawaddy 220710)
- သံဃာတော်များ ပြည်ပထွက်ခွာခွင့်ကို ၂၀၀၇ ရွှေဝါရောင်လှုပ်ရှားမှုအပြီးမှစ၍ နအဖ စစ်အစိုးရက တင်းကျပ်စွာ ကိုင် တွယ်လျက်ရှိရာ ဇူလိုင် ၆ ရက်နေ့မှစ၍ သာသနာရေး ဒု ဝန်ကြီးကိုယ်တိုင် လက်မှတ်ထိုးပေးမှသာ ခွင့်ပြုချက် ရမည် ဖြစ်ကြောင်း ရန်ကုန် သံဃာတော်တပါးက မိန့်သည်။ (Irrawaddy 220710)
- လွန်ခဲ့သည့် သီတင်းပတ်အတွင်းက Myanmar Egress က ဥရောပမှ လူထုအခြေပြု အဖွဲ့များ၊ သံတမန်များနှင့် ဘန်ကောက်မြို့တွင် တွေ့ဆုံစဉ် "စစ်အစိုးရ ကျင်းပပေးမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသည့် လူထု ၇၇ ရာခိုင် နှုန်းက မဲပေးကြလိမ့်မည်" ဟု Think Tank အဖွဲ့ဖြစ်သည့် Myanmar Egress အဖွဲ့က ပြောဆိုလိုက်သည်။ (Irrawaddy 220710)
- ယခုနှစ်ကျင်းပမည့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဌ ဦးဖြိုးမင်းသိန်းက "စစ်အစိုးရအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် ထောင်ကျခံနေရသည့် ၉၀ ပြည့် ရွေးကောက်ပွဲ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးသင့်ကြောင်း" ပြောကြားလိုက် သည်။ (DVB 220710)
- ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်ရှိ နေအိမ်တစ်ခုတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်သည့် ဦးညာဏ် ဝင်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပဲခူးတိုင်းအဖွဲ့ဝင် ၂၀ ဦးနှင့် တွေ့ဆုံကာ အဖွဲ့ချုပ်၏လက်ရှိရပ်တည် ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို ဇူလိုင်လ ၂၂ ရက်နေ့က ဆွေးနွေးခဲ့ကြသည်။ (DVB 220710)
- အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် ILO မှ ပုံမှန်ပြုလုပ်နေသည့် အလုပ်ရုံဆွေးနွေးပွဲကို ILO ဆက်ဆံရေးကွန် ယက်အဖွဲ့ဝင် ၁၀ ဦး ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရခဲ့ကြောင်း တက်ရောက်ခွင့်ရခဲ့သူ ကိုသက်ကပြောသည်။ (DVB 220710)
- သင်္ကြန်အကြတ်နေ့ ရန်ကုန်မြို့ H2O မဏ္ဍပ်တွင် ပုံးပေါက်ကွဲမှုနှင့်ဆက်စပ်၍ အင်းစိန်ထောင်တွင် ဖမ်းဆီးထိန်းသိမ်းခံ နေရသည့် လျှပ်စစ်အင်ဂျင်နီယာ ကိုဖြိုးဝေအောင်၏အမှုအတွက် တရားလိုကို ပထမဆုံးအကြိမ်အဖြစ် စစ်ပြီဟု ကိုဖြိုးဝေအောင်၏ရှေ့နေ ဦးကျော်ဟိုးကပြောသည်။ (DVB 220710)
- ထိုင်း-မြန်မာနယ်စပ် သောင်းရင်းမြစ်ထဲက ထိုင်းဘက်ခြမ်းတွင် မြစ်ကမ်းထိန်းသိမ်းရန် ရေထိန်းနံရံ တည်ဆောက် ရခြင်းဖြစ်ကြောင်း အသိပေးပြီးဖြစ်သဖြင့် မဲဆောက်-မြဝတီတံတားကို မြန်မာဘက်က မကြာခင်ပြန်ဖွင့်မည်ဟု မျှော်

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



လင့်ကြောင်း ထိုင်းဝန်ကြီးချုပ် အဖိဆစ်ကပြောကြားလိုက်သည်ဟု ထိုင်းသတင်းစာများတွင် ဖော်ပြထားသည်။ (DVB 220710)

- ❑ ရန်ကုန်တိုင်း စစ်ဌာနချုပ်အတွင်းရှိ ကြည်း၊ ရေ၊ လေတပ်များက တပ်တွင်းနေထိုင်သည့် မိုသားစုဝင်များကို စစ်အစိုးရမှ ၂၀၁၀ ရွေးကောက်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ပါတီဝင်များအဖြစ် မဖြစ်မနေဝင်ခိုင်းနေသည်ဟု ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့်နီးစပ်သူတစ်ဦးကပြောသည်။ (DVB 220710)
- ❑ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာစစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက ပြောကြောင်း ဗီယက်နမ်မှ လာသည့်သတင်းများကဖော်ပြထားသည်။ (DVB 220710)
- ❑ စစ်အစိုးရက ယခုလလဆန်းပိုင်းတွင် ညီလာခံမခေါ်ပဲ ရုတ်တရက်ဖျက်သိမ်းလိုက်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း USDA ပိုင်ဆိုင်မှုများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ကို လွှဲပြောင်းပေးပြီးသည့်နောက် နောက်ထပ်လူမှုရေးအသစ်တစ်ခု မကြာခင်ထူထောင်မည်ဖြစ်သည်။ (DVB 220710)
- ❑ ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများ၏ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့်တန်းတူယှဉ်ပြိုင်နိုင်ရန် ခဲယင်းနေသည်ဟု ပြည်ထောင်စုဒီမိုကရေစီပါတီ ဥက္ကဌ ဦးဖြိုးမင်းသိန်းကပြောသည်။ (DVB 220710)
- ❑ စစ်အစိုးရ ကျင်းပပေးမည့်ရွေးကောက်ပွဲတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးပါရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Katsuya Okada က နအဖစစ်အစိုးရ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းကို ဇူလိုင်လ ၂၁ ရက်နေ့က တောင်းဆိုလိုက်သည်။ (RFA 220710)
- ❑ စစ်အစိုးရ ဝန်ကြီးချုပ် ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP သည် ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းဥပဒေများကို ချိုးဖောက်သည့်လုပ်ရပ်များ ဆက်လက်ကျူးလွန်နေသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထိထိရောက်ရောက်သတိပေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုဒီမိုကရေစီပါတီ UDP မှ ဇူလိုင်လ ၂၂ ရက်နေ့တွင် တိုက်တွန်းတောင်းဆိုလိုက်ကြောင်း ပါတီဥက္ကဌ ဦးဖြိုးမင်းသိန်းကပြောသည်။ (RFA 220710)
- ❑ နျူးကလီးယားနှင့်ပတ်သက်ဆက်နွယ်နေသည့် မြောက်ကိုရီးယားနှင့်မြန်မာဆက်ဆံရေးနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က အမေရိကန်အစိုးရအနေဖြင့် စိုးရိမ်မိကြောင်း ဗီယက်နမ်နိုင်ငံတွင် ကျင်းပနေသည့် အာဆီယံ ဒေသတွင်းလုံခြုံရေးအစည်းအဝေးတွင် ပြောကြားလိုက်သည်။ (RFA 220710)
- ❑ မြန်မာ့ စစ်အစိုးရမှ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာ မူဝါဒကို မပြောင်းလဲလျှင် ဂျပန်နိုင်ငံ အနေဖြင့် မြန်မာနိုင်ငံကို စီးပွားရေး အထောက်အကူများ အပြည့်အဝပေးမည် မဟုတ်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး ခက်ဆူယာ အိုခါတာ (Katsuya Okada)က ပြောကြားလိုက်သည်။ (RFA/ Narinjara 220710)
- ❑ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စနစ်တကျ ကျူးလွန်နေသည့် မြန်မာစစ်အစိုးရကို စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့အရေးယူသည့် ဥပဒေတရပ်ကို အမေရိကန်အထက်လွှတ်တော်တွင် ထောက်ခံမဲ ၉၉ မဲ ကန့်ကွက်မဲ ၁ မဲဖြင့် အတည်ပြုခဲ့ကြကြောင်းနှင့် ယခုနှစ်ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမဟုတ်သောကြောင့် ယခုလို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှု သက်တမ်းတိုးရခြင်းဖြစ်ကြောင်း Republican အထက်လွှတ်တော်အမတ် Mitch McConnell က ဇူလိုင်လ ၂၁ ရက်နေ့က၌ ပြောကြားလိုက်သည်။ (VOA 220710)
- ❑ ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ကို မဲမပေးလိုကြသဖြင့် အခြားဒီမိုကရေစီအရေးလိုလားသည့် နိုင်ငံရေးပါတီများကို မျှော်လင့်စောင့်စားနေကြသည်ဟု နိုင်ငံရေးပါတီအချို့ကပြောသည်။ (VOA 220710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ခေါ်) ကျားဖြူပါတီ SNDP က သျှမ်းပြည်တောင်ပိုင်း မိုးနဲမြို့နယ် ကော်မတီရုံးခွဲဖွင့်လှစ်ရာ မိမိဆန္ဒအရ ဒေသခံလူထု ကိုယ်တိုင်ရုံးသို့သွားရောက်လျှောက်ထားပါဝင်ကြကြောင်း သျှမ်းပြည်တောင်ပိုင်းရောက်ပါတီဝင်တစ်ဦးကပြောပါသည်။ (S.H.A.N 220710)

<u>ဇူလိုင်လ (၂၃)ရက်</u>

- နအဖစစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲတွင် ပဲခူးတိုင်းအတွင်းရှိ တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်အရွေးခံမည့် ပုဂ္ဂိုလ်အချို့အား ကြံ့ခိုင်ရေးပါတီက မက်လုံးအမျိုးမျိုးပေး၍ စည်းရုံးမှုများရှိကြောင်း တသီးပုဂ္ဂလ အရွေးခံမည့်ပုဂ္ဂိုလ်တဦးက ပြောသည်။ (NEJ 230710)
- ကချင်ပြည်နယ် ဖားကန့် ကျောက်စိမ်းတွင်းဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းနေ၍ ဥရုချောင်း အပါအဝင် ဒေသအတွင်းရှိ ချောင်းများရေကြီးပြီး လူနေအိမ်နှင့် ဈေးဆိုင်များ ရေထဲနစ်မြုပ်မျောပါပျက်စီးမှုများနှင့် ကြုံတွေ့နေရသည်။ (NEJ 230710)
- ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုန်အတွင်း နေ့စားအမျိုးသား အလုပ်လက်မဲ့ဦးရေ နေ့စဉ်တိုးပွားလျက်ရှိသည်ဟု စက်မှုဇုန် အလုပ်သမားများကပြောသည်။ (NEJ 230710)
- ကချင်ပြည်နယ် မြစ်ကြီးနား-တနိုင်း လီဒိုလမ်းမကြီးပေါ်ရှိ ဖားကန့်မြို့နယ် ရှုဒူးဖွပ်နှင့် ဝရာဖွပ် ကျေးရွာအကြားကားလမ်းဘေးတွင် (၂) မိုင်ခန့်ရှည်လျားပြီး အမြင့်ပေ (၂၀) ခန့်မြင့်သော တံတိုင်းအကာအရံတခုကို မကြာသေးမီက စတင်တည်ဆောက်နေသည်။ (NEJ 230710)
- ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးဝန်ကြီးဌာနပိုင် ပုံနှိပ်စက်ခန်း အစိတ်အပိုင်းနေရာတခုအား ပုဂ္ဂလိကသို့ ငှားရမ်းရန် စီစဉ်နေကြောင်း သာသနာရေးရုံးမှ ဝန်ထမ်းတစ်ဦးကပြောသည်။ (NEJ 230710)
- အမေရိကန်နိုင်ငံသို့ သွားရောက်အခြေချခွင့်အား ဆိုင်းငံ့ခံထားရသည့် မြန်မာနိုင်ငံရေးဒုက္ခသည် (၆၀၀) ခန့်အား ကန့်သတ်ထားခြင်းကို အမေရိကန်နိုင်ငံ ပြည်ထဲရေးဌာနက ရုပ်သိမ်းလိုက်သဖြင့် ၎င်းတို့အား မကြာမီအမေရိကန်သို့ ပို့ဆောင်ရန် စိစစ်မှုများပြုလုပ်မည်ဟု တာဝန်ရှိသူတဦးက ပြောသည်။ (NEJ 230710)
- ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ကျားဖြူပါတီဟု နာမည်တွင်လျက်ရှိသော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) သည် လူကြိုက်များ ရေပန်းစားနေသည်ဟု လားရှိုးမြို့မှ ကုန်သည်တစ်ဦးကပြောသည်။ (Irrawaddy 230710)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) သည် ရန်ကုန်တိုင်းရှိ မြို့နယ်များ၊ အခြားပြည်နယ်နှင့် တိုင်းများတွင် ရွေးကောက်ပွဲအတွက် ကြိုတင်မဲစာရင်းများ ကောက်ယူနေသည်။ (Irrawaddy 230710)
- မကြာမီ ဖွင့်လှစ်မည့် ပုဂ္ဂလိက ဘဏ်သစ်များသည် ဘဏ်တည်ထောင်သူများ ပိုင်ဆိုင်သည့်လုပ်ငန်းများသို့ ငွေထုတ်ချေးခြင်းမပြုလုပ်ရန် အစိုးရ၏နိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြထားသည်။ (Irrawaddy 230710)
- စစ်အစိုးရ နိုင်ငံခြားရေး ဒုဝန်ကြီး ဦးမောင်မြင့်က ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးနှင့် ထိုင်းနိုင်ငံ၌ တွေ့ဆုံစဉ် တရားမဝင် မြန်မာအလုပ်သမားများကို ဖမ်းဆီးတရားစွဲဆိုခြင်းမပြုရန် ထည့်သွင်းဆွေးနွေးခဲ့မှုအပေါ် အလုပ်သမားရေးလှုပ်ရှားနေသူများနှင့် အလုပ်သမားများကသတိဖြင့် ကြိုဆိုလိုက်ကြသည်။ (Mizzima 230710)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း USDA ၏ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစသည့် လုပ်ငန်းစဉ် ၅ ရပ် အတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP အနေဖြင့် လုပ်ကိုင်သွားမည်ဟု ပါတီစည်းရုံးရေးအဖွဲ့ဝင်တစ်ဦးကပြောဆိုသည်။ (Mizzima 230710)
- ပဲခူးတိုင်း တောင်ငူခရိုင် အရှေ့ဘက်ခြမ်းရှိ တောတောင်များအတွင်း ပုန်းအောင်း နေထိုင်ကြရသည့် IDP ခေါ် ကရင်ရွှေ့ပြောင်း စစ်ပြေးဒုက္ခသည် ၄၅၀၀ ကျော်အတွက် ငှက်ဖျားရောဂါဆေးများ အရေးပေါ်လိုအပ်နေကြောင်း ထိုင်း-မြန်မာ နယ်စပ်အခြေစိုက် ကရင်အဖွဲ့အစည်းများက ပြောသည်။ (Mizzima 230710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကရင်ပြည်နယ်မြောက်ပိုင်း ဖာပွန်ခရိုင်၊ လှုသောမြို့နယ်အတွင်းရှိ သဒါးဒဲကျေးရွာတွင် ဇူလိုင်လ ၂၃ရက်နေ့ မွန်းလွဲ ၂း၃၀နာရီအချိန်၌ နအဖ စစ်ကြောင်းတစ်ကြောင်း ဝင်ရောက်လာပြီး ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခဲ့သည်ဟု ဒေသခံ တစ်ဦးကပြောသည်။ (KIC 230710)

## ဇူလိုင်လ (၂၄)ရက်

- အိန္ဒိယနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်မည့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ခရီးစဉ်အား လက်ခံကြိုဆိုမှုကို ရှုတ်ချ ကန့်ကွက်ကြောင်း အိန္ဒိယအခြေစိုက် လူမှုအဖွဲ့အစည်း ၃၈ ခုနှင့် မြန်မာ့အရေးထောက်ခံအားပေးသည့် တသီးပုဂ္ဂလ လူပုဂ္ဂိုလ် ၇၁ ဦးတို့ လက်မှတ်ရေးထိုးထားသော အိတ်ဖွင့်ပေးစာ တစ်စောင်အား ဝန်ကြီးချုပ်မာမိုဟမ်ဆင်းထံ ဇူလိုင် လ ၂၃ ရက်နေ့က ပေးပို့ခဲ့သည်။ (Irrawaddy/ DVB/ RFA 2407100)
- USDP တွင် နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အသက်ကြီးရင့် နေပြီဖြစ်သော ပြည်ထောင်စုကြံ့ ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင်(USDA)များကို ပါတီဝင်အဖြစ်လက်ခံခြင်းမရှိဘဲ စာရင်းပယ်ဖျက်လိုက်ပြီ ဖြစ်ကြောင်း၊ ထိုသို့ စာရင်း ပယ်ဖျက်လိုက်သော်လည်း USDP တွင် အမာခံအင်အား ၈ သန်းကျော် ဆက်လက်ရှိနေသေးသည်။ (Irrawaddy 240710)
- ဇူလိုင်လ ၁၁ ရက်နေ့က တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) တပ်မဟာ ၉၉၉ အထူး တပ်ရင်းက တပ်ပြေးမိသားစုများကို ဖမ်းဆီးထားခြင်း (၁၃) ရက်တိုင်ရှိနေပြီးဖြစ်သော်လည်း ငွေမပေးနိုင်သဖြင့် ပြန်မ လွှတ်ပေးသေးကြောင်း KNU တပ်မဟာ ၇ လက်အောက်ခံ KNLA တပ်ရင်း ၁၀၁ ဒု-ဗိုလ်မှူးကြီးဖောဒိုကပြောသည်။ (DVB 240710)
- ကချင်ပြည်နယ် ပူတာအို အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင် မထက်ထက်ဦးဇေကို ဇူလိုလ ၁၀ ရက်နေ့၌ ထောင်အာဏာပိုင်များက ပြင်းထန်စွာရိုက်နှက်ခဲ့ကြောင်း ထောင်ဝင်စာ သွားတွေ့ခဲ့သူတစ်ဦးကပြောသည်။ (DVB/ RFA 240710)
- ရွေးကောက်ပွဲဝင်မည့် ပါတီပေါင်း ၄၅ ပါတီထဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ရေးပါတီ USDP က ငွေကြေးအင်အား အတောင့်အတင်းဆုံးဖြစ်ပြီး ပြည်သူများကို လက်သိပ်ထိုးစည်းရုံးမှုများပြုလုပ်နေသည်။ (DVB 240710)
- ဖာပွန်ခရိုင်၊ လှုသောမြို့နယ်ရှိ သဒါးဒဲကျေးရွာကို ဇူလိုင်လ ၂၃ ရက်နေ့က ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သည့် နအဖ စစ်ကွပ်ကဲရေးဌာနချုပ်-စကခ (၁၀) ဗျူဟာ (၂) သည် ဇူလိုင်လ ၂၄ ရက်နေ့မွန်းလွဲပိုင်းတွင် အဆိုပါကျေးရွာမှ မထွက် ခွာခင်ရွာထဲတွင် မိုင်းဗုံးများ ထောင်ထားခဲ့သောကြောင့် ရွာသူရွာသားများ အိမ်ပြန်ရန် ထိတ်လန့်နေကြသည်။ (KIC 240710)

## ဇူလိုင်လ (၂၅) ရက်

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေ ခံဥပဒေသည် တိုင်းပြည်၏အနာဂတ်တွင် အဆိပ်အတောက်ဘေးအန္တရာယ်များကို ကြုံရနိုင်သဖြင့် ကြိုတင်ရှောင်ရှားနိုင်ရန် စစ် အစိုးရ ကျင်းပမည့်ရွေးကောက်ပွဲကို ပြည်သူများအနေဖြင့် ဆန့်ကျင်သပိတ်မှောက်ကြရန် ပြောကြားလိုက်သည်။ (RFA 250710)
- နအဖစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဇူလိုင်လ ၂၅ ရက်နေ့ မွန်းတည့်ချိန်ခန့်တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာကို ရောက်ရှိလာပြီး အိန္ဒိယရှိ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားသူများမှ လိုက်လံကပ်ထားသည့် ရှုတ်ချကန့်ကွက် စာများကို မြန်မာသံရုံးဝန်ထမ်းများက လိုက်လံခွာယူနေကြောင်း မျက်မြင်တွေ့ခဲ့သည့် ရဟန်းတပါးက မိန့်ကြားသည်။ (RFA/ DVB 250710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- နအဖစစ်အစိုးရ၏ နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းရေးကို လုံးဝငြင်းဆန်သည့် ဗိုလ်မှူးကြီးစောလားပွယ် (ဗိုလ်နှုတ်ခမ်းမွေး) ဦးဆောင်သော တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တပ်မဟာ (၅) တပ်ဖွဲ့သည် နအဖတပ်များအား ပြန်လည်တိုက်ခိုက်ရန်အတွက် ယခုရက်ပိုင်းအတွင်း စစ်ရေးပြင်ဆင်ထားမှုများ အဆင်သင့်ရှိပြီဖြစ်ကြောင်း DKBA တပ်မဟာ(၅)မှ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးကပြောသည်။ (KIC 250710)
- ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ကျေးရွာလေးရွာမှ ဒေသခံလူထု ၅၀၀ ကျော်သည် မိမိတို့ဒေသတွင် နယ်ခြားစောင့်တပ်ဖွဲ့စည်းရန် ငြင်းဆန်နေသည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တပ်မဟာ ၅ တပ်မဟာမှူး ဗိုလ်မှူးနှုတ်ခမ်းမွေးတပ်ဖွဲ့နှင့် နအဖတပ်များအကြား တိုက်ပွဲများဖြစ်လာနိုင်သဖြင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင်၊ ဖုတ်ဖရမြို့နယ် မောကဲထာ့နှင့် မော်လီချိုင်းကျေးရွာသို့ ဇူလိုင်လ ၂၅ ရက်နေ့နံနက်တွင် ထွက်ပြေးရောက်ရှိလာကြသည်။ (KIC 250710)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD လူငယ်စာဖတ်ပိုင်းကို (၄) လကြာရပ်နားထားရာမှ ဇူလိုင်လ ၂၅ ရက်နေ့၌ အဖွဲ့ချုပ် မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနင်းကြည်၏နေအိမ်တွင် ပြန်လည်စတင်ခဲ့ကြောင်း ရန်ကုန်တိုင်း လူငယ်ပြောခွင့်ရသူ ကိုအေးဗိုလ်ကပြောသည်။ (DVB 250710)
- မကွေးတိုင်း ရေနံချောင်းမြို့က အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းသား (၆) ဦးသည် "အစိုးရစက်မှုလက်မှုသိပ္ပံ" ဆိုသည့်ဆိုင်းဘုတ်ကို "အစိရစက်မှုလက်မှုသိပ္ပံ" ဖြင့် အဓိပ္ပာယ်ပြောင်းလိုက်သဖြင့် ယခုရက်ပိုင်းက ကျောင်းထုတ်ခံလိုက်ရကြောင်း အမည်မဖော်လိုသူ ကျောင်းသားတစ်ဦးကပြောသည်။ (DVB 250710)
- ဘင်္ဂလာဒေ့ရှ် နိုင်ငံပိုင်နက်ထဲ ကျူးကျော်ဝင်ရောက်လာသူ မြန်မာနိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့ နစကမှ အကြပ်အဆင့်အရာရှိ ၂ ဦးကို ဘင်္ဂလာဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့ BDR မှ ဇူလိုင်လ ၂၄ရက်နေ့က ဖမ်းဆီးလိုက်သည်။ (Narinjara 250710)
- ပြည်ထဲရေး ဒုဝန်ကြီး ဦးဖုန်းဆွေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP ကို ကိုယ်စားပြုပြီး မောင်တောမြို့နယ်မှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အမတ်လောင်းအဖြစ် အရွေးခံမည်ဟု အမည်မဖော်လိုသူ အရာရှိတစ်ဦးကပြောသည်။ (Narinjara 250710)

ဇူလိုင်လ (၂၆)ရက်

- ယနေ့ကျရောက်သည့် ဝါဆိုလပြည့် (ဓမ္မစကြာ) နေ့တွင် မြဝတီမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝါဆိုသင်္ကန်းသွားရောက်ဆက်ကပ်ကြမည့် ထိုင်းဘက်ခြမ်းမှ မြန်မာအလုပ်သမား (၂,၅၀၀) ခန့်ကို ကာဖျူးထုတ်ထားသည်ဟု ဆိုကာ မြန်မာအာဏာပိုင်များက ကမ်းတက်ခွင့်ပိတ်ပင်ခဲ့သည်။ (NEJ 260710)
- မြန်မာနိုင်ငံဘက်ခြမ်းမှ ပိတ်ထားသည့်နှစ်နိုင်ငံချစ်ကြည်ရေးတံတားကို ဇူလိုင်လကုန်ခန့်တွင် ပြန်ဖွင့်နိုင်မည်ဟု မျှော်လင့်ကြောင်း ထိုင်း-မြန်မာ နှစ်နိုင်ငံဝန်ကြီးအဆင့် ဆွေးနွေးပွဲအပြီးတွင် ထိုင်းဘက်မှ ပြောကြားလိုက်သည်။ (NEJ 260710)
- လွန်ခဲ့သည့် မေ (၂၄) ရက်နေ့တွင် မီးလောင်ခဲ့သော ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးဆိုင်ခန်းပိုင်ရှင်များက ဈေးငွေရလိုပါက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ပါတီဝင်အဖြစ် ဝင်ရကြောင်း မင်္ဂလာဈေးမှဈေးသူ ဈေးသားများက ပြောသည်။ (NEJ 260710)
- လိုင်စင်မဲ့ကားများကို ရန်ကုန်မြို့တွင် လွန်ခဲ့သည့် ဇူလိုင် (၂၃) ရက်မှ စတင်ကာ လိုင်စင်များ လုပ်ပေးနေသည်။ (NEJ 260710)
- ဘန်ကောက်မြို့ ဖုနမွန်ထူ၊ ဆိုင်နိမ်ရှိ ဝပ်သလောင် (ဝပ်တလုံး) ဘုန်းကြီးကျောင်းတွင် ဇူလိုင်လ (၂၅) ရက်နေ့က မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပကာ ဒယ်အိုးဆရာတော် ဦးသုမင်္ဂလကကြွရောက်၍ တရားဟောကြားသည်။ (NEJ 260710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဇူလိုင်လ ၂၅ ရက်နေ့ညနေ (၅း၄၅) မိနစ်အချိန်တွင် ဘန်ကောက်မြို့တော်၏ လူစည်ကားရာ နေရာတစ်ခုဖြစ်သော ပသူနန်းရှိ Big C ကုန်တိုက်ရှေ့ ကားမှတ်တိုင်တွင် ဗုံးတလုံးပေါက်ကွဲမှု ဖြစ်ပွားရာဒဏ်ရာရသူများတွင် မြန်မာအမျိုးသမီးတစ်ဦးပါဝင်ကြောင်း ထိုင်းတီဗွီနှင့် ထိုင်းသတင်းစာများတွင် ဖော်ပြသည်။ (NEJ/ Irrawaddy 260710 260710)
- အိန္ဒိယရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အိန္ဒိယနိုင်ငံ ဒုတိယခရီးစဉ်တစ်လျှောက်လုံးတွင် ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်မည်ဖြစ်ပြီး ၎င်းတို့ သွားရောက်မည့် နေရာများ၊ လမ်းများတလျှောက်တွင်လည်း ကန့်ကွက်စာများ လိုက်လံကပ်သွားမည်ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အလုပ် အမှုဆောင်အဖွဲ့ဝင် မသင်းသင်းအောင်က ပြောသည်။ (Irrawaddy 260710)
- လိုင်စင်မဲ့ကားများကို အခွန်ဆောင်စေကာ တရားဝင်ပြုလုပ်ရာတွင် သာမာန်ပြည်သူများက ကားတန်ဖိုး၏ ၈၅ ရာခိုင်နှုန်းကို ပေးဆောင်ရမည်ဖြစ်သော်လည်း စစ်တပ်အရာရှိကြီးများကမူ ၅၀ ရာခိုင်နှုန်းသာ ပေးဆောင်ရမည်ဟု ရန်ကုန်တွင် ကားအရောင်းအဝယ်လုပ်နေသူတစ်ဦးက ပြောသည်။ (Irrawaddy 260710)
- ရန်ကုန်တိုင်း ဒေါပုံမြို့နယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP မှ လမ်းခင်းပေးမည်ဟုဆိုကာ ၎င်းပါတီဝင်အရေအတွက်တိုးပွားလာရေးနှင့် ကြိုတင်မဲရရှိရေးအတွက် ကြိုးပမ်းနေသည်ဟု ဒေသခံများကပြောသည်။ (Mizzima 260710)
- အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသည့် နအဖစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို နယူးဒေလီမြို့ရှိ မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူ ၃၀၀ ကျော်က "ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယမှ ထွက်သွားပါ၊ အလိုမရှိ"၊ "လူသားချင်းစာနာမှုကင်းမဲ့ကာ စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည့် ဗိုလ်ချုပ်မှူးကြီးကို အလိုမရှိ၊ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး ICC သို့ တင်နိုင်ရန်အတွက် ထောက်ခံကြပါ"၊ "ဗိုလ်ချုပ်မှူးကြီး ငရဲပြည်သွား" အစရှိသည့် လက်ကိုင်ပိုစတာများ ကိုင်မြှောက်အော်ဟစ်ကြွေးကြော် ဆန္ဒပြမှုများ ဇူလိုင်လ ၂၆ ရက်နေ့တွင် ဆက်လက်ပြုလုပ်ခဲ့ကြသည်။ (Mizzima/ RFA 260710)
- အိန္ဒိယနိုင်ငံသို့အလည်အပတ်ရောက်ရှိနေသော ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သော အဖွဲ့သည် ဗုဒ္ဓဂါယာတွင် ဇူလိုင်လ ၂၅ ရက်နေ့က ငါးနာရီကြာ ဘုရားဖူးပြီး မဟာဗောဓိ စေတီတော်အတွက် မေရိကန်ဒေါ်လာ တစ်သောင်းတစ်ထောင်ကျော် လှူတန်းခဲ့သည်။ (Mizzima 260710)
- တနင်္သာရီတိုင်း ထားဝယ်ခရိုင်နှင့်ကော့သောင်းဘက်ရှိ မြန်မာအာဏာပိုင်များက ထိုင်းပစ္စည်းများ ဖမ်းဆီးနေသကဲ့သို့ တရုတ်-မြန်မာနယ်စပ်၌လည်း ကုန်ပစ္စည်းများကို ဖမ်းဆီးမှုများပြုလုပ်နေသည်။ (DVB 260710)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP မှ မဲပေးနိုင်သူဦးရေထက်ဝက်ကို ပါတီဝင်အဖြစ်ရရှိရန် လာမည့် ဩဂုတ်လတွင် အပြီးသတ်စည်းရုံးသိမ်းသွင်းသွားနိုင်ရန်အတွက် အောက်ခြေကို ညွှန်ကြားထားပြီးဖြစ်ကြောင်းနှင့် ရပ်ကွက် အလိုက်တာဝန်ရှိသူများကို သီတင်းတပတ်ကို အနိမ့်ဆုံးပါတီဝင်သစ် ၁၀၀ ရာခိုင်နှုန်း စည်းရုံးသိမ်းသွင်းစေဆောင်းခိုင်းနေသည်ဟု ရန်ကုန်တိုင်းရှိ USDP ရုံးနှင့်နီးစပ်သူတစ်ဦးကပြောသည်။ (DVB 260710)
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ILO ဆက်ဆံရေးကွန်ယက်မှ ဇူလိုင်လ ၂၃ ရက်နေ့က ILO ရန်ကုန်ရုံးခွဲ၏ လုပ်ငန်းရုံဆွေးနွေးပွဲ တက်ရောက်ခဲ့သူများသည် ၎င်းတို့နေရပ်ဒေသများတွင် လက်ကမ်းစာစောင်ဖြန့်ဝေမှုများပြုလုပ်နေပြီဖြစ်ကြောင်း အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခဲ့သူ ရေပတီတိုင်း ဘိုကလေးမြို့နယ်မှ ကိုအောင်ခင်ဘိုက ပြောသည်။ (DVB 260710)
- ကရင်ပြည်နယ် ဘီးလင်းမြို့နယ်တွင် နယ်မြေခံ စက်လှေဂိတ်တာဝန်ကျ စစ်သားတစ်ဦးက စက်လှေသမားတစ်ဦးထံမှ ဂိတ်ကြေးတိုးကောက်၍မရသောကြောင့် သေနပ်ဖြင့်ပစ်ခဲ့ရာ စက်လှေမောင်းသမားက ခြေထောက်ဒဏ်ရာရရှိခဲ့သည်။ (DVB 260710)
- ရန်ကုန်မြို့မှ ပင်စင်စားနှင့်အစိုးရဝန်ထမ်းအချို့က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်ရေးအတွက်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်အတွက် အဓိဌာန်ပြုသည့်အစီအစဉ်တစ်ရပ်ကို ဇူလိုင်လ ၂၆ ရက်နေ့က စတင်လိုက်သည်။ (DVB 260710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- သျှမ်းပြည်နယ် တောင်ကြီးမြို့တွင် ဇူလိုင်လ ၁၂ မှ ၁၄ ရက်နေ့အထိ ပြုလုပ်ခဲ့သည့် အင်းလေးကန်ရေရှည်တည်တံ့နိုင်ရေးအတွက် ကန်အတွင်းရှိ ကျေးရွာများ၊ အိမ်များ၊ ကျွန်းမျှောများအပြင် ဟိုတယ်နှင့်စားသောက်ဆိုင်များ ထပ်မံတိုးချဲ့ဆောင်လုပ်မှုများကို တားမြစ်ခြင်းအပါအဝင် အချက် ၃၀ ချက် ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့ကြောင်း သစ်တောရင်းမြစ်သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ FREDA ဒု-ဥက္ကဌ ဦးအုန်းက ပြောသည်။ (DVB 260710)
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ AMRDP က နအဖပြုလုပ်မည့်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ဆုံးဖြတ်လိုက်ခြင်းအပေါ် မွန်အမျိုးသားကောင်စီက ကန့်ကွက်ကြောင်း ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်သည်။ (RFA 260710)
- အိန္ဒိယနိုင်ငံကို ရောက်ရှိနေသည့် နအဖစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို လူ့အခွင့်အရေး လေးစားလိုက်နာလာရန်အတွက် အိန္ဒိယအစိုးရအနေဖြင့် ဖိအားပေးပြောဆိုပေးရန် နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ HRW က ဇူလိုင်လ ၂၆ ရက်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်တိုက်တွန်းတောင်းဆိုလိုက်သည်။ (RFA/ VOA 260710)
- ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ပြန်ကြားရေးဝန်ကြီး ဒေါက်တာတင့်ဆွေက "နအဖပြုလုပ်ကျင်းပမည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ အာဆီယံက ထင်ထင်ရှားရှား ပြောဆိုလာနေပြီဖြစ်သောကြောင့် ကမ္ဘာ့အင်အားကြီးဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအနေဖြင့် အိန္ဒိယက မြန်မာ့ဒီမိုကရေစီအရေးနှင့်ပတ်သက်၍ နအဖစစ်အစိုးရကို ပိုမိုဖိအားပေးပြောဆိုသင့်ကြောင်း" ဇူလိုင်လ ၂၆ ရက်နေ့က ပြောကြားလိုက်သည်။ (VOA 270710)
- နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကို လက်မခံသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA တပ်မဟာ (၅) နှင့် စစ်အစိုးရတပ်များအကြား တိုက်ပွဲဖြစ်လာပါက ကရင်အမျိုးသားအစည်းအရုံး KNU နယ်မြေတွင် လာရောက်ခိုလှုံကြရန်နှင့် ကူညီတိုက်ပေးရန် အဆင်သင့်ရှိသည်ဟု KNU ဒု-ဥက္ကဌ ဒေးဗစ်သာကပေါက ပြောကြားလိုက်။ (VOA 260710)
- ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်း ဖြစ်ပေါ်လာမည့် မြန်မာ့နိုင်ငံရေးအနေအထားကို စောင့်ကြည့်နေသောကြောင့် လက်ရှိကာလတွင် စီးပွားရေးလုပ်ငန်းများ ထပ်မံတိုးချဲ့ခြင်း မရှိကြောင်းနှင့် ရွေးကောက်ပွဲအပြီး နောင်တက်လာမည့် အစိုးရလက်ထက်တွင် လက်ရှိတင်းကြပ်နေသည့် အခြေအနေထက် အခွင့်အလမ်းများပိုမိုလမ်းပွင့်လာရန် မျှော်လင့်ကြောင်း တရုတ် - မြန်မာ နယ်စပ်ကုန်သည်များကပြောသည်။ (S.H.A.N 260710)

## ဇူလိုင်လ (၂၇) ရက်

- ဇူလိုင်လ (၂၅) ရက်၌ ကချင်ပြည်နယ်၊ ဖားကန့်ကျောက်စိမ်းတွင်းဒေသ ဖားကန့်-ဆိပ်မူ ကားလမ်းပေါ်ရှိ ဥရုချောင်းဖြတ်ကျော်သည့် သံဘောင်ဘီလီတံတားပေါ်၌ မြေစာများတင်လာသည့်ကား (၂) စီး ဖြတ်သန်းနေစဉ် တံတားကျိုးကျသဖြင့် လူ (၁) ဦး သေဆုံးခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ (NEJ 270710)
- ချစ်ကြည်ရေးတံတားနှင့် ဘေးဂိတ်များ ပိတ်ထားသဖြင့် မြန်မာကုန်သည်များနှင့် ဈေးသည်ဈေးဝယ်များ မလာနိုင်ဘဲ မဲဆောက်ဈေးကြီး အရောင်းအဝယ် ခြောက်ကပ်နေသည်ဟု နယ်စပ်ကုန်သွယ်ရေး လုံးဝပြတ်တောက်သွားကြောင်း ကုန်သည်များက ပြောကြားသည်။ (NEJ 270710)
- နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းခြင်းကို လက်ခံလိုက်သည့် NDA-K နယ်မြေအတွင်းတွင် တပ်မှူး ဟောင်းများသည် လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်လုံးဝမရှိတော့သဖြင့် စိတ်ဓာတ်ကျဆင်းနေကြကြောင်း ကမ်ပိုင်တီနယ်မြေမှ တပ်မှူးဟောင်းတစ်ဦးက ပြောသည်။ (NEJ 270710)
- အာဏာပိုင်များမှ ရွှေတိဂုံစေတီ အရှေ့ဘက်စောင်းတန်းအနီး ပိဋကတ်တိုက်များတွင် သီတင်းသုံးနေထိုင်ကြသော ရဟန်းရှင်လူများအား ဇူလိုင် (၂၅) ရက်နေ့ နောက်ဆုံးထား ပြောင်းရွှေ့ပေးရန် ညွှန်ကြားထားသော်လည်း ရွှေပိဋ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ကတ်တိုက် အမှတ် (၆) ရှိ စာသင်သံဃာတို့က ပိဋကတ်တိုက်အတွင်းမှ ဖယ်ရှားပေးခြင်း မရှိသေးကြောင်း ရွှေတိဂုံစေတီ ဂေါပကအဖွဲ့ဝင်တစ်ဦးကပြောသည်။ (NEJ 270710)

- ထိုင်းနိုင်ငံတောင်ပိုင်း၊ ဖန်ငခရိုင်၊ တကွာပမြို့နယ်အတွင်းရှိ ဘန်နမ်းခမ်ကျေးရွာမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများက စုပေါင်းဆောက်လုပ်ခဲ့သည့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတကျောင်းကို ဇူလိုင်လ ၂၇ ရက်နေ့နံနက်၌ ရေစက်ချတရားနာ၍ လှူဒါန်းခဲ့ကြသည်။ (NEJ 270710)
- မြန်မာနိုင်ငံတွင်း ထုတ်ဝေလျက်ရှိသောသတင်း ဦးစားပေး ဂျာနယ်၂၀ ကျော်ရှိရာ ၁၅ စောင်ခန့်မှာ စစ်ဗိုလ်ချုပ်များ၏ မိသားစုဝင်များ၊ သားသမီးများ အပါအဝင်နီးစပ်သူများက ထုတ်ဝေခွင့်ရရှိထားကြောင်း ပြည်တွင်းဂျာနယ်အသိုင်းအဝိုင်းက ပြောသည်။ (Irrawaddy 270710)
- ရန်ကုန်တိုင်း မြောက်ဥက္ကလာ ရတနာသီဂီဈေးအတွင်း ယခုလ ၁ ရက်နေ့တွင် ပါတီရန်ပုံငွေ ကောက်ခံခဲ့သဖြင့် ၈၈ မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ) ဗဟိုဦးစီးအဖွဲ့ဝင် ဦးခင်မောင်ဝင်း အပါအဝင် ၃ ဦးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် UMFMP ဗဟိုဦးစီးအဖွဲ့ဝင် ဦးအောင်မင်းသူ အပါအဝင် ၃ ဦးကို စည်ပင်ဥပဒေ ပုဒ်မ ၂၈ အရ စည်ပင်သာယာရေးတရားရုံးက ဇူလိုင်လ (၂၇) နေ့တွင် တရားစွဲဆိုလိုက်သည်။ (Mizzima 270710)
- စာပေစိစစ်ရေးဌာန၏ ပြည်တွင်းဂျာနယ်များအပေါ် အခြေခံဥပဒေနှင့် ရွေးကောက်ပွဲ ဥပဒေများကို ကိုးကားမှုဆိုင်ရာ ညွှန်ကြားချက်က သတင်းစာဆရာများကို ရေးသားမဖော်ပြရဲအောင် အဟန့်အတား ဖြစ်နေသည်။ (Mizzima 270710)
- ဇူလိုင်လ ၂၅ ရက်နေ့က DKBA တပ်မဟာ (၅) နှင့် နအဖတပ်များအကြား တိုက်ပွဲဖြစ်ပွားမည်ကို သောင်ရင်းမြစ်တဖက်ကမ်းရှိ ထိုင်းနိုင်ငံထဲသို့ ထွက်ပြေးလာသော ကရင်ပြည်နယ် မြဝတီမြို့နယ် ဝါ့မီထာ့၊ လေးဝေါ်၊ ဆုံဆည်းမြိုင်နှင့်သေ့ဘောဘိုးရွာမှ ဒုက္ခသည် ၁၀၀၀ နီးပါးကို ဒေသခံထိုင်းစစ်တပ်က နေရပ်ရင်းသို့ ဇူလိုင်လ ၂၆ ရက်နေ့က ပြန်လွှတ်ခဲ့သည်။ (Mizzima 270710)
- မြန်မာနိုင်ငံဆိုင်ရာ မြောက်ကိုရီးယားသံရုံးတာဝန်ရှိသူများက မြန်မာစာရေးဆရာ ဟိန်းလတ်ပြုစုရေးသားထုတ်ဝေသည့် မြောက်ကိုရီးယားသမ္မတ မစ္စတာကင်ဂျုံအီ၏ အတ္ထုပ္ပတ္တိစာအုပ်များကို ဈေးကွက်မှပြန်လည်ရုပ်သိမ်းကာဖျက်ဆီးနေသည်။ (DVB 270710)
- အာဏာပိုင်များမှ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းဖောက်လုပ်ရေးကို စနစ်တကျမဖောက်လုပ်သောကြောင့် နတ်မောက်မြို့ရထားလမ်း ဘေးဝဲယာက လယ်ယာမြေအချို့ ရေလွှမ်းမိုးကာ စပါးခင်းများပျက်စီးနေသည်။ (DVB 270710)
- အိန္ဒိယနိုင်ငံကို ရောက်ရှိနေသည့် မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့သည် ဇူလိုင်လ ၂၇ ရက်နေ့က အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး S M Krishna နှင့် ဝန်ကြီးချုပ် Manmohan Singh တို့နှင့်တွေ့ဆုံကာ နှစ်နိုင်ငံလက်နက်ပစ္စည်းနှင့် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုတိုက်ဖျက်ရေးအပါအဝင် စွမ်းအင်ဆိုင်ရာ သဘောတူညီချက်များအား လက်မှတ်ရေးထိုးခဲ့ကြသည်။ (RFA/ VOA/ Mizzima 270710)
- မြန်မာနိုင်ငံ ရွေးကောက်ပွဲအပြီး နယ်မြေငြိမ်းချမ်းသွားပါက ထိုင်းနိုင်ငံတွင် ခိုလှုံနေသည့် မြန်မာဒုက္ခသည် ၁ သိန်း ၄ သောင်းကျော်ကို နေရပ်ပြန်ပို့ရေးအတွက် မြန်မာစစ်အစိုးရနှင့်ဆွေးနွေးထားကြောင်း ထိုင်းနိုင်ငံအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး Tawin Soom-plang က အတည်ပြုပြောကြားလိုက်ကြောင်း ထိုင်းဘာသာဖြင့် ထုတ်ဝေသည့် Daily News သတင်းစာတွင် ဖော်ပြထားသည်။ (RFA 270710)
- လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအကျပ်အတည်းများအတွက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် တွေ့ဆုံဆွေးနွေးရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် မြန်မာပြည်တွင်းရှိ အကြမ်းမဖက်အမျိုးသားရေးလှုပ်ရှားသူများက ဇူလိုင်လ ၂၇ ရက်နေ့က မေတ္တာရပ်ခံစာတစ်စောင် ပေးပို့လိုက်သည်။ (RFA 270710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြောက်ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံသို့ တင်ပို့နေသည့် နျူးကလီးယားဆက်စပ်ပစ္စည်းများနှင့် စစ်လက်နက်ပစ္စည်းများကို ယခင်ကဲ့သို့ မြောက်ကိုရီးယားသင်္ဘောများ အသုံးမပြုတော့ပဲ တရုတ်နိုင်ငံမှ သင်္ဘောများကို အသုံးပြုတင်ပို့နေသည်။ (RFA 270710)
- အိန္ဒိယနိုင်ငံအရှေ့မြောက်ရှိ မီဇိုရမ်ပြည်နယ်၊ ဒုတိယမြို့တော်လုံးလေခရိုင်တွင် ဇူလိုင် လ ၂၁ ရက်နေ့မှ၍ မြန်မာပြည်သားများ စာရင်းကိုမီဇိုရမ်ပြည်သူ့ရဲများက ကောက်ယူနေသည်ဟု လုံးလေတွင်နေထိုင်သူ ဦးကပ်သဲက ပြောသည်။ (Khonumthung 270710)
- စစ်ကိုင်းတိုင်း ကလေးမြို့နယ်အတွင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) နှင့်တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည) တို့က ဇူလိုင်လမှစပြီး ပါတီစည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပါတီနှစ်ခု အချင်းချင်းအပြင်းအထန်ပုတ်ခပ်ပြောဆိုမှုများရှိနေသည်ဟု ဒေသခံတစ်ဦးဖြစ်သူ ပူးဆွေလိန်းက ပြောသည်။ (Khonumthung 270710)
- နအဖစစ်အစိုးရ သစ်တောရေးရာဝန်ကြီး ဦးသိန်းအောင်က ကရင်နီပြည် ဒီမောဆိုကျေးရွာအုပ်စုရှိ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ရယက) ရုံးသို့ ရောက်ရှိလာပြီး ဒေသခံများကို ခေါ်ယူတွေ့ဆုံကာ လာမည့်ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အား မဲထည့်ပေးကြရန် ပြောကြားခဲ့သည်။ (KT 270710)
- ဒိန်းမတ်နိုင်ငံတွင် ရောက်ရှိနေကြသော ရခိုင်အမျိုးသားများက " ရခိုင်အမျိုးသားရိုင်းပင်းကူညီမှုအသင်း (ဒိန်းမတ်) "ဟူသည့် လူမှုရေး အသင်းတစ်ခုကို ဇူလိုင်လ ၂၄ ရက်နေ့က ဖွဲ့စည်းလိုက်ကြောင်း အဖွဲ့တာဝန်ခံ ကိုမောင်တင်ညွန့်က ပြောသည်။ (Narinjara 270710)
- လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် နယ်ခြားစောင့်တပ်လက်ခံလိုက်သည့် ကယားပြည်နယ်၊ မယ်စဲမြို့နယ် ဘီပီ (၁၄) အခြေစိုက် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) မှ အငြိမ်းစားယူသူ အသက် ၅၀နှင့်အထက်သက်ကြီးပိုင်းများ၏ မိသားစုများ စားဝတ်နေရေးပြဿနာများနှင့် ရင်ဆိုင်နေရသည်ဟု လွိုင်ကော်မြို့ခံတစ်ဦးကပြောသည်။ (KIC 270710)
- ကရင်ပြည်နယ် မြောက်ပိုင်း ထန်းတပင်မြို့နယ်ရှိ ပယ်တော်ဒေးနှင့် ဘုမ္မတီးရွာသား (၃) ဦးသည် ဇူလိုင်လ ၁၃ ရက်နေ့က ထိုဒေသ၌ လှုပ်ရှားနေသော နအဖစစ်တပ်၏ ဖမ်းဆီးခံခဲ့ရပြီးနောက် ယခုအသတ်ခံလိုက်ရပြီဟု မြန်မာပြည်လွတ်မြောက်ရေးအဖွဲ့ (FBR) ကပြောသည်။ (KIC 270710)
- ၂၀၀၅ ခုနှစ်က စစ်အစိုးရဖိအားပေးမှုကြောင့် လက်နက်ချ ပလောင်ပြည်လွတ်မြောက်ရေးတပ်မတော် ခေါင်း ဆောင်မိုင်အိုက်မုန့်ဦးဆောင်သည့် တအာင်း (ပလောင်) အမျိုးသားပါတီက တပြည်လုံးအတိုင်းအတာဖြင့် ၂၀၁၀ရွေးကောက် ပွဲဝင်ရောက်ယှဉ် ပြိုင်မည်ဟု တအာင်းပလောင်အမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး မိုင်အုန်းခိုင်က ပြောသည်။ (S.H.A.N 280710)
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်နှင့် နမ့်ခမ်းမြို့နယ်များအတွင်း၌ ဝန်ကြီးချုပ် ဦးသိန်းစိန်ဦးဆောင်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ရုံးခန်းများကို ဩဂုတ်လဆန်းပိုင်း၌ စတင်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ပါတီဝင်များနှင့်နီးစပ်သူတစ်ဦးကပြောသည်။ (S.H.A.N 270710)
- ကျိုင်းတုံရှိ နအဖစစ်များအား လိုင်စင်မဲ့ယာဉ်များဖမ်းဆီးနေသည့်အတောအတွင်း လာဘ်ငွေယူ၍အခွန်မဲ့ကား လက်ခံသိမ်းဆည်းပေးခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက စစ်စည်းကမ်းအရအရေးယူခြင်းခံရမည်ဟု နေပြည်တော်မှ မိန့်ကြားလာကြောင်း စစ်တပ်အသိုင်းအဝိုင်းကဆိုသည်။ (S.H.A.N 270710)
- ကရင်အမျိုးသား အစည်းအရုံး (KNU)၊ European Karen Network ခေါ် ဥရောပတခွင်က ကရင်တိုင်းရင်းသားများကွန်ယက်အဖွဲ့နှင့်အတူ လန်ဒန်အခြေစိုက် ခရစ်ယာန်သွေးစည်းညီညွတ်ရေးအဖွဲ့ (CSW) တို့က ကရင်အပါအဝင်တခြားလူနည်းစု တိုင်းရင်းသားအရပ်သားများကို အင်အားသုံးတိုက်ခိုက်ခြင်းကို ရပ်တန်းကရပ်ရေးအတွက် နိုင်ငံတကာအနေဖြင့် နအဖစစ်အစိုးရကို ဖိအားပေးရန် ကြေညာချက်များ ထုတ်ပြန်လိုက်သည်။ (VOA 270710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ❑ မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီ ဥက္ကဌ ဦးကောင်းမြတ်ထွဋ်က ပါတီလုပ်ငန်းများ တက်တက်ကြွကြွလုပ်ဆောင်ရာတွင် အသက် ၂၀ မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ပစ်မှတ်ထားမဲဆွယ်စည်းရုံးနေသည်ဟု ပြောကြားလိုက်သည်။ (Myanmar Times 270710)

ဇူလိုင်လ (၂၈) ရက်

- ❑ ပြည်ထောင်စုဒီမိုကရေစီပါတီက ပြည်သူများနှင့်နီးစပ်ထိတွေ့မှုရှိလိုခြင်း၊ ပါတီ၏ဆောင်ရွက်မှုများကို ပြည်သူလူထု သိရှိနိုင်ရန်အတွက်နှင့် ပါတီရံပုံငွေအတွက် အထောက်အကူဖြစ်စေလိုသည့်ရည်ရွယ်ချက်ဖြင့် The Union စာစောင်ကို ဇူလိုင်လ ၂၇ ရက်နေ့က စတင်ထုတ်ဝေဖြန့်ချိလိုက်ကြောင်း ပါတီဥက္ကဌ ဦးဖြိုးမင်းသိန်း ကပြောသည်။ (NEJ 280710)
- ❑ ဩဂုတ်လဆန်းပိုင်းတွင် မြန်မာတနိုင်ငံလုံး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ရုံးခန်းများကို စတင်ဖွင့်လှစ်တော့မည် ဖြစ်ကြောင်း USDP တာဝန်ရှိသူတစ်ဦးကပြောသည်။ (NEJ 280710)
- ❑ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားရာတွင် ပြည်ထဲရေးဝန်ကြီးက မူလသတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်ကို ပြောင်းလဲခဲ့သဖြင့် ဝန်ထမ်းများ မကျေမနပ် ဖြစ်နေကြသည်။ (NEJ 280710)
- ❑ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများသည် စစ်အစိုးရပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဥပဒေများနှင့်အညီ ပါတီရန်ပုံငွေ ရှာဖွေသော်လည်း အဆင်မပြေသဖြင့် ပါတီရပ်တည်ရန် အခက်အခဲများ ပေါ်ပေါက်နေကြောင်း ခေတ်သစ်ပြည်သူ့ပါတီမှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။ (Irrawaddy 280710)
- ❑ မြန်မာ စစ်အစိုးရ ကမ်းလှမ်းထားသော နယ်ခြားစောင့်တပ် အသွင်ကူးပြောင်းရေးကို တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA) က မကြာသေးခင်ရက်ပိုင်းတွင် လက်ခံလိုက်ကြောင်း DKBA အရာရှိနှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (Irrawaddy 280710)
- ❑ အရှေ့အလယ်ပိုင်းဒေသရှိ ဒူဘိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားအလုပ်သမားများအတွက် နိုင်ငံကူးလက်မှတ် (Passport) သက်တမ်းတိုးရန် အခက်အခဲ တွေ့နေရသဖြင့် အရင်ရောက်ရှိပြီး သူများက အီးမေးလ်မှတဆင့် လမ်းညွှန်မှုများရှိလာကြောင်း ဒူဘိုင်းနိုင်ငံတွင် လက်ရှိအလုပ်လုပ်နေသော မြန်မာနိုင်ငံသားတစ်ဦးကပြောသည်။ (Irrawaddy 280710)
- ❑ စစ်အစိုးရအပေါ် စီးပွားရေးပိတ်ဆို့ အရေးယူမှု တနှစ်တိုးရန် အမေရိကန်လွှတ်တော်တွင် ဇူလိုင်လ ၂၂ ရက်နေ့က ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးနောက် ဇူလိုင်လ (၂၇) ရက်နေ့တွင် သမ္မတ Barack Obama အတည်ပြုလက်မှတ်ရေးထိုးလိုက်သည်။ (Irrawaddy/ VOA 280710)
- ❑ ကရင်ပြည်နယ်မြောက်ပိုင်း ဖာပွန်ခရိုင်ရှိ သဲဒါဒါးရွာကို စစ်အစိုးရတပ်များက မီးရှို့သဖြင့် နီးစပ်ရာ တောထဲသို့ထွက်ပြေးပုန်းအောင်းနေသော ကရင်စစ်ပြေးဒုက္ခသည် ၇၀၀ ကျော်သည် စားနပ်ရိက္ခာနှင့်ဆေးဝါးများအရေးပေါ် လိုအပ်နေသည်ဟု ကရင်အမျိုးသားအစည်းအရုံး KNU က ပြောသည်။ (Mizzima 280710)
- ❑ ရွှေတိဂုံဘုရား ဝတ္တကနယ်မြေအတွင်းရှိ ဘုန်းကြီးကျောင်း ၃ ကျောင်းမှ သံဃာတော်များကို အာဏာပိုင်များက ထိန်းချုပ်ထားသော ဘုရားဂေါပကအဖွဲ့က နှင်ထုတ်ချိတ်ပိတ်လိုက်ရာ ကျောင်းတိုက်များလူသူကင်းမဲ့ပြီး ခြောက်ကပ်လျက်ရှိသည်။ (Mizzima 280710)
- ❑ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် UWSA နှင့် ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP သည် မူလကတည်းကပင် အခိုင်အမာရှိနေပြီဖြစ်သောကြောင့် စစ်အစိုးရအနေဖြင့် အသိအမှတ်ပြုပြု၊ မပြုပြု အရေးစိုက်ခြင်းမရှိကြောင်းနှင့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများမှ ဝ နယ်မြေအတွင်းသို့ လာရောက်မဲဆွယ်စည်းရုံးမှုကို လက်မခံကြောင်း ဝ ထိပ်တန်းအရာရှိတစ်ဦးကပြောသည်။ (RFA 289710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ရန်ကုန်တိုင်း တွံတေးမြို့နယ်အတွင်းမှ လယ်သမား ၂၃ ဦးပိုင် လယ်မြေဧက ၄၀ ကျော်ကို စားကျက်မြေအဖြစ် တွံတေးမြို့နယ်တရားရုံးက အမိန့်ချထားခြင်းနှင့်ပတ်သက်၍ လယ်သမားများက တောင်ပိုင်းခရိုင်တရားရုံးသို့ အယူခံတင်သွင်းလိုက်ကြောင်း ဥပဒေအကြံပေးပုဂ္ဂိုလ် ကိုဖိုးဖြူကပြောသည်။ (DVB 280710)
- စစ်အစိုးရတောင်းခံနေသည့် ကားလိုင်စင်ကြေးသည် ကားဈေးနှုန်းများထက် များပြားနေသောကြောင့် သာမန်ကားပိုင်ရှင်များ အခက်အခဲကြုံနေရသည်။ (DVB 280710)
- ဒေသခံအာဏာပိုင်များမှ ပဲခူးတိုင်း မင်းလှမြို့နယ်အတွင်းက ပိတ်ထားသည့် ပန်းဇံမြောင်းကို ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် ပျက်စီးခဲ့သည့်လယ်မြေများကို ပြန်လည်ပြုပြင်ပေးရန် ဒေသခံလယ်သမားများက တောင်းဆိုလိုက်သည်။ (DVB 280710)
- မြန်မာနိုင်ငံတွင် ထုတ်လွှင့်နေကြသည့် ပုဂ္ဂလိက FM ရေဒီယိုသံလိုင်းအားလုံးက ၎င်းတို့ထုတ်လွှင့်သည့် သီချင်းများအတွက် အနုပညာမူပိုင်ခွင့်ကြေးပေးသည့် အစီအစဉ်ကို စတင်ပြီးသမိုင်းသစ်ရေးနေပြီဖြစ်သော်လည်း အစိုးရ FM လိုင်းကတော့ အနုပညာကြေးမပေးပဲ ထုတ်လွှင့်နေဆဲဖြစ်သည်။ (DVB 280710)
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က "နအဖစစ်ခေါင်းဆောင်များအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ယခုအချိန်ထိ မကြေညာသေးခြင်းသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအပေါ် တရားမျှတမှုမရှိရာရောက်သည်" ဟု ပြောကြောင်း ဇူလိုင်လ ၂၈ ရက်နေ့တွင် အမှုကိစ္စတိုင်ပင်ရန်အတွက် သွားရောက်တွေ့ဆုံခဲ့သည့် ရှေ့နေဦး ဉာဏ်ဝင်းကပြောသည်။ (VOA 280710)
- နိုင်ငံကျော်တေးရေးဆရာ ဒေါက်တာစိုင်းခမ်းလိတ်အား ၂၀၁၀ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း (သို့) ရွေးကောက်ပွဲကော်မရှင်၌ပါဝင်ပြီး နိုင်ငံရေးလှုပ်ရှားရန် မန္တလေးကြံ့ခိုင်ဖွံ့အကြီးအကဲများနှင့် နအဖအာဏာပိုင်များ အကြိမ်ကြိမ်ကမ်းလှမ်းသော်လည်း လက်မခံကြောင်း သျှမ်းပြည်မြောက်ပိုင်းရှိ ဒေါက်တာစိုင်းခမ်းလိတ်၏ တပည့်ဖြစ်သူတစ်ဦးက ပြောပြပါသည်။ (S.H.A.N 280710)
- တရုတ် - မြန်မာနယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းများဖြစ်သော နမ့်ခမ်း - နောင်တောင်းနှင့် ကချင်ပြည် လိုင်ဇာလမ်းကြောင်းများမှတဆင့် မှောင်ခိုဆန်တင်ပို့မှုသည် ယခင်လများထက် ကျဆင်းလာသည်ဟု ဒေသခံများကပြောသည်။ (S.H.A.N 280710)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP သည် ဒေသခံပြည်သူတွေကို အခွင့်အရေးအမျိုးမျိုးပေးကာ မဲဆွယ်စည်းရုံးနေသောကြောင့် ပြည်သူအများကလည်း USDP ပါတီအပေါ် စိတ်ဝင်စားမှုရှိလာကြောင်း မွန်ပြည်နယ်လမိုင်းမြို့နယ်ခွဲမှ စာပေအနုပညာရှင်တစ်ဦးကပြောသည်။ (IMNA 280710)
- ပါတီတည်ထောင်ခွင့် မရသေးသော်လည်း ကချင်ပြည်နယ်တိုးတက်ရေးပါတီ (KSPP) သည် မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော် စသည့် မြို့နယ်များတွင် ဇူလိုင် (၂၇) ရက်နေ့မှစ၍ စည်းရုံးရေးများ ပြန်လည်စတင်နေပြီဖြစ်ကြောင်း ပါတီအလုပ်အမှုဆောင်တစ်ဦးပြောသည်။ (KNG 280710)
- ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်အတွင်း နမ္မတီးဒေသ အခြေစိုက် ခမရ ၃၈၁ နှင့် ၃၈၂ တပ်ရင်း နှစ်ရင်းမှ တာဝန်ရှိသူများက ရှမ်းတိုင်းရင်းသားဒီမိုကရေစီပါတီ (SNDP)ပါတီဝင်များ၏ နောက်ကြောင်းရာဇဝင်များအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည်။ (NMG 280710)
- နအဖ စစ်အစိုးရကျင်းပပေးမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ချင်းတမျိုးသားလုံး ကိုယ်စားပြုပါတီတခုအဖြစ် ပါဝင်ယှဉ်ပြိုင်မည့်ချင်းအမျိုးသားပါတီ(CNP) ဥက္ကဋ္ဌ ပူးဇိုးဇမ် နှင့် အထွေထွေအတွင်းရေးမှူး ကျဲအိုဘိခ်ထောင်း တို့ကိုယ်တိုင်ဦး ဆောင်ပြီးချင်းပြည်နယ်တောင်ပိုင်း မင်းတပ်၊ ကန်ပက်လက်၊ မတူပီတို့တွင် စည်းရုံးရေးဆင်းနေကြသည်။ (Khonumthung 280710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ဇူလိုင်လ (၂၉) ရက်

- ဇူလိုင်လဆန်းပိုင်းက ထိုင်း-မြန်မာနယ်စပ် လွတ်မြောက်နယ်မြေသို့ ရောက်ရှိလာသည့် ဆရာသန်းဝင်းလှိုင်က "မြန်မာနိုင်ငံတွင် ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲသည် ဆိတ်ခေါင်းကိုချိတ်၍ ခွေးသားရောင်းမည့် အစီအစဉ်ဖြစ်သောကြောင့် အထူးသတိပြုသင့်သည်" ဟု ပြောကြားလိုက်သည်။ (NEJ 290710)
- မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး Pak Ui Chun သည် နအဖစစ်အစိုးရနှင့် ဆွေးနွေးရန်အတွက် ဇူလိုင်လ ၂၉ ရက်နေ့ကမြန်မာနိုင်ငံသို့ ရောက်ရှိကြောင်း အစိုးရအရာရှိတဦးအားကိုးကား၍ ဘန်ကောက်ပို့စ်သတင်းက ဖော်ပြထားသည်။ (NEJ/ Irrawaddy/ VOA 290710)
- ထိုင်းနိုင်ငံ တောင်ပိုင်း ချုံဖော်မြို့ ပါနန်အရပ်ရှိ မြန်မာရေလုပ်သားများကို တရားဝင်အလုပ်သမားလက်မှတ် (ဘတ်) ရှိသည့်တိုင် ထိုင်းရဲများက စစ်ဆေး မေးမြန်းကာ ငွေကြေး တောင်းခံခြင်း၊ ပစ္စည်း သိမ်းယူခြင်းများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံ ပင်လယ်ပျော်များ သမဂ္ဂမှအတွင်းရေးမှူးကိုတင်ကိုက ပြောသည်။ (NEJ 290710)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ၏ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် "ရွေးကောက်ပွဲ အောင်နိုင်ရေးသည် ပထမ၊ ရွေးကောက်ပွဲ အောင်နိုင်ရေးသည် ဒုတိယ၊ ရွေးကောက်ပွဲ အောင်နိုင်ရေးသည် တတိယ" စသည်တို့ကို သန္နိဌာန်ချမှတ်ထားသည်။ (Irrawaddy 290710)
- ဝန်ကြီးချုပ် ဦးသိန်းစိန်အပါအဝင် လက်ရှိတာဝန်ထမ်းဆောင်ဆဲဝန်ကြီးအဖွဲ့ဝင်များ ရာထူးမှနုတ်ထွက်ကာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေဦးဆောင်သည့် ကြားဖြတ်အစိုးရ တစ်ရပ်ဖွဲ့စည်းမည်ဆိုသည့် ကောလာဟလသတင်းများ စစ်တပ်အသိုင်းအဝန်းကြားတွင် ထွက်ပေါ်နေသည်။ (Irrawaddy 290710)
- မွန်ပြည်နယ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP အနေဖြင့် ကျေးလက်များတွင် ပထမအဆင့်အနေဖြင့် စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်အပြီးတွင် ဒုတိယအဆင့်အနေဖြင့် မြို့ပေါ်သို့ကူးပြောင်းမည်ဖြစ်ကြောင်း ပြည်နယ်အဆင့် USDP တာဝန်ရှိသူတစ်ဦးက ပြောသည်။ (Mizzima 290710)
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က သူမအပေါ်ချမှတ်ထားသည့် ပြစ်ဒဏ်ကာလကုန်ဆုံးသည့် နိုဝင်ဘာလတွင်း လွတ်မြောက်မည်ဟု မျှော်လင့်နေသကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင်များကလည်းမျှော်လင့်နေကြသည်။ (Mizzima 290710)
- ဝန်ကြီးချုပ် ဦးသိန်းစိန်ဦးဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP အနေဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရလိမ့်မည်ဟု ယုံကြည်နေကြောင်းနှင့် ၁၉၉၀ ရွေးကောက်ပွဲတွင် မဲရုံမှူးများ၏လိမ်လည်မှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟု USDP ပါတီ၏စွပ်စွဲထားသော ပါတီမူဝါဒလမ်းညွှန်ချက်များအရ သိရသည်။ (Mizzima 290710)
- အမျိုးသားနိုင်ငံရေးသမားကြီး ဦးဝင်းနိုင်က လွတ်လပ်၍ တရားမျှတမှုရှိသည့် ရွေးကောက်ပွဲ ဖြစ်မြောက်ရေးအတွက် လေ့လာစောင့်ကြည့် ပညာပေးရေးအဖွဲ့ ဖွဲ့စည်းခွင့်ပေးရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တစ်လကျော်စာရေးသားဆောင်းဆိုခဲ့ပြီဖြစ်သော်လည်း ယခုအချိန်ထိ ခွင့်ပြုချက်မရသေးကြောင်း ပြောကြားလိုက်သည်။ (DVB 290710)
- တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်၏ နယက ဆရာတော် ဘဒ္ဒန္တသုဇန၏ သက်တော် ၆၂ ပြည့် မွေးနေ့ပွဲကို ၎င်းသီတင်းသုံးရာ မြိုင်ကြီးငူတွင် ကျင်းပခဲ့သည်ဟု ဒေသခံများကပြောသည်။ (DVB 290710)
- အိန္ဒိယအစိုးရအနေဖြင့် မြန်မာစစ်အစိုးရ အကြီးအကဲ၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံက လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို သတိပေးပြောကြားလိမ့်မည်ဟု မျှော်လင့်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် Mr. Crowley Phillip က ပြောဆိုလိုက်သည်။ (RFA 290710)
- မြန်မာနိုင်ငံအရပ်ရပ်က ပြည်သူများကြုံတွေ့နေရသည့် မိမိဆန္ဒမပါပဲ အဓမ္မခိုင်စေမှု အပါအဝင်၊ ကလေးစစ်သားစုဆောင်းမှုများ၊ လူကုန်ကူးခံရမှုနှင့် အဓမ္မမြေယာ သိမ်းဆည်းမှုများကို တစစလျှော့နည်းပပျောက်သွားရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမား

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



သမဂ္ဂအဖွဲ့ချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အရာရှိ မစ္စတာ စတီဖေလ်မာရှယ်က ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 290710)

- ထိုင်း-မြန်မာနယ်စပ်တွင် နေထိုင်ကြသည့် မြေမြှုပ်မိုင်းဒဏ်သင့် ဒုက္ခသည်များကိုကူညီရန် အမေရိကန်အစိုးရက Clear Path International (CPI) အဖွဲ့ကို ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁ သိန်း ၃ သောင်းကျော် ပေးအပ်လိုက်သည်။ (RFA 290710)
- မြန်မာစစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အိန္ဒိယနိုင်ငံခရီးနောက်ဆုံးနေ့ဖြစ်သည့် ဇူလိုင်လ ၂၉ ရက်နေ့တွင် တာတာကားကုမ္ပဏီကို သွားရောက်လည်ပတ်ကြည့်ရှုခဲ့သည်။ (VOA 290710)
- သျှမ်းပြည်တောင်ပိုင်း မြို့နယ်အချို့၌ ဒေသခံလူထုက သက်ဆိုင်ရာအာဏာပိုင်များကို ကြောက်ရွံ့နေကြသဖြင့် သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ SNDP ခေါ် ကျားဖြူပါတီတွင် မဝင်ရဲကြကြောင်းနှင့် မြို့နယ်ကော်မတီဖွဲ့ပြီး ရုံးခွဲဖွင့်လှစ်ရန်ခက်ခဲကြောင်း စည်းရုံးရေးဆင်းနေသည့် SNDP အဖွဲ့ဝင်တစ်ဦးကပြောသည်။ (S.H.A.N/ DVB 290710)
- စစ်အစိုးရမှ တရားဝင်ပါတီတည်ထောင်ခွင့်ပြုလိုက်သည့် တစ်ခုတည်းသော ကချင်ပါတီ "စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (UDPKS)" သည် ပါတီအမှတ်တံဆိပ်ကို ကချင်မနောတိုင်ပုံအဖြစ် အသုံးပြုရန်အစိုးရသို့လျှောက်ထားရာ ကချင်ယဉ်ကျေးမှု ဗဟိုကော်မတီမှ ကန့်ကွက်လိုက်သည်။ (KNG 290710)
- ၂၀၁၀ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ နအဖ စစ်အစိုးရတပ်များသည် ကရင်ပြည်နယ်၊ KNU နယ်မြေအတွင်းရှိ အပြစ်မဲ့ပြည်သူများကို ဦးတည်စစ်ဆင်မှုများ စတင်လုပ်ဆောင်လာနေသည်ဟု ကရင်အမျိုးသားအစည်းအရုံး(KNU) ဒု-ဥက္ကဋ္ဌ ပဒိုစောဒေးဗစ်သကဘောက ပြောသည်။ (KIC 290710)
- စာသင်ကျောင်း မီးရှို့ဖျက်ဆီးခံရသောကြောင့် တောထဲတောင်ထဲ ထွက်ပြေးပုန်းအောင်းနေရသည့် ဖာပွန်ခရိုင်၊ လူသော မြို့နယ်မှ ကျောင်းသူကျောင်းသား ၂၀၀ကျော်သည် ရက်သတ္တပတ်ကြာမြင့်ပြီဖြစ်သော်လည်း ယနေ့အချိန်ထိ ကျောင်းမတက် နိုင်သေးကြောင်း ကရင် ကျောင်းဆရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Karen Teacher Working Group)က ပြောသည်။ (KIC 290710)
- ၂၀၁၀ ရွေးကောက်ပွဲတွင် ကရင်နီပြည်နယ်အား ကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်ရန် ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) မှ ပြင်ဆင်ထားခဲ့သော်လည်း နိုင်ငံရေးပါတီ ထူထောင်ခြင်း မဖြစ်တော့ကြောင်း လွိုင်ကော်မြို့မှ ကလလတနှင့် နီးစပ်သူ တဦးက ပြောသည်။ (KT 290710)
- ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဒါးလက်အနောက်ရွာ၊ သမိုင်းဝင် မြသိန်းတန် ဘုရားကြီး ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဖြစ်တော်မူသော ဆရာ တော်ကြီး ဘဒ္ဒန္တ အကုံရ (သာသနဓဇဓမ္မာစရိယ၊ မဟာသဒ္ဓမ္မ ဇောတိကဓဇ) သည် ဇူလိုင်လ ၂၉ ရက်နေ့ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ဘဝနတ်ထံ ပျံလွန်တော် မူသွားသည်။ (Narinjara 290710)
- ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် နစက တပ်ကြပ်ကြီး တဦးကို အမည်မသိသူ တဦးက သေနတ်ဖြင့် ပစ်ခတ်သွားသဖြင့် ဇူလိုင်လ ၂၇ ရက်နေ့က ပွဲချင်းပီး သေဆုံးသွားကြောင်းဒေသခံတစ်ဦးကပြောသည်။ (Narinjara 290710)

## ဇူလိုင်လ (၃၀) ရက်

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) က အစိုးရဝန်ထမ်းများကို ပါတီဝင်ပြုလုပ်၍မရသောကြောင့် ဝန်ထမ်းမိသားစုများထဲမှ အသက် (၁၈) နှစ် ပြည့်ပြီးသည့်သူများကို ကြိုတင်မဲကောက်ခံရန်အတွက် ပါတီဝင်အဖြစ် စည်းရုံးထားပြီးဖြစ်ကြောင်း ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် USDP စည်းရုံးရေးမှူးများကပြောသည်။ (NEJ 300710)
- ဦးခွန်ထူးလူ ဦးဆောင်သည့် 'ဝ' ဒီမိုကရက်တစ်ပါတီနှင့် ဦးစောဖီးလစ်ဦးဆောင်သည့် 'ဝ' အမျိုးသားစည်းလုံးညီညွတ်ရေးပါတီတို့သည့် 'ဝ' လူမျိုးအား ကိုယ်စားပြုထားသော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအရ ဝကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းထဲ

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



ပါဝင်မည့် မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ ပန်ဆန်းမြို့နယ်တို့တွင် အခြားနိုင်ငံရေးပါတီများလည်း သွားရောက်မဲဆွယ်စည်းရုံးခြင်း မရှိသကဲ့သို့ မဲဆန္ဒနယ်မြေအဖြစ် သတ်မှတ်ရန်လည်းမရှိကြောင်း 'ဝ' တပ်ဖွဲ့နှင့်နီးစပ်သူတစ်ဦးကပြောသည်။ (NEJ 300710)

- ရွှေတိဂုံစေတီ အရှေ့ဘက် စောင်းတန်းအနီးရှိ ညောင်တုန်း ပိဋကတ်တိုက်၊ ဒေါ်လှဆင်ပိဋကတ်တိုက်၊ ရွှေဟသာ်ပိဋကတ်တိုက်တို့မှ သံဃာတော်များကို ရွှေတိဂုံဘုရားဂေါပကအဖွဲ့က နင်ထုတ်ကာ တိုက်များကို ချိတ်ပိတ်လိုက်ပြီးသည့်နောက်ပိုင်းတွင် လွန်ခဲ့သည့် ၂၀၀၇ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ရွှေဝါရောင်သံဃာ့အရေးအခင်းမျိုး ဖြစ်ပေါ်လာမည်ကို စိုးရိမ်၍ ရွှေတိဂုံစေတီတော် အနီးတဝိုက်တွင် လုံခြုံရေးများ ချထားကြောင်း ရန်ကုန်မြို့ခံမျက်မြင်များက ပြောသည်။ (NEJ 300710)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP သည် မွန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသနေပြည်သူများကို CDMA 450 MHz ဖုန်းများ ရောင်းချပေး၍ စည်းရုံးရေးဆင်းနေသောကြောင့် USDP အဖွဲ့ဝင်အဖြစ် ဝင်ရောက်သူများ ပြားနေသည်ဟု မွန်ပြည်နယ် ချောင်းဆုံ (ဘီလူးကျွန်း) မြို့နယ်မှ ပညာရေးဝန်ထမ်းတစ်ဦးကပြောသည်။ (NEJ 300710)
- မန္တလေးမြို့တွင် ၃ လနှင့် အပြီး တည်ဆောက်မည့် မန္တလေး ကုန်သွယ်ရေး ဗဟိုစီမံကိန်း (MMC) တည်ရှိရာသို့ အာဏာပိုင်များက ပြောင်းရွှေ့ခိုင်းမည်ကို ဒေသခံပွဲရုံလုပ်ငန်းရှင်များ စိုးရိမ်နေကြသည်ဟု မန္တလေးမြို့ ကျွဲဆည်ကန်မှ ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ (Irrawaddy 300710)
- စစ်အစိုးရ အဖွဲ့တွင် လက်ရှိ တာဝန် ထမ်းဆောင် နေဆဲ ဗိုလ်ချုပ်ဟောင်း ဝန်ကြီးများသည် ရန်ကုန်တိုင်း အပါအဝင် နယ်မြို့တွင် လာမည့်ရွေးကောက်ပွဲအတွက် USDP ပါတီမှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံသွားမည် ဖြစ်ကြောင်းနှင့် အမတ်များဝင်ပြိုင်မည့် မြို့နယ်များအားလုံး သတ်မှတ်ပြီးစီးသွားပြီဖြစ်ကြောင်း ရန်ကုန်တိုင်း USDP စည်းရုံးရေးမှူးတစ်ဦးကပြောသည်။ (Irrawaddy 300710)
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) ကို ဖွဲ့စည်းထူထောင်ခဲ့ခြင်းသည် "သမိုင်းရေး ပကတိ လိုအပ်ချက်အရ" ဖြစ်သည်ဟု ၂၀၁၀ ခုနှစ် မေလတွင် ပါတီတွင်း ထုတ်ဝေခဲ့သည့် USDP ၏ ဖွဲ့စည်းပုံစည်းမျဉ်း စာအုပ်တွင် မူဝါဒများ အသေးစိတ်ဖော်ပြထားသည်။ (Irrawaddy 300710)
- စစ်အစိုးရသည် ကာကွယ်ရေးဝန်ကြီး ဌာနအတွက် တနှစ်လျှင် ၆ ထရီလီယံ ကျပ်ခန့် အသုံးပြုနေကြောင်း စစ်အစိုးရ၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် စာရင်း ဇယားများတွင် ဖော်ပြထားသည်။ (Irrawaddy 300710)
- "မဲပေးမယ်ဆို 'ဆန်စိ' သျှမ်းစကားအရ 'ခြသေ့်' ကို ပေးဖို့ မမေ့နဲ့" ဟု ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) ခေါင်းဆောင်ဝန်ကြီး ချုပ်ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်က ရှမ်းပြည်နယ်သို့ သွားရောက်စဉ် ပြောကြားခဲ့ကြောင်း ဒေသခံများကပြောသည်။ (Irrawaddy 300710)
- ရန်ကုန်နှင့် မန္တလေး အပါအဝင် မြို့ကြီးများတွင် ငါးသိန်းတန် CDMA 800 MHZ မိုဘိုင်းဖုန်း အလုံးရေ သိန်းနှင့်ချီ၍ ထပ်မံချထားပေးမည်ဖြစ်ကြောင်း Central Marketing ကုမ္ပဏီနှင့်နီးစပ်သူတဦးကပြောသည်။ (Irrawaddy 300710)
- ထောင်တွင်း အနှစ် ၂၀ နီးပါး နေခဲ့ရသော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ ရုံးအဖွဲ့တာဝန်ထမ်းဆောင်ခဲ့သူ ဦးဝင်းထိန်က အားမလျှော့ဘဲ နိုင်ငံရေးလုပ်ငန်းများ ဆက်လုပ်ဦးမည်ဟု ပြောသည်။ (Mizzima 300710)
- ကချင်ပြည်နယ်သို့ မြို့နယ်ကော်မတီဖွဲ့ရန် စည်းရုံးရေးဆင်းသည့် သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP ခေါ် ကျားဖြူပါတီကို 'တရားမဝင် လက်နက်ကိုင် တပ်ဖွဲ့ နောက်ခံရှိပါတီ'ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP မှ ဝေဖန်ပုတ်ခတ်သည့်အပေါ်မဟုတ်မှန်ကြောင်း ဉက္ကဋ္ဌစိုင်းအိုက်ပေါင်း ကတုန့် ပြန်ပြောဆိုလိုက်သည်။ (S.H.A.N 300710)
- သျှမ်းပြည်တောင်ပိုင်း ကွန်ဟိန်းမြို့နယ်ရှိကျေးလက်လူထုအားဆင့်ခေါ်၍ ကြက်ဆူပင်များအမြစ်ပါမကျန်ခုတ်ထွင်ရှင်းလင်းပြီး လက်ဖက်ပင်နှင့်ကျွန်းပင်များ အစားထိုးစိုက်ပျိုးခိုင်းကြောင်း ကာလိရွာသားတစ်ဦးက ပြောသည်။ (S.H.A.N 300710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ယခုနှစ်ကျင်းပမည့် ရွေးကောက်ပွဲမှ ပေါ်ထွက်လာမည့် အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် နယ်မြေများမှ ပြည်သူများအား ကိုယ်စားမပြုနိုင်ဟု တရုတ်နယ်စပ်မှ စစ်ရေးနိုင်ငံရေး အကဲခတ်ဦးအောင်ကျော်ဇောကပြောသည်။ (S.H.A.N 300710)
- ပွင့်လင်းထင်သာမှုမရှိသည့် မြန်မာနှင့်မြောက်ကိုရီးယားနိုင်ငံ၏ ဆက်ဆံရေးကြောင့် အမေရိကန်ပြည်ထောင်စုက စိုးရိမ်မကင်းဖြစ်မိကြောင်းနှင့် အမြဲတမ်းစောင့်ကြည့်လေ့လာနေကြောင်း အမေရိကန်အစိုးရက ထပ်လောင်းပြောကြား လိုက်သည်။ (VOA/ RFA 300710)
- မြန်မာစစ်အစိုးရ၏ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်တွေအပေါ် ကျူးလွန်သည့်ရာဇဝတ်ပြစ်မှုများကို စုံစမ်းဖော် ထုတ်ရန် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ် ဖွဲ့စည်းရေးကိစ္စကို သမ္မတအိုဘားမားအစိုးရက ထောက်ခံ ပေးရန် အမေရိကန်အထက်လွှတ်တော်အမတ် ၃၂ ဦးက နိုင်ငံခြားရေးဝန်ကြီး Hillary Clinton ကို စာရေးသားပေးပို့ တောင်းဆိုလိုက်သည်။ (VOA 300710)
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) သည် မွန်ပါတီ (မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ) နည်းတူ မွန်ပြည်နယ်အတွင်း စည်းရုံးရေးလုပ်ငန်းများ လိုက်လံလုပ်ဆောင်နေသည်။ (IMNA 300710)
- မွန်ပြည်နယ်အတွင်း မုဒုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်ဘက်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ချပေးနေသော CDMA -450 MHz ဖုန်းကို ဒေသခံများ အသုံးများလာကြသည်။ (IMNA 300710)
- မြန်မာနယ်စပ် ဘုရားသုံးဆူဒေသတွင် အခြေချသည့် ရှေ့တန်းတပ်ရင်း ခလရ (၃၂) မှ တပ်သား (၄) ဦး လွန်ခဲ့သည့် (၂) ရက်က ဘန်တောင်ယန်ဒုက္ခသည်စခန်းအတွင်း ဝင်ရောက်လေ့လာသွားကြောင်း စခန်းတာဝန်ရှိသူများနှင့်နီးစပ် သူများက ပြောသည်။ (IMNA 300710)
- တနင်္သာရီတိုင်းရေဖြူမြို့နယ်၌ကျေးရွာပြည်သူ့စစ်မလုပ်လိုကြသည့်ပေါက်ပင်ကွင်းကျေးရွာသား(၄၀၀)နီးပါး ထိုင်းနိုင်ငံ ဘက်ကိုထွက်ပြေးတိမ်းရှောင်လာခဲ့သည်ဟု ဒေသခံရွာသားများကပြောသည်။ (Kaowao 300710)
- ချင်းပြည်နယ်ဟားခါးမြို့နယ် စည်ပင်သာယာရေးဌာနက မြို့ပေါ်နေပြည်သူများသောက် သုံးရေရရှိရေးဆိုသည့်အ ကြောင်းပြချက်ဖြင့် နှစ်စဉ်ကောက်ခံလျက်ရှိသည့် အခွန်များကို တိုးမြှင့်ကောက်ခံနေသည်ဟု ဟားခါးမြို့ခံများက ပြောသည်။ (Khonumthung 300710)
- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်အတွင်းရှိ ကွဲလယ့်ထုကျေးရွာမှ လူထု(၄၂)ဦးသည် ထိုင်း-မြန်မာနယ်စပ် ထိုင်း နိုင်ငံ၊ တာ့ခ်ခရိုင်၊ ဖုတ်ဖရုမြို့နယ်အတွင်းသို့ ဝင်ရောက်ခိုလှုံရန် နေ့က ရေလမ်းခရီးဖြင့်သုမွဲချောင်း အတိုင်းဆင်း လာစဉ် စက်လှေမှောက်ခဲ့သဖြင့် ကလေးငယ်သုံးဦး သေဆုံးသွားသည်ဟု မော်လီချိုင်းကျေးရွာမှ အမျိုးသမီးတဦးက ပြောသည်။ (KIC 300710)
- ဘင်္ဂလာဒေ့ရှ်ရှိ မြန်မာနိုင်ငံမှ မူဆလင် ဒုက္ခသည်များနေထိုင်သော ဒုက္ခသည် စခန်း ၂ ခုနှစ်တွင် ၁၉ နှစ်တာ ကာလ အတွင်း ကလေးပေါင်း ၅၁၀၀၀ မွေးဖွားခဲ့ကြောင်း ကော့ဘဇားခရိုင်ထုတ် ဘင်္ဂလီ သတင်းစာ The Samudrabarbata က ဇူလိုင်လ ၃၀ နေ့တွင် ရေးသားဖော်ပြသည်။ (Narinjara 300710)
- ကရင်နီပြည်နယ် တစ်ပြည်လုံး ကိုယ်စားပြုပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လူမျိုးပေါင်းစုံစည်းလုံး ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (ကယားပြည်နယ်)အား ဖွဲ့စည်းထူထောင်ကာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံ ဇူလိုင်လ ၂၇ ရက်နေ့တွင် ပါတီမှတ်ပုံတင်လျှောက်လွှာ တင်သွင်းခဲ့သည်။ (KT 300710)
- ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (KNPLF) အဖွဲ့၏ အနာဂတ်ကို ၂၀၁၀ ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာမည့် အစိုးရသစ်နှင့် အပေးအယူပြုလုပ်ရန် လူငယ်များအနေဖြင့် သဘောတူဆန္ဒရှိထားကြောင်း KNPLF မှ လူငယ်တဦးက ပြောပြသည်။ (KT 300710)
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ဦးညွန့်လွင်၊ ဦးစိုးဝင်းနှင့် ဦးဉာဏ်ဝင်း တို့သည် ပဲခူးတိုင်း အရှေ့ခြမ်းမြို့နယ်များမှ ပါတီစည်းရုံးရေးမှူးများနှင့် ဇူလိုင်လ ၃၀ ရက်နေ့တွင် တွေ့ဆုံခဲ့ရာ ပါတီ၏ လက်ရှိရပ်တည်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးခဲ့ကြသည်။ (DVB 300710)

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ဖွန်လ ၁ ရက်နေ့တွင် ပါတီမှတ်ပုံတင်ခွင့်ရထားပြီးသော ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီသည် ၎င်း၏ ပါတီဝင်များ စုဆောင်းစဉ်ကာလ၌ နိုင်ငံရေးစာပေထုတ်ဝေခွင့်အမှတ် နသ-၀၁၃/ ၂၀၁၀ ဖြင့် ပါတီမိတ်ဆက် လက်ကမ်းစာလွှာများစတင်ဖြန့်ဝေလျက်ရှိပြီး မကြာမီတွင် နိုင်ငံရေးဗဟုသုတ၊ ဒေသန္တရနှင့် သမိုင်းအချက်အလက် များပါရှိသော ပါတီစာစောင်ကို ဆက်လက် ထုတ်ဝေသွားမည်ဟု ပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ကပြောသည်။ **Myanmar Times အတွဲအမှတ် (၂၄၊ အမှတ် ၄၇၇)**
- လာမည့်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် ပါတီအဖွဲ့ဝင်စာရင်းကို နေပြည်တော်ရှိ ရွေးကောက်ပွဲ ကော်မရှင်ရုံးသို့ သွားရောက်တင်ပြလျက်ရှိကြသည်။ **Myanmar Times အတွဲအမှတ် (၂၄၊ အမှတ် ၄၇၇)**

## ဇူလိုင်လ (၃၁) ရက်

- မြန်မာ အာဏာပိုင်များက သီတင်း ၂ ပတ်ခန့် ပိတ်ထားသော ထိုင်း-မြန်မာနယ်စပ် မြဝတီ-မဲဆောက် ချစ်ကြည်ရေး တံတား ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယမန်နေ့က၂ နိုင်ငံ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြသော်လည်း ယင်းနယ် စပ်တံတားမဖွင့်လှစ်နိုင်သေးကြောင်း မြဝတီမြို့ရှိအာဏာပိုင်အသိုင်းအဝိုင်းက ပြောသည်။ (Irrawaddy 310710)
- အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် နစက တပ်ဖွဲ့အတွင်း မတည်ငြိမ်မှုများ ဖြစ်ပေါ် နေမှုနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စစ်ဆေးရန် ဇူလိုင်လ ၃၁ ရက်နေ့တွင် မောင်တောမြို့သို့ ရောက်ရှိလာ ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ပြောသည်။ (Narinjara 310710)
- မိုးဦးလွန်ကာလ ဖြစ်သည့်တိုင်ယခု ထိမိုးကောင်းစွာမရွာသည့်အတွက် စိုက်ပျိုးထားသော သီးနှံပင်များဖြစ်သည့် မြေပဲ၊ ပြောင်းကောက်နှင့် စပါးတို့ရှင်သန်ပဲ ထပ်မံစိုက်ပျိုးသည့်အပင်တို့သည်လည်း မပေါက်နိုင်တော့သည့် အတွက် ကရင်နီပြည်တွင်းရှိ တစ်ချို့ ဒေသများတွင် စားဝတ်နေရေး အခက်အခဲနှင့် ကြုံတွေ့ နေရပါသည်။ (KT 310710)
- ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင်များက ၁၉၉၀ ပြည့်နှစ်တွင် စင်ပြိုင်အစိုးရ တည်ထောင်ရန် ကြိုးပမ်းမှုဖြင့် ထောင်ကျခဲ့ဖူးသည့် အမျိုးသားဒီမိုကရေစီအင်အားစု NDF ခေါင်းဆောင် ဦးခင်မောင်ဆွေ အပါအဝင် ဦးတင်အောင်၊ ဦးသာဆိုင်နှင့် ဦးစိန်လှဦးတို့ကို နေပြည်တော်သို့ ခေါ်ယူ၍ "အစိုးရနှင့် အမျိုးသား ရင်ကြားစေ့ရေးကို ပူးတွဲလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း" ဖော်ပြထားသည့် အသနားခံစာကို တင်ပြရမည်ဟု ပြောဆိုကြောင်းNDF ခေါင်း ဆောင် ဦးခင်မောင်ဆွေက ပြောသည်။ (Irrawaddy 310710)
- မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်ရှိ ဖေမှင်ဆည်မှဆည်ရေများကို အနီးအနားက စစ်တပ်ကိုပေးနေရသဖြင့် တောင် တွင်းကြီးအရှေ့ဘက်ခြမ်းကျေးရွာများရှိ လယ်သမားများအခက်ကြုံနေရသည်။ (DVB 310710)
- မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ ရှင်းရှင်းစားသောက်ဆိုင်တွင် အလုပ်လုပ်နေသည့် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် လူငယ်များအတွက် ဇူလိုင်လ ၂၉ ရက်နေ့က ဧည့်စာရင်းသွားတိုင်ခဲ့ရာ ရပ်ကွက်အာ ဏာပိုင်များက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP အဖွဲ့ဝင်အဖြစ် ဝင်မည်ဆိုပါက ခွင့်ပြုမည်ဟု ပြောကြား ခဲ့ကြောင်း ဆိုင်ရှင်နှင့်နီးစပ်သူတစ်ဦးကပြောသည်။ (RFA 310710)
- ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB က မြန်မာနိုင်ငံ၏ ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ "စစ်အစိုးရ၏ အားနည်းချက်များ" အမည်ရှိ ဆွေးနွေးပွဲတစ်ရပ်ကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီမြို့တော် တွင် ဇူလိုင်လ ၃၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။ (RFA 310710)

---

***End of report: Wednesday, August 4, 2010***

***ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနမှ ထုတ်ဝေဖြန့်ချီသည်။***

***Documentation and Research Department- NDD***

---